# လောကပါလ
# ဥပဒေရေးရာစာစောင်

ISSN 1513-9174

အမှတ်စဉ် (၃၄)၊ ဩဂုတ်လ၊ ၂၀၀၉ ခုနှစ်။



မြန်မာနိုင်ငံရှေ့နေများကောင်စီ

# လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် [၃၄] – ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ

## မြန်မာနိုင်ငံရှေ့နေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)


ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**
မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**
မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – သူရိန်၊ သန်းနိုင်ထွေး
သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့



ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။


ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand
E-mail ; blcsan@ksc.th.com, Website; www.blc-burma.org

လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၄)၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ

စာမျက်နှာ

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ**

- ဖွဲ့စည်းပုံအခြေခံဥပဒေရှု့ဒေါင့်မှ မြန်မာနိုင်ငံကို တောင်အာဖရိကနိုင်ငံနှင့် နှိုင်းယှဉ်လေ့လာကြည့်ခြင်း ၄
- နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွားသင့်ကြောင်း ၈
- ကေအိုင်အိုနှင့် နအဖ ဆွေးနွေးပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရှု့ဒေါင့်မှ သုံးသပ်ခြင်း ၁၂
- နိုင်ငံရေးအရ တောင်းဆိုတင်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံသင့်ကြောင်းမှ အစပြုကာ နအဖထံ တင်ပြတောင်းဆိုချက်များ ရနိုင် မရနိုင်ကို သုံးသပ်ဆွေးနွေးခြင်း ၁၇

**ဥပဒေစိုးမိုးရေး**

- ဒီပဲယင်းပြစ်မှု ကျူးလွန်သူများကို ယခုအချိန်အထိ အရေးမယူနိုင်သေးခြင်းအပေါ် တွေ့ဆုံမေမြန်းခြင်း ၂၂
- ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုထားမှုသည် ဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း ထုတ်ပြန်ချက် ၂၄
- အပြစ်မဲ့ပြည်သူတဦးဖြစ်သည့် ဦးစန်းကျော်ကို ရပ်ကွက်အုပ်ချုပ်ရေး အာဏာပိုင်များမှ ပြင်းထန်စွာရိုက်နှက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက် ၂၆
- တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသည့် ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့၏ ရှေ့နေ လိုက်ပါခွင့် လိုင်စင် ရုပ်သိမ်းလိုက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ် ထုတ်ပြန်ချက် ၂၉
- ဦးကျော်ခိုင်ကို ပြစ်ဒဏ်စီရင်လိုက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက် ၃၁

# မာတိကာ

စာမျက်နှာ

**နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် မြန်မာ့ရေးရာ**

- နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး တင်နိုင်မည့်အလားလာပိုများလာ ၃၄
- စစ်ခေါင်းဆောင်များကို ခုံရုံးတင်ဖို့ အထောက်အထားတွေ ရှိနေပြီ ၃၈
- နအဖစစ်အစိုးရ၏ စစ်ရာဇဝတ်မှု၊ လူမဆန်စွာ ရက်ရက်စက်စက် ကျူးလွန်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် စုံစမ်းရေးကော်မရှင်တစ်ခုဖွဲ့ပြီး စစ်ဆေးပေးရန်လိုကြောင်း ၄၂
- လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကြပ်အတည်းအပေါ် ဆွေးနွေးသုံးသပ်ခြင်း ၅၀
- ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးရုံးတင်သည့် ကိစ္စအပေါ်နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး (ရောမ) ဥပဒေအရ အရေးယူဆောင်ရွက်ရန် ပန်ကြားချက် ၅၈

**မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများရေးရာ**

- ထိုင်းနိုင်ငံရှိ တရားမဝင်နိုင်ငံခြားသား နှစ်သန်းကျော်အား တရားဝင် အလုပ်သမား လက်မှတ်များပြုလုပ်ပေးရေးအပေါ် ဆွေးနွေးသုံးသပ်ခြင်း ၆၀

**စာပဒေသာ**

- ဥပဒေ၊ နိုင်ငံနှင့် အချုပ်အခြာအာဏာတို့၏ ဆက်စပ်မှု ၆၇

**လောကပါလ ဥပဒေရေးရာစာစောင်**

**အမှတ်စဉ် (၃၄)**

**၂၀၀၉ ခုနှစ်၊ –သဂုတ်လ**

## ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

*(အောက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဆောင်းပါးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ရေးသားပြုစုကာ ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ပြီးသော အခြေခံဥပဒေရေးရာဆောင်းပါးများကို ခွင့်ပြုချက်ဖြင့် ပြန်လည် တင်ပြခြင်းဖြစ်သည်။)*

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အနာဂတ်
# ဖွဲ့စည်းပုံအခြေခံဥပဒေရှုဒေါင့်မှ မြန်မာနိုင်ငံကို တောင်အာဖရိကနိုင်ငံနှင့် နှိုင်းယှဉ်လေ့လာကြည့်ခြင်း

*(ဤဆောင်းပါးတွင် နိုင်ငံတကာ ဥပဒေအခြေခံနှင့် တောင်အာဖရိကနိုင်ငံ အတွေ့အကြုံတို့ကို ကိုးကားလျှက် နအဖ၏ ၂၀၀၈ ခုနှစ် နဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပျက်ပြယ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အဘယ်ကြောင့် ဆုံးဖြတ်ချက် ချမှတ်သင့်သည်ကို အောက်ပါအတိုင်းရေးသား တင်ပြသည်။)*

၂၀၀၉ ခုနှစ် ဇူလိုင်လ သုံးရက်လေးရက်နေ့များအတွင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဟာ မြန်မာနိုင်ငံအတွင်းကို သွားရောက်ခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်တဲ့ နအဖ စစ်ဗိုလ်ချုပ်တွေနဲ့ တွေ့ဆုံကာ မြန်မာနိုင်ငံအရေး ကို ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ဆောင်ရွက်မှု ဒုတိယ အကြိမ်ပြုလာပါတယ်။ မြန်မာနိုင်ငံအရေးနဲ့ စပ်လျှဉ်းလို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုယ်တိုင် ဝင်ရောက်ဆောင်ရွက်မှုအပေါ် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုရရှိရေးတို့အတွက် တိုက်ပွဲဝင် နေကြတဲ့ ပြည်သူတွေအနေနဲ့ အကောင်းမြင်သဘောနဲ့ ချည်းကပ်ပြီး ကြိုဆိုရမယ့် အရာဖြစ် ပါတယ်။

ဒါပေမယ့် မစ္စတာ ဘန်ကီမွန်း အနေနဲ့ နိုင်ငံတကာ ဥပဒေအခြေခံတွေ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကနေ ချမှတ်ထားခဲ့ဘူးတဲ့ ဆုံးဖြတ်ချက်အခြေခံတွေကနေ ဆောင်ရွက်နေတာ ဟုတ်ရဲ့လားဆိုတာကို အခြားတဘက်ကနေပြန်ပြီးသုံးသပ်ကြည့်ဖို့ လိုပါလိမ့်မယ်။ အဲသလို ဆောင်ရွက်တာ မဟုတ်ဘူးဆိုရင်တော့ မြန်မာနိုင်ငံအတွင်းနဲ့ ပြင်ပမှာပါ ရောက်ရှိနေကြတဲ့ ပြည်သူတွေ၊ လှုပ်ရှားတက်ကြွကြသူတွေ အားလုံးအနေနဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း ကိုယ်တိုင်ကိုပင်လျှင် ဝိုင်းဝန်းကန့်ကွက်ထောက်ပြကြရပါလိမ့်မယ်။ အကြံဉာဏ်များလည်း ပေးဖို့လိုပါလိမ့်မယ်။

ဒီနေရာမှာ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ ဖြစ်ရပ်မျိုး တောင်အာဖရိကနိုင်ငံမှာ တွေ့ကြုံခဲ့ဘူးပြီးကြောင်းတင်ပြလိုပါတယ်။ တောင်အာဖရိကနိုင်ငံမှာ ထိုစဉ်က အုပ်ချုပ်နေတဲ့ လူဖြူလူမဲခွဲခြားကျင့်သုံးတဲ့ လူဖြူအစိုးရကို အဖိနှိပ်ခံတောင်အာဖရိက ပြည်သူတွေက ဆန့်ကျင်

တိုက်ပွဲဝင်နေခဲ့စဉ်တုန်းက ဖြစ်ပါတယ်။ လူဖြူအစိုးရက Apartheid လို့ခေါ်တဲ့ လူဖြူလူမဲ ခွဲခြား ကျင့်သုံးအုပ်ချုပ်တဲ့စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ကျင့်သုံး အကောင်အထည် ဖေါ်ဖို့ကြိုးပမ်းခဲ့ပါတယ်။ အခုလည်းဘဲ မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့အညီ ကျင့်သုံးအကောင်အထည်ဖေါ်ဖို့ နအဖ ကြိုးပမ်းနေတာနဲ့ ထပ်တူကျလျှက် ရှိတာကို တွေ့ရတယ်။

တောင်အာဖရိကနိုင်ငံမှာ လူဖြူအစိုးရ ကိုယ်စားလှယ်တွေက ရေးဆွဲ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိုစဉ်တုန်းက ကုလသမဂ္ဂကိုယ်တိုင်က ပယ်ချခဲ့တဲ့ ဆုံးဖြတ်ချက် တရပ်ချမှတ်ခဲ့တယ်။ ကုလသမဂ္ဂဆုံးဖြတ်ချက် အမှတ် ၅၅၄ အဖြစ်နဲ့ ၁၉၈၄ သြဂုတ်လ (၁၈) ရက်နေ့မှာ ချမှတ်ခဲ့တာပါဘဲ။ တောင်အာဖရိကနိုင်ငံနဲ့ ပတ်သက်တဲ့ အဲဒီဆုံးဖြတ်ချက်ရဲ့အပုဒ် (၁)က ဒီလို ဖြစ်ပါတယ်။

၁၉၈၃ ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ သည်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ဟု ဆိုသောအရာသည် လည်းကောင်း၊ ကုလသမဂ္ဂပဋိဉာဉ် စာတမ်း၏ အခြေခံမူများနှင့် ဆန့်ကျင်နေသဖြင့် မည်သို့သော အကြောင်းအထောက်အထားနဲ့မျှ တရားဝင်ခိုင်မာမှု မရှိ။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်ကို အတည်ပြုကျင့်သုံးမည်ဆိုလျှင် တောင်အာဖရိက လူဖြူလူမဲ ခွဲခြားကျင့်သုံးခြင်းကြောင့် ဖြစ်ပေါ်နေသော ပေါက်ကွဲဆိုးဝါးသည့် အခြေအနေများကို ပို၍ဆိုးဝါးလာစေလိမ့်မည်ဟု ကြေငြာလိုက်သည်။

တောင်အာဖရိကနိုင်ငံမှာ လူဖြူအစိုးရက ကျင်းပခဲ့တဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနဲ့ သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဆိုတဲ့ အရာတွေအပေါ် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅ နှစ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြင်းထန်တဲ့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ဘူးတယ်ဆိုရင် မြန်မာနိုင်ငံမှာ နအဖကျင်းပခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ သူ့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ အပေါ်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဘာကြောင့် အလားတူ ပြင်းထန်တဲ့ ဆုံးဖြတ်ချက် ထပ်မံ မချမှတ်နိုင်ရမှာလဲ။ မြန်မာပြည်သူလူထုအနေနဲ့ ကုလသမဂ္ဂကိုရော အထွေထွေအတွင်းရေးမှူး ချုပ် ဘန်ကီမွန်းကိုပါမေးခွန်းတွေ ပြင်းပြင်းထန်ထန် ထုတ်ရမယ့် အချိန် ရောက်လာပါပြီ။

လူဖြူလူမဲ ခွဲခြားကျင့်သုံးတဲ့ လူဖြူအစိုးရရဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ သူ့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် စတာတို့နဲ့ ပတ်သက်လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဘာကြောင့် ကန့်ကွက်ပယ်ချခဲ့ရတာပါလဲ။ အကြောင်းပြချက်တွေအဖြစ် လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ် ချက်ထဲမှာ အောက်ပါအတိုင်း ထည့်သွင်းဖေါ်ပြထားပါတယ်။

၁၉၈၃ ခုနှစ် နိုဝင်ဘာလ (၂) ရက်နေ့တွင် တောင်အာဖရိကနိုင်ငံ၌ လူဖြူဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ သက်သက်ကသာရေးဆွဲ အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဟူ၍ အမည် တပ်ထားသောအရာသည် တိုင်းရင်းသားအာဖရိကန်လူများစု၏ အခြေခံအခွင့်အရေးများကို ရုပ်သိမ်းထားသည့်အပြင် ၎င်းတို့၏ အမျိုးသားနိုင်ငံသား အဆင့်ကို လျော့နည်းကျဆင်းစေပေ

လိမ့်မည်။ လူဖြူလူမဲ ခွဲခြားကျင့်သုံးမှုကို ပို၍နက်ရှိုင်းလာစေလိမ့်မည်။ တောင်အာဖရိကနိုင်ငံအား လူဖြူများသာ ကြီးစိုးသည့် နိုင်ငံတခုအဖြစ်သို့ အသွင်ပြောင်းလဲသွားစေလိမ့်မည်ဟု ယုံကြည်သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် အသားအရောင်ရှိသူများနှင့် မူရင်းအာရှသားများဟူ၍ ထည့်သွင်းထားခြင်းမှာ တောင်အာဖရိက အဖိနှိပ်ခံ ပြည်သူများအတွင်း စည်းလုံးညီညွတ်မှုကို ကွဲပြားစေရန်နှင့် အတွင်းပဋိပက္ခများ ဖြစ်လာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု သိရှိသည်။

လူမျိုးခွဲခြားမှုကို ကျင့်သုံးသော လူဖြူအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ဟူ၍ အမည်တပ်ထားသောအရာကို အသုံးပြုခြင်း၏ ရည်ရွယ်ချက်တရပ်မှာ လွတ်လပ်သော အာဖရိကန်နိုင်ငံများကို ဆန့်ကျင်လျှက် ကြမ်းတမ်းစွာပြုမူ ဆောင်ရွက်နိုင်ရေးအတွက် တောင်အာဖရိကနိုင်ငံရှိ အသားအရောင်ရှိသူများနှင့် မူရင်း အာရှသားများအား လူမျိုးခွဲခြားမှုကို ကျင့်သုံးသော လူဖြူအစိုးရ၏ တပ်မတော်တပ်ဖွဲ့များအတွင်းသို့ သွပ်သွင်းရန် ဖြစ်သဖြင့် များစွာစိုးရိမ်မကင်းဘွယ် ဖြစ်ကြောင်း အမှတ်အသားပြုသည်။

အသားအရောင်ရှိသူများနှင့် မူရင်းအာရှ သားများအတွက် လက်ရှိဩဂုတ်လအတွင်း ပရီတိုးရီးယား အစိုးရကစည်းရုံးကျင်းပရန်ရှိသည့် ရွေးကောက်ပွဲဟူသောအရာနှင့် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အကောင်အထည်ဖေါ်ခြင်းသည် အာဖရိကတိုက် တောင်ပိုင်းတခုလုံးနှင့် တောင်အာဖရိကနိုင်ငံအတွင်းတွင် တင်းမာမှုများကို ပိုမိုဆိုးဝါးလာစေလိမ့်မည်သာဖြစ်ကြောင်း ခိုင်မာစွာယုံကြည်သည်။

ယင်းကဲ့သို့သော ဖွဲ့စည်းပုံဆိုင်ရာ လှုပ်ရှားမှုကို ဆန့်ကျင်သည့် တောင်အာဖရိက အဖိနှိပ်ခံပြည်သူများ၏ ထုနှင့်ထည်နှင့် အားကောင်းစွာ စည်းလုံးညီညွတ်သော ခုခံဆန့်ကျင်မှုကို ကြိုဆိုသည်။

အစိုးရများအားလုံးနှင့် အဖွဲ့အစည်းများ အားလုံးအနေဖြင့် ဤဆုံးဖြတ်ချက်နှင့် အညီ အာဖရိက စည်းလုံးညီညွတ်မှု အဖွဲ့အစည်းနှင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့်လည်းကောင်း လက်တွဲလျှက် လူမျိုးမခွဲခြားဘဲ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတည်ဆောက်ရန် ကြိုးပမ်းလှုပ်ရှား ရုန်းကန်လျှက်ရှိကြသောအဖိနှိပ်ခံ တောင်အာဖရိကပြည်သူများအားကူညီရန် တိုက်တွန်းသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဒီဆုံးဖြတ်ချက် အမှတ် ၅၅၄ (၁၉၈၄) ဟာ လူဖြူလူမဲ ခွဲခြားကျင့်သုံး အုပ်ချုပ်ခဲ့တဲ့အစိုးရ ရေးသားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အဓိက အားပြုသုံးသပ်ထားတာ ထင်ရှားလှပါတယ်။ လက်ရှိ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း အနေနဲ့တော့ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ ဘာတခုမှ သုံးသပ်ပြောဆိုသွားတာ မတွေ့ရပါဘူး။ ဒီအပေါ်မှာ ကုလသမဂ္ဂ စကားလုံး အသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင် အထူးစိုးရိမ်မကင်းဘွယ် အခြေအနေ ဖြစ်နေပါတယ်။ မစ္စတာ ဘန်ကီမွန်းအပါအဝင် နိုင်ငံတကာအနေနဲ့ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အဓိကထား မသုံးသပ်ဘဲ နအဖရဲ့ မဟာဗျူဟာဖြစ်တဲ့ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲ အပေါ်မှာသာ အာရုံ

စိုက်ပြီး လွတ်လပ်ဖို့၊ တရားမျှတဖို့၊ အားလုံးပါဝင် ပတ်သက်ခွင့်ရစေဖို့ စတဲ့စကားလုံးတွေကို ရွတ်ဆိုနေကြမယ် ဆိုရင်တော့ နအဖဆင်ထားတဲ့ ထောင်ချောက် ထဲကိုကျရောက်သွားပါလိမ့်မယ်။

မစ္စတာ ဘန်ကီမွန်း မြန်မာနိုင်ငံကို သွားရောက်တဲ့ နေ့ရက်တွေနဲ့ တိုက်ဆိုင်စွာ ဘဲ မစ္စတာ ဘန်ကီမွန်းရဲ့ ဇာတိတိုင်းပြည်ဖြစ်တဲ့ တောင်ကိုရီးယားနိုင်ငံမှာ အခိက အဖွဲ့အစည်းကြီး တခုဖြစ်တဲ့တောင်ကိုရီးယား ရှေ့နေအသင်းကြီးက ဦးစီးပြီး တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ သြစတေးလျား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ မလေးရှား၊ စင်္ကာပူ၊ နီပေါ၊ ဖီဂျီအစရှိတဲ့ အာရှဝိုက်မှာရှိတဲ့ သက်ဆိုင်ရာနိုင်ငံတွေက ရှေ့နေအသင်းကြီးတွေရဲ့ ဦးဆောင်ရှေ့နေကြီးတွေ၊ ကမ္ဘာ့ရှေ့နေအသင်းချုပ်နဲ့ Lawasia တို့က ဥက္ကဋ္ဌ အထွေထွေ အတွင်းရေးမှူးချုပ် စသူတွေ အပါအဝင် ဥပဒေပညာရှင်ပေါင်း တရာကျော်တက်ရောက်တဲ့ Pola Conference လို့ခေါ်တဲ့ အစည်းအဝေးကြီးကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ကျင်းပနေတဲ့အချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စား မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌနဲ့ အထွေထွေ အတွင်းရေးမှူးတို့လည်းတက်ရောက်ဆွေးနွေးခဲ့ပါတယ်။

နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေစိုးမိုးရေးအခြေခံကို အပြီးအပိုင်ငြင်းဆိုထားပြီး၊ စစ်အာဏာရှင်စနစ်ကို အသက်သွင်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသာဖြစ်တယ်ဆိုတဲ့ အချက်ကို တိတိကျကျ ထောက်ပြဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲဒါအပြင် တောင်ကိုရီးယားနိုင်ငံသားဖြစ်တဲ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းဟာ မြန်မာနိုင်ငံကိုသွားရောက်နေကြောင်း၊ သူ့အနေနဲ့ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုအသေအချာ မလေ့လာရသေးဘူးဟု ယူဆပါကြောင်း၊ တောင်ကိုရီးယား ရှေ့နေအသင်းကြီးအနေနဲ့ မစ္စတာ ဘန်ကီမွန်း သိရှိအောင် အကြံပေးစေလိုကြောင်း မြန်မာနိုင်ငံရှေ့နေများကောင်စီက တင်ပြခဲ့ပါတယ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီနည်းတူ ပြည်တွင်းပြည်ပမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ အရေးအတွက် လှုပ်ရှားတက်ကြွသူတွေ၊ အဖိနှိပ်ခံပြည်သူတွေ အားလုံးဝိုင်းဝန်းတင်ပြကြမယ်၊ တခဲနက် စည်းလုံးညီညွတ်စွာ ဆန့်ကျင်တိုက်ပွဲဝင်ကြမယ် ဆိုရင်တော့ တောင်အာဖရိက နိုင်ငံမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချခဲ့သလိုမျိုး မြန်မာနိုင်ငံအတွက်လည်း ချမှတ်လာနိုင်ဘွယ်ရှိကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

## နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွား သင့်ကြောင်း

(ဤဆောင်းပါးသည် တောင်အာဖရိကနိုင်ငံ၌ လူမျိုးခွဲခြားဖိနှိပ်သော ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုလှုပ်ရှားမှုများဖြင့်လည်းကောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် လည်းကောင်း ပယ်ရှားခဲ့သကဲ့သို့ မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ်ကို အသက်သွင်းထားသော နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွား သင့်ကြောင်း နှိုင်းယှဉ်တင်ပြထားပါသည်။)

၂၀၀၈ ခုနှစ်မှာ နအဖက သူ့ရဲ့နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတင်းအကြပ် အတည်ပြုလိုက်တာ အားလုံးအသိပါ။ ဒီအခါမှာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ဖျက်သိမ်းလို့ မရနိုင်တော့ဘူး၊ ဒီလမ်းကြောင်းအတိုင်းဘဲ သွားရတော့မယ်၊ အခြားနည်း မရှိတော့ဘူးဆိုပြီး နအဖနဲ့ အကျိုးစီးပွားမျှဝေ ခံစားနေကြသူတွေက လေသံတွေပစ်လာကြတယ်။ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး လှုပ်ရှားမှုကြီးပြီးဆုံးသွားပြီ လိုလို ပြောသံတွေ သဲ့သဲ့ကြားလာရတယ်။ တကယ်တော့ ဒါဟာ တက်တက်စင်လွဲနေတဲ့ အပြောအဆိုတွေ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွေဟာ တည်တန့်ခိုင်မြဲခြင်းမရှိဘဲ ပျက်သုဉ်းချုပ်ငြိမ်းသွားလေ့ရှိတာကို မြန်မာနိုင်ငံရဲ့ သမိုင်းဖြစ်ရပ်တွေမှာ တွေ့နိုင်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ ကောင်းလွန်းတဲ့အတွက် ကမ္ဘာတည်သရွေ့ တည်မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်တယ်ဆိုပြီး ၁၉၅၈ ခုနှစ် တပ်မတော်ညီလာခံမှာ ကြွေးကြော်ခဲ့ဘူးပါတယ်။ နောက်ထပ် လေးနှစ်အကြာ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းလိုက်တဲ့အခါမှာတော့ စစ်အာဏာရှင်တွေဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို စက္ကူစုတ်တခုလို လွှင့်ပစ်လိုက်ခဲ့ကြပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုတော့ ၁၉၈၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ လူထုအုံကြွမှုကြီးကနေ ရုပ်သိမ်းဖယ်ရှားပစ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ဒီကြမ္မာကနေ လွတ်နိုင်မှာ မဟုတ်ပါဘူး။ စစ်အာဏာရှင်တွေဟာ သူတို့အကျိုးစီးပွားနဲ့ မကိုက်ညီတော့ဘူးဆိုရင် သူတို့ ရေးထားတဲ့ ဖွဲ့စည်းပုံပင်ဖြစ်စေဦးတော့ ဖယ်ရှားပစ်ဦးမှာ မုချပါ။ ဒါမှမဟုတ် ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ် တည်မြဲကြီးထွားရေးအတွက် အဓိက ဒေါက်တိုင်ကြီးသာ ဖြစ်တယ် ဆိုတာကို လူထုအများစုကြီးက သဘောပေါက်လာကြရင် လူထုအုံကြွတိုက်ပွဲဝင်မှုကြီး ထပ်မံဖြစ်ပေါ်လာပြီး နောက်ထပ်တကြိမ် သည် ဖွဲ့စည်းပုံကို ဖယ်ရှားပစ်ဦးမှာ မုချဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံမှာလည်း အလားတူဖြစ်ရပ်မျိုးဖြစ်ခဲ့ဘူးပါတယ်။ လူဖြူအစိုးရက အတင်းအကြပ်အတည်ပြုခဲ့တဲ့ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်တွင်းအဖိနှိပ်ခံလူထုတွေကရော နိုင်ငံတကာကပါ ဝိုင်းဝန်း ဖယ်ရှားခဲ့ပါတယ်။

၁၉၇၈ ခုနှစ်တန်းက တောင်အာဖရိကနိုင်ငံမှာ ပီဒဗလျူ ဘိုသာ အာဏာရလာတဲ့ အခါမှာ သူ့အရင် ဗွန်ဘိုစတာ အစိုးရလက်ထက်တုန်းက ထီရွန် ကော်မရှင်ကနေ အဆိုပြုခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြုပြင်ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပါတယ်။ ဒီ အတွက် ဝန်ကြီးချုပ် ဘိုသာက ပါလီမန်ဆိုင်ရာ ရွေးချယ်ရေးကော်မတီကို တာဝန်ပေးခဲ့တယ်။ အဲဒီ ကော်မတီကနေ သုံးလွှာနဲ့ ဖွဲ့စည်းမယ့် ပါလီမန်လွှတ်တော် တည်ဆောက်ဖို့ အကြံပြု ခဲ့တယ်။ သုံးလွှာ လွှတ်တော်ပေါ်မှာ အခြေပြုတည်ဆောက်ထားတဲ့ ၁၉၈၃ ခုနှစ် တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ကြောရိုးဟာ အခု နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ကြောရိုးနဲ့ အတော်တူနေတာကို တွေ့ရပါတယ်။

ပထမဆုံးတူတဲ့ အချက်ကတော့ ပါလီမန်ဒီမိုကရေစီစနစ်ရဲ့ အခြေခံဖြစ်တဲ့ ဝန်ကြီးချုပ် စနစ်ကို မကျင့်သုံးတော့ဘဲ သမတစနစ်ကို ပြောင်းလဲကျင့်သုံးဖို့ ကြိုးစားခဲ့တဲ့အချက်ပါ။ ကွာခြား ချက်က ဘာလဲဆိုတော့ ပါလီမန် ဒီမိုကရေစီစနစ်မှာ ဝန်ကြီးချုပ်ဟာ ပါလီမန်ရဲ့ အစိပ်အပိုင်း ဖြစ်တဲ့ အတွက် ပါလီမန်လွှတ်တော်ကနေ ဝန်ကြီးချုပ်ကို ကြီးကြပ်လို့ ရပါတယ်။ ဘယ်သူ့ရဲ့ ကြီး–ကပ်မကြိုက်မှ မလိုခြင်ဘဲ နိုင်ငံရေးအာဏာကို ထိပ်ဆုံးကနေ ကိုင်ထားခြင်တဲ့ အာဏာရှင် တွေဟာ သမတစနစ်ကို ဖေါ်ဆောင်လိုကြပါတယ်။ အာဏာရှင်စနစ်ကို ပုံစံမျိုးစုံနဲ့ ကျင့်သုံးခဲ့တဲ့ တိုင်းပြည် အားလုံးနီးပါးမှာ သမတစနစ်ကို ဖေါ်ဆောင်ခဲ့ကြတာ ကမ္ဘာနဲ့အဝှမ်းဖြစ်ပါတယ်။ သမတစနစ်ကို တစုံတရာအောင်မြင်စွာ ဖေါ်ဆောင်လာနိုင်တဲ့ တိုင်းပြည်တွေဟာ လွတ်လပ် အားကောင်းတဲ့ တရားစီရင်ရေးကနေ တိုင်းပြည်အုပ်ချုပ်တဲ့ သမတအပေါ် ကြီးကြပ်မှုကို ကျင့် သုံးလာနိုင်လို့ ဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တောင်အဖရိကနိုင်ငံမှာ ဖေါ်ဆောင်ဖို့ ကြိုးစားခဲ့တဲ့ သမတစနစ်မှာ လွတ်လပ်အားကောင်းတဲ့ တရားစီရင်ရေးစနစ် မတည်ရှိပါဘူး။ ထိုနည်းတူစွာဘဲ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း လွတ် လပ်အားကောင်းတဲ့ တရားစီရင်ရေးစနစ်ကို ရေးရေးတောင်မှ မတွေ့ရပါဘူး။ ဒီ အခြေအနေ အောက်မှာ ပေါ်လာမယ့် သမတဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ အာဏာရှင်စနစ်ကို ကျင့်သုံးမယ့် သမတသာ ဖြစ်ပါလိမ့်မယ်။

ဒုတိယ တူညီတဲ့ အချက်ကတော့ သမတကို ရွေးချယ်တင်မြှောက်ဖို့ ရွေးချယ်တင်မြှောက် ရေးအဖွဲ့ (Electoral College) ကို ဖွဲ့စည်းစေတဲ့ အချက်ဖြစ်ပါတယ်။ လွတ်လပ်အားကောင်းတဲ့ တရားစီရင်ရေးရဲ့ ကြီးကြပ်မှုအောက်မှာ သမတဦးဆောင်တဲ့ အုပ်ချုပ်မှုစနစ်ကို ကျင့်သုံး အောင်မြင်တဲ့ နိုင်ငံတချို့မှာ သမတကို လူထုက တိုက်ရိုက် ရွေးချယ်တင်မြှောက်ကြလေ့ရှိပါ တယ်။ အမေရိကန်ပြည်ထောင်စုမှာ ရွေးချယ်တင်မြှောက်ရေး အဖွဲ့က ရွေးချယ်ပါတယ်။ ဒါပေမယ့် လူထုက တိုက်ရိုက်ပေးတဲ့ မဲဆန္ဒအရေအတွက်ပေါ်မူတည်ပြီး ကိုယ်စားလှယ်တွေက ရွေးပေးရတာ ဖြစ်တာကြောင့် တိုက်ရိုက်ရွေးချယ်တဲ့ သဘောဘဲ ဖြစ်ပါတယ်။ သမတကို လူထုကနေ တိုက်ရိုက်ရွေးချယ်တာ မဟုတ်ဘဲရွေးချယ်တင်မြှောက်ရေး အဖွဲ့ကနေ ရွေးချယ်တင်မြှောက်တဲ့စနစ် (တနည်းအားဖြင့် ခန့်ထားတဲ့စနစ်) ကို နအဖဟာ တောင်အာ ဖရိကနိုင်ငံရဲ့ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကများ ယူသလားလို့တွက်ဆစရာ ရှိလာပါ တယ်။ ထိုစဉ်က တောင်အာဖရိကနိုင်ငံ သမတရွေးချယ်တင်မြှောက်ရေး အဖွဲ့ကို လွှတ်တော်မှာ အလွှာသုံးလွှာရှိတဲ့အနက် တလွှာခြင်းစီက ကိုယ်စားလှယ် သုံးမျိုးနဲ့ပါဝင်ဖွဲ့စည်းဖို့ ဖွဲ့စည်းပုံ

အခြေခံဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တာပါ။ ပထမ တလွှာကနေ ကိုယ်စားလှယ် ၅၀ ဦး၊ ဒုတိယ တလွှာကနေ ကိုယ်စားလှယ် ၂၅ ဦး၊ တတိယ တလွှာကနေ ကိုယ်စားလှယ် ၁၃ ဦး စီ ပါဝင်ခဲ့တာပါ။

တတိယတူညီတဲ့ အချက်ကတော့ ခွဲခြားကျင့်သုံးပြီး အထူးအခွင့်အရေးပေးခဲ့တဲ့ အပိုင်းပါဘဲ။ ထိုစဉ်က တောင်အာဖရိကလွှတ်တော်မှာ အလွှာသုံးလွှာရှိတဲ့အနက် ပထမအလွှာက လူဖြူတွေကို ကိုယ်စားပြုတယ်။ ဒုတိယအလွှာက အသားအရောင်ရှိသူတွေကို ကိုယ်စားပြုတယ်။ တတိယအလွှာက အင်ဒီးယန်းတွေကို ကိုယ်စားပြုတယ်။ အာဖရိကန်တွေကို လုံးဝခွဲခြားပြီး ငြင်းပယ်ထားတဲ့ လွှတ်တော်ပါ။ ဒီလို ခွဲခြားကျင့်သုံးမှုကို ပါလီမန်ထဲမှာ ဆန့်ကျင်ခဲ့တာ ကတော့ တိုးတက်တဲ့ဖက်ဒရယ်ပါတီ ပါဘဲ။ ဒီ ပါတီကနေ အဓိက ထောက်ပြတဲ့အချက်က အစိုးရအာဏာပိုင်တွေကနေ အာဏာအလွဲသုံးမှုတွေ ပြုကျင့်လာရင် နိုင်ငံသားတဦးခြင်းစီအပေါ် အကာအကွယ်ပေးနိုင်ဖို့ အတွက် Billof Rights လို့ခေါ်တဲ့ အခြေခံအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ ဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံမှာ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့ နောက်ဆုံးအပိုင်းကို ရောက်လာတဲ့အခါမှာတော့ အစိုးရအာဏာပိုင်တွေဟာ အခြေခံအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ဖယ်ထုတ်ထားခဲ့တယ်။ တကယ်လို့သာ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အခြေခံအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ထည့်သွင်းပြဋ္ဌာန်း လိုက်မယ်ဆိုရင် တောင်အာဖရိကနိုင်ငံမှာ တည်ရှိနေတဲ့ ၁၉၇၂ ခုနှစ် ပြည်တွင်းလုံခြုံရေးဆိုင်ရာဥပဒေကို ဖျက်သိမ်းပေးရတော့မှာကြောင့်မို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း နအဖဟာ တောင်အာဖရိကနိုင်ငံမှာ လူဖြူအစိုးရကျင့်သုံးသလို ကျင့်သုံးနေပါတယ်။ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို အကန့်အသတ်ကြီးမားလွန်းစွာနဲ့ ထည့်သွင်းပြဋ္ဌာန်းပါတယ်။ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ မှာ ပါရှိတဲ့ နိုင်ငံတော်လုံခြုံရေး အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင်ဆိုတဲ့ ချွင်းချက် ပြဋ္ဌာန်းချက်ဟာ အကြီးမားဆုံး အကန့်အသတ်ဖြစ်ပါတယ်။ ဒီ ကန့်သတ်ချက်အရဆိုရင် နိုင်ငံတော်လုံခြုံရေး အကျိုးငှာဆိုပြီး ပြဋ္ဌာန်းထားတဲ့ တည်ဆဲ ဖိနှိပ်တဲ့ ဥပဒေတွေအားလုံး ဆက်လက်တည်ရှိနေတော့မှာ မုချမလွဲပါဘဲ။

တောင်အာဖရိကနိုင်ငံမှာ ၁၉၇၂ ခုနှစ် ပြည်တွင်းလုံခြုံရေးဆိုင်ရာ ဥပဒေတည်ရှိခဲ့သလို မြန်မာနိုင်ငံမှာလည်း ၁၉၇၅ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်သည့် ဥပဒေဟာ ယနေ့တိုင် တည်ရှိဆဲ၊ ဒီ ဥပဒေအောက်မှာ ပြည်သူတွေဟာ ပြင်းပြင်းထန်ထန် ဖိနှိပ်၊ ဖမ်းဆီး ချုပ်နှောင်ခံနေရဆဲ ဖြစ်ပါတယ်။ ၁၉၈၃ ခုနှစ် တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူလူထုရဲ့ အခြေခံအခွင့်အရေးတွေကို ဥပက္ခာပြုပြီး နိုင်ငံတော်လုံခြုံရေးဥပဒေကို အကာအကွယ်ပေးခဲ့သလို၊ နအဖရဲ့ အခြေခံဥပဒေဟာလည်း ပြည်သူလူထုရဲ့ အခြေခံအခွင့်အရေးတွေကိုငြင်းပယ်ရုံသာမက နိုင်ငံတော် လုံခြုံရေးဥပဒေ အပါအဝင် မတရားဖိနှိပ်တဲ့ ဥပဒေတွေ ဆက်လက်တည်ရှိစေဖို့ အုပ်မြစ်ချထားတာ ဖြစ်ပါတယ်။ ဒီလို အခြေခံအချက်တွေမှာ လုံးဝပင် တူညီနေတာကို တွေ့ရပါတယ်။

တောင်အာဖရိကနိုင်ငံမှာ ၁၉၈၃ ခုနှစ် အခြေခံဥပဒေပေါ်ပေါက်လာပြီးနောက် အဖိနှိပ်ခံ အာဖရိကန်တွေဟာ ညီညွတ်သော ဒီမိုကရက်တစ်တပ်ဦးဆိုတဲ့ အဖွဲ့အစည်းကို ဖွဲ့စည်းပြီး တနိုင်ငံလုံးအတိုင်းအတာဆောင်တဲ့ လှုပ်ရှားမှုကြီးတွေ ဖော်ဆောင်ခဲ့ကြတယ်။ ကျောင်းတွေမှာ သပိတ်မှောက်တာတွေ၊ အလုပ်ရုံတွေပိတ်ပြီး ဆန့်ကျင်တာတွေ လုပ်ဆောင်ခဲ့ကြတယ်။ အကျိုး ဆက်အနေနဲ့ ၁၉၈၄ ခုနှစ်မှာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ တောင်အာဖရိ ကနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပျက်ပြယ်ကြောင်း အောက်ပါအတိုင်း ကြေငြာခဲ့ပါတယ်။

၁၉၈၃ခုနှစ် နိုဝင်ဘာလ(၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲသည်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်ဟု ဆိုသောအရာသည် လည်း ကောင်း၊ ကုလသမဂ္ဂပဋိညာဉ် စာတမ်း၏ အခြေခံမူများနှင့် ဆန့်ကျင်နေသဖြင့် မည်သို့သော အကြောင်းအထောက်အထားနဲ့မျှ တရားဝင်ခိုင်မာမှု မရှိ။ အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်ကို အတည်ပြုကျင့်သုံးမည်ဆိုလျှင် တောင်အာဖရိက လူဖြူလူမဲ ခွဲခြားကျင့်သုံးခြင်း ကြောင့်ဖြစ်ပေါ်နေသော ပေါက်ကွဲဆိုးဝါးသည့် အခြေအနေများကို ပို၍ဆိုးဝါးလာစေလိမ့်မည် ဟု ကြေငြာလိုက်သည်။ ဒါက တောင်အာဖရိကနိုင်ငံမှာ ဖြစ်ပါတယ်။

နအဖရဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကိုသာ အတည်ပြုကျင့်သုံးမယ်ဆိုရင် စစ်အာဏာ ရှင်စနစ်ကြောင့် ဖြစ်ပေါ်နေတဲ့ပေါက်ကွဲဆိုးဝါးတဲ့ အခြေအနေတွေကို ပိုပြီးဆိုးဝါးလာစေမှာ မုချ ပါဘဲ။ တောင်အာဖရိကနိုင်ငံရဲ့ ၁၉၈၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကမ္ဘာမြေပြင်ပေါ်က နေ ပျောက်ကွယ်သွားပါပြီ။ ၁၉၉၄ ခုနှစ်ကစလို့ ပေါ်ပေါက်လာခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကနေ စတင်ပြီး ယနေ့ဆိုလျှင် တန်းတူညီမျှမှု အခွင့်အလန်းတွေကို ဖော်ဆောင်ပေးထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အောက်မှာ တောင်အာဖရိက နိုင်ငံသားတွေ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတွေ အထိုက်အလျောက် ခံစားနေကြရပါပြီ။ ပြည်သူလူထုကသာ သိရှိနားလည်လာပြီး တိုက်ပွဲဝင်လာကြမယ်ဆိုရင် နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဟာ ကမ္ဘာမြေပြင်ပေါ်ကနေ ပျောက်ကွယ်သွားပါလိမ့်မယ်။ ပြည်သူတွေအနေနဲ့လည်း အနာ ဂါတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တရပ်အောက်မှာ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေ ခံစားလာနိုင်မှာဖြစ်ပါတယ်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

- ဒီမိုကရေစီဆိုတာ ပြစ်မှုကြီးတွေကို အရေးယူဆောင်ရွက်ခြင်းမရှိဘဲ လွတ်ငြိမ်းခွင့်ပေးဖို့မဟုတ်။
- ပြစ်မှု ကျူးလွန်မှုတွေကို အရေးမယူသမျှ ကာလပတ်လုံး လူ့အခွင့်အရေးကို ဘယ်တော့မှ ခံစားနိုင်မှာ မဟုတ်။
- ပြစ်မှုကျူးလွန်သူတွေကို အရေးယူခြင်းမရှိဘဲနဲ့ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဘယ်တော့မှရမှာ မဟုတ်။
- ပြစ်မှုကျူးလွန်သူတွေကို လွတ်ငြိမ်းခွင့်ပေးထားတာဟာ ဥပဒေစိုးမိုးရေးကို ငြင်းပယ်တာဖြစ်တယ်။
  ဥပဒေစိုးမိုးမှု ကင်းမဲ့နေသမျှ ကာလပတ်လုံး ဘယ်တော့မှ တိုးတက်ဖွံ့ဖြိုးမှုရမှာ မဟုတ်။
- နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြစ်မှုကျူးလွန်ခံခဲ့ရသူတွေရှာဖွေနေတဲ့ တရားမျှတမှုကို ဥပက္ခာပြုထားဖို့ မဟုတ်။

တိုင်းရင်းသားပြည်သူတွေအပေါ် ပြစ်မှုကြီးတွေ ကျူးလွန်ခဲ့သူတွေကို လွတ်ငြိမ်းခွင့်ပေးထားတဲ့ နအဖ ရဲ့ ၂၀၀၈ ခုနှစ် နဝဂစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ

- ဒီမိုကရေစီနဲ့ ဆန့်ကျင်တယ်။
- လူ့အခွင့်အရေးနဲ့ အလှမ်းဝေးလှတယ်။
- အမျိုးသားပြန်လည် သင့်မြတ်ရေးကို ငြင်းပယ်တယ်။
- ဥပဒေစိုးမိုးရေး အခြေခံကို အကြွင်းမဲ့ ရုပ်သိမ်းတယ်။
- တိုးတက်ဖွံ့ဖြိုးမှု ဆိတ်သုဉ်းစေတယ်။
- တရားမျှတတဲ့ လူ့အဖွဲ့ အစည်းတည်ဆောက်ရေးကို ထာဝရ မျက်ကွယ်ပြုတယ်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဥပဒေစိုးမိုးရေးနဲ့ တိုးတက်ဖွံ့ဖြိုးမှုတို့ ခံစားရရှိပြီး တရားမျှတတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်နိုင်အောင် ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်တရပ် ပေါ်ပေါက်၊ တည်ရှိ၊ ကျင့်သုံးနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့။

## ကေအိုင်အိုနှင့် နအဖ ဆွေးနွေးပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရှုဒေါင့်မှ သုံးသပ်ခြင်း

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့ ကချင်တော်လှန်ရေးနေ့ အခမ်းအနားကျင်းပခဲ့ပါတယ်။ အဲဒီ အခန်းအနားမှာ မိုးမပြိုဘူး၊ ပြိုခဲ့သော်တိုက်ပွဲဝင်ဖို့ အသင့်ပြင်ဆင်ထားကြရမယ်ဆိုတဲ့ တင်းမာကျယ်လောင်တဲ့ ကြိမ်းဝါးသံကြီးနဲ့ စတင်ခဲ့တဲ့ ကေအိုင်အို ဥက္ကဋ္ဌ ဦးဇောင်းခရားရဲ့ အောက်ပါ မိန့်ခွန်းကို သတိရမိပါသေးတယ်။

နအဖရဲ့ အမျိုးသားညီလာခံကျင်းပတဲ့ အချိန်တုန်းက ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ အနေနဲ့ ကိုယ်စားလှယ် (၅) ဦး စေလွှတ်တက်ရောက်စေခဲ့တယ်။ တချိန်တည်းမှာ ကချင်လူထုဆီက သဘောထားဆန္ဒတွေပါ စုဆောင်းပြီးတော့ အဲဒီကိုယ်စားလှယ်တွေကတဆင့် အမျိုးသားညီလာခံမှာ တင်ပြ ခဲ့တယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာတဲ့အခါကျတော့ မိမိတို့တင်ပြချက်တွေ ပါရှိမလာတာကို တွေ့ရတယ်။ မိမိတို့ တင်ပြချက်တွေကို မှတ်တမ်းတင်ထားပါမယ်ဆိုတဲ့ အကြောင်းပြန်ကြားချက်ကိုသာ ရရှိခဲ့တယ်။ ဒါကြောင့် မိမိတို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘူး။ နိုင်ငံရေးပါတီ ထောင်ပြီးတော့လည်း ရွေးကောက်ပွဲဝင်သွားမှာ မဟုတ်ဘူး။

တဆစ်ချိုးနီးနီးပြောင်းလဲသွားတဲ့ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ရဲ့ ရပ်တည်ချက်၊ နအဖ အတည်ပြုလိုက်တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ကချင်လူထုရဲ့ ဆန္ဒကို ထင်ဟပ်ခြင်း မရှိဘူးလို့ တကမ္ဘာလုံးသိအောင် ထုတ်ဖော်ဝေဖန်ချက်၊ ကေအိုင်အို အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီထောင်ပြီး မဝင်နိုင်ဘူးရယ်လို့ ပြတ်ပြတ်သားသား ထုတ်ဖော်ချက်၊ ဒါတွေကြောင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ ကေအိုင်အိုရဲ့ နိုင်ငံရေး ဂုဏ်သိက္ခာဟာ တမုဟုတ်ချင်း တက်သွားခဲ့တယ်လို့ ပြောနိုင်ပါတယ်။

မွန်ပြည်သစ်ပါတီကနေ စတင်ပြီး ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ အလယ်၊ ဝသပ လို့ခေါ်တဲ့ ဝပြည်သွေးစည်း ညီညွတ်ရေးပါတီ အဆုံး၊ အပစ်အခတ်ရပ်စဲရေး လုပ်ထားခဲ့တဲ့ အဓိကကျတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းကြီးတွေက နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို စိမ်ခေါ်လိုက်တဲ့အခါမှာ နအဖ ဟာ မြောက်မီးခဲ ကိုင်မိသလိုဖြစ်သွားခဲ့ပါတယ်။ ဒီအခါမှာ နအဖရဲ့ စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နဲ့ ဒေသခံစစ်တိုင်းမှူးတွေဟာ အပစ်အခတ်ရပ်စဲရေး အဖွဲ့အစည်းတွေဆီကို ရေထွက်မတတ်သွားလာဝင်ထွက်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ကြဖို့နဲ့ နယ်ခြားစောင့်တပ် ဖွဲ့စည်းကြစေဖို့ တဖက်ကနေ အသဲအသန် လိုက်လံစည်းရုံးကြပါတယ်။ အခြားတဘက်ကလည်း ဗိုလ်ချုပ်ကြီး ရွှေမန်းသာမက ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ကိုယ်တိုင်ပါ တရုတ်ပြည်ကို သွားရောက်ပြီး ကေအိုင်အို၊ ဝသပ စတဲ့ တရုတ်နယ်စပ်အခြေပြု အပစ်အခတ်ရပ်စဲရေး အဖွဲ့တွေကို ဖျောင့်ဖျ နားချပေးဖို့ တရုပ်အစိုးရထံမှာ အသနားခံကြပုံရပါတယ်။

ဒီအချက်က ဘာကို ပြသလဲဆိုတော့ အဓိကကျတဲ့ တိုင်းရင်းသား အပစ်အခတ်ရပ်စဲရေး အဖွဲ့အစည်းကြီးတချို့က လမ်းကြောင်းတခုအပေါ်မှာ စုစည်းပြလိုက်ရုံနဲ့ နအဖရဲ့ ရာဇပလ္လင်ကို တစုံတရာ လှုပ်သွားစေတယ်ဆိုတာ ပါဘဲ။ အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းကြီးတွေ သာမက ဆက်လက်တိုက်ပွဲဝင်နေဆဲဖြစ်တဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းကြီးတွေပါ စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းအပေါ်မှာ ကမ္ဘာသိအောင် ခိုင်ခိုင်မာမာ ရပ်တည်ပြလိုက်ရင် နအဖရဲ့ ရာဇပလ္လင် သိမ့်သိမ့်တုန်သွား စေပါလိမ့်မယ်။ ဒါတင်သာမက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ဒီမိုကရေစီအင်အားစုတွေ အားလုံးဟာလည်း ဖက်ဒရယ် ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တရပ်အပေါ်မှာ သဘောတူညီချက်တွေရယူပြီး စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းကို

ဖေါ်ဆောင်နိုင်မယ်ဆိုရင်တော့ နအဖ စစ်ခေါင်းဆောင်တွေ ရာဇပလ္လင်ပေါ်က ပြုတ်ကျရုံသာမက မြန်မာနိုင်ငံမှာ စစ်အာဏာရှင်စနစ် တစုံလုံးပါ ပြုတ်ပြုတ်ပြုန်းသွားနိုင်ပါတယ်။ ၂၀၀၉ ခုနှစ် ဇူလိုင်လ (၈) ရက်နေ့ တုန်းက ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ ကေအိုင်အိုရဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ နအဖရဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးဝင်း တို့တွေ့ ဆုံဆွေးနွေးခဲ့ကြတယ်၊ ကေအိုင်အိုဘက်ကလည်း တင်ပြချက်တွေ ရှိခဲ့တယ်ရယ်လို ပေါ်ထွက်လာတဲ့ သတင်းဟာ ပြည်ထောင်စု တည်ဆောက်ရေး အခြေခံကနေလေ့လာမယ်ဆိုရင် စိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။ ကေအိုင်အိုက ဘာတွေများတင်ပြခဲ့ သလဲ။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့ ကချင်တော်လှန်ရေးနေ့ အခမ်းအနားကျင်းပခဲ့တဲ့အချိန်တုန်းက ကမ္ဘာသိ ဖေါ်ထုတ်ခဲ့တဲ့ရပ်တည်ချက်ဟာ အရင်အတိုင်းဘဲလား။ ပြောင်းသွားပြီလား။

ဗိုလ်ချုပ် စိုးဝင်း နဲ့ တွေ့ဆုံပြီးနောက် မကြာသေးခင်ရက်ပိုင်းကမှ ထုတ်လွှင့်သွားတဲ့ ရေဒီယို အင်တာဗျူးတခုမှာ ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့မှာ ခေါင်းဆောင်တဦးအဖြစ် ဆွေးနွေးပွဲတက်ရောက်ခဲ့တဲ့ ဒေါက်တာတူးဂျာက သူတို့ရဲ့ တင်ပြချက် သုံးချက်ကို ရှင်းပြသွားခဲ့တယ်။ ပထမ တချက်ကတော့ ကေအိုင်အိုအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဆိုတဲ့ အာဏာသုံးရပ်မှာ တိုက်ရိုက်ပါဝင်ဖို့၊ ဒုတိယ အချက်အနေနဲ့ အုပ်ချုပ်ရေးဌာနတွေမှာ ပူးတွဲ လုပ်ဆောင်ဖို့၊ တတိယ အချက်အနေနဲ့ နယ်ခြားစောင့်တပ်အစား ကချင်ဒေသ လုံခြုံရေး တပ်ဖွဲ့ စည်းခွင့်ပြုဖို့ စတာတွေ ဖြစ်ပါတယ်။

ဗိုလ်ချုပ် ဇော်ဆိုင်း လက်မှတ်ရေးထိုးထားတဲ့ အထူးဒေသ (၂) ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့ရဲ့စာနဲ့ ရေးသားတင်ပြချက်ထဲမှာလည်း နအဖက ဆွဲဆောင်စည်းရုံးနေတဲ့ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးနဲ့ပတ်သက်လို့ ဒီလိုတင်ပြထားတာကို တွေ့ရပါတယ်။

နယ်ခြားစောင့်တပ် (**Border Guard Force**) အဖြစ်မဟုတ်ဘဲ ကချင်ဒေသလုံခြုံ ရေးတပ် (**Kachin Regional Guard Force**) ဟူ၍ အမည်မှည့်ခေါ်ကာ လက်ရှိကေအိုင်အေ၏ တည်ရှိနေသော အနေအထားအတိုင်း ထားရှိသွားရန် ဆန္ဒရှိပါသည်။ ယင်း၏ ဖွဲ့စည်းပုံအဆင့်ဆင့်တွင် ကေအိုင်အေမှ အရာရှိစစ်သည်များ ဖြင့်သာလျှင် ပြင်ဆင်ဖွဲ့စည်းသွားလိုပါသည်။

နအဖရဲ့ အကြပ်ကိုင်မှု၊ ဖိအားပေးမှု၊ သွေးဆောင်ဖျားယောင်းမှုတွေ ကြားထဲကနေ ကေအိုင်အိုအနေနဲ့ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသိအမှတ်ပြုတဲ့ စကားလုံး တလုံးမှ မပြောဆိုတာ၊ နအဖရဲ့ အလိုဆန္ဒဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲဝင်ရေးကို ငြင်းပယ်တာ၊ နအဖ ဖြစ်စေခြင်တဲ့ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးနဲ့ ဆန့်ကျင်ပြီး ကိုယ်လိုခြင်တာကို ရဲရဲဝံ့ဝံ့တောင်းဆိုလာတာ၊ စတာတွေကို တွေ့ရတာကြောင့် ကေအိုင်အိုကို အသိအမှတ်ပြုရမှာ၊ လေးစားရမှာ အသေအချာဖြစ်ပါတယ်။ ဒါက ဘက်တဘက်က ကြည့်တာပါ။

အခြားတဘက်ကနေ ပြန်ကြည့်တဲ့အခါမှာတော့ နအဖ အနေနဲ့ သူ့ရဲ့၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသုံးပြီး တိုင်းပြည်ကို ကြိုက်သလို အုပ်ချုပ်ပါစေ။ ကေအိုင်အိုအနေနဲ့ ဘာမှပြောမှာ မဟုတ်တော့ဘူး။ ကေအိုင်အို ရပ်တည်ရေးအတွက် အဆင်ပြေရုံ

တောင်းဆိုတဲ့ အချက်ကို နအဖက လိုက်လျောရင် ပြီးတာဘဲဆိုတဲ့ အခြေခံကနေ ချည်းကပ်သလိုများ ဖြစ်နေသလား။ ဒါဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ထောက်ပြဖို့ လိုအပ်လာပါလိမ့်မယ်။

အပစ်အခတ် ရပ်စဲရေး လုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကြီးတွေအတော်များများအနက်မှာ ကေအိုင်အိုဟာ ခေါင်းဆောင်ပိုင်းကပါတဲ့ အဖွဲ့အစည်းကြီးတခုဖြစ်ပါတယ်။ ဒါကြောင့် စံပြဖြစ်တဲ့ တောင်းဆိုချက်မျိုးတွေကို တင်သွင်းမယ်ဆိုရင် ကချင်ပြည်နယ်နဲ့ ကချင်လူထုအတွက်သာမက မြန်မာနိုင်ငံတခုလုံး၊ ပြည်ထောင်စု တရပ်လုံးအတွက် ကောင်းမွန်တဲ့ဘက်ကို ဦးတည်ပြီး အပြောင်းအလဲတွေ ဖြစ်သွားနိုင်ပါတယ်။

ပထမ အချက်က ကေအိုင်အိုအနေနဲ့ ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဗဟိုပြုတဲ့ တောင်းဆိုချက်မျိုးကိုသာ တင်သွင်းမယ်ဆိုရင် ပိုပြီးအကျိုးရှိမှာ မုချမလွဲပါ။ ကေအိုင်အိုလိုခြင်တဲ့ အချက်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပြန်လည်ထည့်သွင်း ပြဋ္ဌာန်းပေးဖို့၊ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ပေးဖို့ စတာမျိုးကို ဆိုလိုတာ ဖြစ်ပါတယ်။ ဒီလို တောင်းဆိုချက်မျိုးဖြစ်မှသာ ရေရှည်မှာ ဥပဒေစိုးမိုးရေး အခြေခံကနေ တည်ငြိမ်တဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပေလိမ့်မယ်။

ဒုတိယ အချက်ကတော့ ကေအိုင်အိုရဲ့ တောင်းဆိုချက်ဟာ ကေအိုင်အိုတခုတည်းအတွက် မဖြစ်သင့်ပါဘူး။ အနည်းဆုံးအားဖြင့် ကချင်ပြည်နယ်မှာရှိတဲ့ အခြားကချင်လက်နက်ကိုင် အဖွဲ့အစည်းတွေအားလုံးပါ အကျိုးခံစားခွင့်ရှိမယ့် တောင်းဆိုချက်မျိုးဖြစ်သင့်ပါတယ်။ ကချင် မဟုတ်ပေမယ့် အပစ်အခတ်ရပ်စဲထားတဲ့ အခြားတိုင်းရင်းသားလူမျိုး လက်နက်ကိုင် အဖွဲ့အစည်းတွေပါ အကျိုးရှိမယ့် တောင်းဆိုချက်မျိုးဆိုရင် ပိုကောင်းပါမယ်။ ပြည်ထောင်စု တဝှမ်းလုံးမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အားလုံးအတွက်ပါ အကျိုးရှိနိုင်မယ့် တင်ပြချက်မျိုးတွေ ဖြစ်မယ်ဆိုရင်တော့ အကောင်းဆုံးပါဘဲ။ အခြား အဖွဲ့အစည်းတွေဘာအခွင့်အရေးတွေ ရရင်ရ၊ မရရင်လဲ ကိစ္စမရှိဘူး၊ နအဖက ကေအိုင်အိုကို ဘယ်လောက်အဆင့်အတန်းပေးရင် ကြေနပ်ပြီဆိုတာမျိုးတော့ မဖြစ်သင့်ပါဘူး။ နအဖရဲ့ အမျိုးသားညီလာခံကျင်းပခဲ့စဉ်တုန်းက ကေအိုင်အိုက တင်သွင်းခဲ့တဲ့ အချက် (၁၉) ချက်ပါတဲ့အကြံပြုချက် အနက် တပ်မတော်နဲ့ ပတ်သက်တဲ့အပိုင်းက ဒီလိုပါ။

အပစ်ရပ် အဖွဲ့အစည်းများ တည်ထောင်ထားသည့် လက်နက်ကိုင်တပ်ဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတည် ဖြစ်လာသည့်အချိန်တွင် သက်ဆိုင်ရာပြည်နယ်၏ လုံခြုံရေး တပ်ဖွဲ့များအဖြစ်သို့ အသွင်ပြောင်းလဲစေရမည်။ အဆိုပါတပ်ဖွဲ့များသည် ပြည်ထောင်စု တပ်မတော်၏ အစိပ်အပိုင်းအဖြစ် တည်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင် ရှိရမည်။

(၁) အပစ်ရပ်အဖွဲ့အစည်းတွေ တည်ထောင်ထားတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ ပြည်နယ်များအဖြစ်ကို အသွင်ကူးပြောင်းသွားမယ်။

(၂) အဲဒီ တပ်ဖွဲ့တွေဟာ ပြည်ထောင်စု တပ်မတော်ရဲ့ အစိပ်အပိုင်းအဖြစ် ရပ်တည်သွားမယ်။

(၃) အဲဒီ တပ်ဖွဲ့တွေကို ပြည်နယ်ဝန်ကြီးချုပ်ရဲ့ တိုက်ရိုက် ကွပ်ကဲမှုအောက်မှာ ထားရှိသွားမယ်။

ကေအိုင်အိုရဲ့ အဲဒီတင်ပြချက်တွေဟာ သဘာဝလဲကျ၊ အပစ်ရပ် အဖွဲ့အစည်းတွေအားလုံးကိုလဲ လွှမ်းခြုံ၊ ဖြစ်လဲဖြစ်သင့်တဲ့ အရာတွေပါဘဲ။ ဒါတွေမရခဲ့တဲ့အတွက် လိုအပ်ရင် လက်နက်ကိုင် တိုက်ပွဲဝင်ဖို့ ပြင်ဆင်ထားကြရမယ်ရယ်လို့ ကြုံးဝါးခဲ့ပြီးမှ ရသမျှလေးနဲ့ ဘဲ ကြေနပ်တော့မယ် ဆိုတာမျိုးနဲ့ အဖျားရှူးသွားမယ်ဆိုရင်တော့ ကေအိုင်အိုရဲ့ နိုင်ငံရေး ဂုဏ်သိက္ခာကိုကြီးမားစွာ ထိပါးသွားပါလိမ့်မယ်။ တည်ငြိမ်တဲ့ ပြည်ထောင်စုကြီး တည်ဆောက်ဖို့ အခြေအနေနဲ့လည်း အလှမ်းဝေးသွားနိုင်ပါကြောင်း တင်ပြလိုက်ပါတယ်။

# နအဖ၏ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

## နိုင်ငံရေးအရ တောင်းဆိုတင်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံသင့်—ကာင်းမှ အစပြုကာ နအဖထံ တင်ပြတောင်းဆိုချက်များ ရနိုင်မရနိုင်ကို သုံးသပ်ဆွေးနွေးခြင်း

- ဒီမိုကရေစီဆိုတာ ပြစ်မှုကြီးတွေကို အရေးယူဆောင်ရွက်ခြင်းမရှိဘဲ လွတ်ငြိမ်းခွင့်ပေးဖို့မဟုတ်။
- ပြစ်မှု ကျူးလွန်မှုတွေကို အရေးမယူသမျှ ကာလပတ်လုံး လူ့အခွင့်အရေးကို ဘယ်တော့မှ ခံစားနိုင်မှာ မဟုတ်။
- ပြစ်မှု ကျူးလွန်သူတွေကို အရေးယူခြင်းမရှိဘဲနဲ့ စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး ဘယ်တော့မှ ရမှာမဟုတ်။
- ပြစ်မှုကျူးလွန်သူတွေကို လွတ်ငြိမ်းခွင့်ပေးထားတာဟာ ဥပဒေစိုးမိုးရေးကို ငြင်းပယ်တာဖြစ်တယ်။
  ဥပဒေ စိုးမိုးမှု ကင်းမဲ့နေသမျှ ကာလပတ်လုံး ဘယ်တော့မှ တိုးတက်ဖွံ့ဖြိုးမှုရမှာ မဟုတ်။
- နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြစ်မှုကျူးလွန်ခံခဲ့ရသူတွေရှာဖွေနေတဲ့ တရားမျှတမှုကို ဥပက္ခာပြုထားဖို့ မဟုတ်။

ပြစ်မှုကျူးလွန်သူတွေကို လွတ်ငြိမ်းခွင့်ပေးထားတဲ့ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ

- ဒီမိုကရေစီနဲ့ ဆန့်ကျင်တယ်။
- လူ့အခွင့်အရေးနဲ့ အလှမ်းဝေးလှတယ်။
- အမျိုးသားပြန်လည်သင့်မြတ်ရေးကို ငြင်းပယ်တယ်။
- ဥပဒေစိုးမိုးရေး အခြေခံကို အကြွင်းမဲ့ ရုပ်သိမ်းတယ်။
- တိုးတက်ဖွံ့ ဖြိုးမှု ဆိတ်သုဉ်းစေတယ်။
- တရားမျှတတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ရေးကို ထာဝရ မျက်ကွယ်ပြုတယ်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ဥပဒေစိုးမိုးရေးနဲ့ တိုးတက်ဖွံ့ဖြိုးမှုတို့ ခံစားရရှိပြီး တရားမျှတတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်နိုင်အောင် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ပေါ်ပေါက်၊ တည်ရှိ၊ ကျင့်သုံးနိုင်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့။

ဆောင်းပါး အမှတ် (၈၆) တွင် နိုင်ငံရေးအရ တောင်းဆိုတင်ပြချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အခြေခံသင့်ကြောင်းမှ အစပြုကာ ကေအိုင်အိုက နအဖထံ တင်ပြတောင်း ဆိုချက်များ ရနိုင် မရနိုင်ကို သုံးသပ်ဆွေးနွေးထားပါသည်။

ကေအိုင်အိုက နအဖထံ တင်ပြတောင်းဆိုချက်များအပေါ် သုံးသပ်ခြင်း ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာဟာ ဥပဒေရယ်လို့ နံမည်ခံထားပေမယ့် ဥပဒေသက်သက် မဟုတ်ပါဘူး။ ဥပဒေတဝက် နိုင်ငံရေးတဝက် စာတမ်းဖြစ်တယ်လို့ နိုင်ငံတကာ ပညာရှင်များက လက်ခံထားကြ ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို စဉ်းစားတဲ့အခါမှာ နိုင်ငံရေးကို ချန်လုပ်ထားလို့ မရသလို နိုင်ငံရေးကို ဖေါ်ဆောင်တဲ့အခါမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ဥပက္ခာပြုထားလို့ မရပါဘူး။ ဒီသဘောကို နားလည်မှလည်း ဥပဒေသမားတွေဟာ နိုင်ငံရေးနဲ့ ဆက်စပ်တဲ့ အခြေခံ ကနေ လူ့အဖွဲ့အစည်းရဲ့ ကောင်းကျိုးကိုပြုနိုင်မှာ ဖြစ်သလို နိုင်ငံရေးသမားတွေဟာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေကို မွေးထုတ်၊ အတည်ပြု၊ ကျင့်သုံးပြီး လူထုအကျိုးကို သယ်ပိုးဖေါ် ဆောင်နိုင်မှာ ဖြစ်ပါတယ်။

နအဖဟာလည်း နိုင်ငံရေးအာဏာကို ရယူပြီး ရေရှည်ကျင့်သုံးခွင့်ရအောင် လုပ်ဆောင် နေသူမို့ နိုင်ငံရေးသမားဘဲ ဖြစ်တယ်ရယ်လို့ ပြောရမှာပါ။ ဒါပေမယ့် အာဏာရှင်စနစ်ကို ချမှတ်ကျင့်သုံးနေတာကြောင့် ဖေါက်ပြန်တဲ့ နိုင်ငံရေးသမားသာ ဖြစ်ပါတယ်။ အာဏာရှင် စနစ် ကို ဆန့်ကျင့်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး၊ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး စတာတွေအတွက် ကြိုးပမ်းစွမ်းဆောင်နေကြသူတွေကိုတော့ တော်လှန်တဲ့ နိုင်ငံရေးသမား ဖြစ် တယ်ရယ်လို့ ယေဘုယျ သတ်မှတ်နိုင်ပါတယ်။

နအဖဟာ ဖေါက်ပြန်တဲ့နိုင်ငံရေးသမား ဖြစ်ပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အရေးပါမှု ကိုကောင်းကောင်းကြီး သဘောပေါက်သူဖြစ်ပါတယ်။ သူလိုခြင်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ တရပ်ကို မွေးထုတ်၊ အတည်ပြု၊ ကျင့်သုံးနိုင်မယ်ဆိုရင် သူ့ရဲ့နိုင်ငံရေးအာဏာ ရေရှည်တည်မြဲ ရေးကို ကြီးကြီးမားမား အထောက်အကူ ဖြစ်စေလိမ့်မယ်ဆိုတဲ့အချက်ကို ရှင်းရှင်း လင်းလင်း သိမြင်သူဖြစ်ပါတယ်။ တော်လှန်တဲ့ နိုင်ငံရေးသမားတွေထဲမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ကို အလေးထားပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်ဆောင်ဘို့ စိတ်အားထက်သန်သူတွေ ရှိကြပါ တယ်။ ဒါပေမယ့် အချိုးအစားအရ ပြောရမယ်ဆိုရင် အားရလောက်တဲ့ အနေအထား မရှိသေး ပါဘူး။ ဥပဒေသမားတွေသာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာလုပ်ဆောင်ကြပါလို့ ပြော တတ်တဲ့ နိုင်ငံရေးသမားကြီးတွေကို တွေ့ရသလို ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စတွေကို အခု ပြော နေ၊ လုပ်နေလည်း သိပ်ထူးမှာ မဟုတ်ပါဘူး အာဏာရှင်စနစ်ကို အပြုတ်တိုက်၊ ဒီမိုကရေစီရ ပြီးမှ လုပ်ရင်ပိုကောင်းပါလိမ့်မယ်လို့ ခပ်လွယ်လွယ်ပြောတတ်တဲ့ နိုင်ငံရေးသမားကြီးတွေကို လည်းတွေ့ရဘူးပါတယ်။

ဒီမိုကရေစီရပြီး ဥပဒေစိုးမိုးရေးအခြေခံကို ပြန်လည်တည်ဆောက်ရာမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အသက်တမျှ အရေးပါတယ်ဆိုတာကိုတော့ လက်ခံကြသူများပါတယ်။ ဒါပေမယ့် အာဏာရှင်စနစ်ကို အပြုတ်တိုက်ဖို့ ကြိုးစားနေတဲ့ မျက်မှောက်ကာလအတွင်းမှာပါ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လှုပ်ရှားမှုတွေကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရင် အလွန်အကျိုးရှိမယ် ဆိုတာကိုတော့ လက်ခံသူ နည်းပါးနေပါသေးတယ်။

၂၀၀၉ ခုနှစ် ဇူလိုင်လ (၈) ရက်နေ့တုန်းက ကချင်ပြည် လွတ်မြောက်ရေးအဖွဲ့နဲ့ နအဖရဲ့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးဝင်း တို့ရဲ့ တွေ့ဆုံဆွေးနွေးပွဲကို ဒီ အခြေခံကနေ သုံးသပ်ပြခြင်ပါတယ်။ နှစ်ဖက်တွေ့ဆုံဆွေးနွေး ကြတယ်ဆိုတာဟာ နိုင်ငံရေးပါ။ နအဖကလည်း သူဖြစ်ခြင်တဲ့လမ်းကြောင်းတွေကို ကေအိုင်အိုအနေနဲ့ လိုက်ပါလုပ်ဆောင်ဖို့ စည်းရုံးနားချပါတယ်။ အထူးသဖြင့်တော့ နိုင်ငံရေးပါတီဖွဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့၊ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အဆိုပြုချက်ကို လက်ခံဖို့ စတာတွေပါ။ ကေအိုင်အိုအနေနဲ့ လည်း သူဖြစ်ခြင်တာတွေကို တောင်းဆိုပါတယ်။ အာဏာသုံးရပ်မှာ တိုက်ရိုက်ပါဝင်ဖို့၊ နယ်ခြားစောင့်တပ်အစား၊ ကချင်ဒေသ လုံခြုံရေးတပ် ဖွဲ့စည်းခွင့်ပြုဖို့စတာတွေ ပါဘဲ။

နှစ်ဘက်အပြန်အလှန် ဆွေးနွေးညှိနိုင်းမှု၊ တောင်းဆိုမှုတွေ ရှိတာကြောင့် နှစ်ဘက်စလုံးအနေနဲ့ သူမသာ၊ ကိုယ်မသာအခြေအနေမှာ ရှိနေတယ်လို့ သာမန်အားဖြင့် ထင်မှတ်နိုင်ပါတယ်။ ဒါပေမယ့် ဒီဆွေးနွေးပွဲမှာ နအဖကဘဲ နိုင်ငံရေးအရ အကြီးအကျယ် အမြတ်ရသွားပါတယ်။ ကေအိုင်အိုအနေနဲ့တော့ နောက်ကို ခြေလှမ်းအတော်များများ ဆုတ်လိုက်ရတယ်လို့ သုံးသပ်မိပါတယ်။

ပထမ အချက်အနေနဲ့ နအဖမှာ သူတည်ဆောက်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလမ်းကြောင်း ရှိနေပါတယ်။ ဒါပေမယ့် ကေအိုင်အိုမှာတော့ တဖွဲ့တည်းအနေနဲ့ဖြစ်စေ၊ အခြားတိုင်းရင်းသား အဖွဲ့အစည်း၊ ဒီမိုကရေစီ အင်အားစု စတာတွေနဲ့ ပေါင်းစည်းပြီးတော့ ဖြစ်စေ၊ လုပ်ဆောင်နေတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေလမ်းကြောင်း ထင်ထင် ရှားရှား မရှိသေးပါဘူး။

ဒုတိယက ကေအိုင်အိုအနေနဲ့ သူလိုခြင်တာတွေကို နအဖရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာထည့်သွင်း ပြဋ္ဌာန်းပေးပါလို့ မတောင်းဆိုခဲ့ပါဘူး။ တနည်းအားဖြင့် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ကျင့်သုံးသွားဖို့ ကြိုးပမ်းတာမျိုး မဟုတ်ဘူးလို့ပြောနိုင်ပါတယ်။ နတ်ကတိလောက်ရဖို့ တောင်းဆိုတာမျိုး ဖြစ်ပါတယ်။ ဒီလောက်ကတော့ ကတိမှန်သမျှ လွယ်လင့်တကူ ချိုးဖေါက်တတ်တဲ့ နအဖ အကြိုက်ဖြစ်တယ်လို့ ပြောရပါလိမ့်မယ်။

ဗိုလ်ချုပ် ဇော်ဆိုင်း လက်မှတ်ရေးထိုးထားတဲ့ အထူးဒေသ (၂) ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့ရဲ့စာနဲ့ ရေးသားတင်ပြချက်ထဲမှာ –

> ၂၀၁၀ ပါတီစုံအထွေထွေ ရွေးကောက်ပွဲဖြင့် ပေါ်ပေါက်လာသည့် အစိုးရတရပ်လက်သို့ တပ်မတော်အစိုးရမှ အာဏာလွှဲပြောင်းပေးအပ်သည့် အချိန်တွင် မိမိတို့ကေအိုင်အိုမှ တိုက်ရိုက်ပါဝင်နိုင်ရေးကို စီစဉ်ဆောင်ရွက်ထားပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၄၅) ပထမပိုင်းမှာပါတဲ့ အောက်ပါပြဋ္ဌာန်းချက်ကို သုံးပြီးများ ကေအိုင်အိုကို လှည့်ဖျားလိုက်ပြီလားလို့ စဉ်းစားစရာ ရှိလာပါတယ်။

ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည် လို့ပြဋ္ဌာန်းထားတာပါ။

နအဖဟာ အထက်ပါပြဋ္ဌာန်းချက်ကို ထောက်ပြပြီး ကျုပ်တို့နဲ့ ခင်ဗျားတို့ သဘောတူထားတဲ့ အချက်တွေကို နောက်တက်လာမယ့် အစိုးရက တာဝန်ခံပြီး ဆက်လက်ဖေါ်ဆောင်သွားလိမ့်မယ်လို့ အယုံသွင်းကောင်း သွင်းနိုင်ပါတယ်။ ဒီနေရာမှာ ကေအိုင်အိုအနေနဲ့ စဉ်းစားဖို့ လိုပါလိမ့်မယ်။ လက်ရှိ အုပ်ချုပ်နေတဲ့ နအဖရဲ့ ဆောင်ရွက်ချက်တွေကို ၂၀၀၈ ခုနှစ် ဖွဲ့ စည်းပုံအခြေခံ ဥပဒေအရ နောင်တက်လာမယ့် အစိုးရက ဆက်ခံမယ်ဆိုပေမယ့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်တဲ့အပိုင်းကိုသာ ဆက်ခံလို့ရပါလိမ့်မယ်။ ဆန့်ကျင်တဲ့ အပိုင်းမှန်သမျှကတော့ အလိုလိုပျက်ပြယ်သွားမှာပါ။ အာဏာသုံးရပ်မှာ ကေအိုင်အိုအနေနဲ့ တိုက်ရိုက်ပါဝင်နိုင်ရေး ဆိုတဲ့အချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ဘာတခုမှ ထည့်သွင်းပြဋ္ဌာန်းထားတာ မရှိတဲ့အတွက် အလိုလိုပျောက်ကွယ်သွားပါလိမ့်မယ်။ ကေအိုင်အိုအနေနဲ့ ဘာတခုမှ ရနိုင်ဘွယ် မရှိပါဘူး။

နအဖနဲ့ ဆွေးနွေးပွဲမှာ ကေအိုင်အိုက ကချင်ဒေသ လုံခြုံရေးတပ် ဖွဲ့စည်းခွင့် ပြုဖို့နဲ့ ဖွဲ့စည်းပုံအဆင့်ဆင့်မှာ ကေအိုင်အေမှ အရာရှိစစ်သည်များဖြင့်သာလျှင် ပြင်ဆင်ဖွဲ့စည်းသွားစေဖို့ တင်ပြတယ်လို့ သိရပါတယ်။ ဒီအချက်ကိုတော့ နအဖ အနေနဲ့ လိုက်လျှောကောင်း လိုက်လျှောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နအဖက ဖွဲ့စည်းပေးဖို့ရည်စူးထားတဲ့ နယ်ခြားစောင့်တပ်ကို ကေအိုင်အိုက အဆိုပြုတဲ့အတိုင်း ကချင်ဒေသ လုံခြုံရေးတပ်အနေနဲ့ နံမည်ပြောင်းပြီး ဖွဲ့စည်း ရပ်တည်ခွင့်ပေးဖို့ဆိုတာဟာ ခဲယဉ်းတဲ့ အလုပ်မဟုတ်ပါဘူး။ ဒါဟာ ပုံသဏ္ဌာန် ပြဿနာသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအဆင့်ဆင့်မှာ ကေအိုင်အေမှ အရာရှိ စစ်သည်များဖြင့်သာလျှင် ပြင်ဆင်ဖွဲ့စည်းသွားစေဖို့ ဆိုတဲ့အချက်ကိုလည်း လိုက်လျှောနိုင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ နအဖရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၇) ပုဒ်မ (၃၃၈) မှာ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်လို့ဆိုထားပါတယ်။ ကချင်ဒေသ လုံခြုံရေးတပ် နံမည်ကို သုံးခွင့်ရတဲ့အပြင် ကေအိုင်အေက အရာရှိစစ်သည်များဖြင့်သာလျှင် ပြင်ဆင်ဖွဲ့စည်းခွင့် ရသွားစေဦးတော့

(က) အုပ်ချုပ်မှုအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ထဲကို ဝကွက်အပ် လိုက်ရတဲ့ သဘောဖြစ်ပါလိမ့်မယ်။ သူကြိုက်သလို စီမံတဲ့အောက်မှာ ခံရမယ့်အပြင် အဲဒီတပ်ထဲကို နအဖက လက်သပ်မွေးထားတဲ့ လူသစ်တွေထည့်သွင်းပြီး တဖြည်းဖြည်းနဲ့ ဝါးမျိုသွားမှာ အသေအချာပါဘဲ။

(ခ) ဘဏ္ဍာငွေကြေးအရလည်း တပ်အတွက် ပုံမှန်စီးဆင်းနေအောင် ဘာတခုမှ စီစဉ် ပေးမထားနိုင်ပါဘူး။ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ အရ နိုင်ငံရေးပါတီတွေကို လက်နက်ကိုင်တပ် ဖွဲ့စည်းခွင့် ပြုမထားပါဘူး။ ဒါကြောင့် ကချင် အမျိုးသား လွတ်မြောက်ရေးအဖွဲ့ ဆက်လက်တည်ရှိနေမယ်ဆိုဦးတော့ ကချင်ဒေသ လုံခြုံရေးတပ် တခုလုံးကို ထိမ်းချုပ်လည်ပတ်ခွင့်၊ ကွပ်ကဲခွင့် မရနိုင်တော့ပါဘူး။ ဒီတော့ ကချင်ဒေသ လုံခြုံရေးတပ်ဟာ ရပ်တည်ရေးအရ နအဖဆီကနေ လက်ဝါးဖြန့်ခံပြီး၊ နအဖ ခိုင်းတာ လုပ်ရတော့မယ့် ကြေးစားတပ် အသွင်ကိုဘဲ ပြောင်းရတော့မယ့် အနေအထားရောက်နေပါပြီ။

နောက်တခါ ကချင်ဒေသ လုံခြုံရေးတပ်တွင်းက ရဲဘော်တွေ ပြဿနာတရပ်ရပ်၊ မှုခင်း တခုခုနဲ့ ရင်ဆိုင်ရပြီဆိုရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်က အယူခံစီရင်ပိုင်ခွင့်အာဏာကို ရယူထားတဲ့ စစ်ဘက်ဆိုင်ရာ တရားရုံးတွေကိုဘဲ ရောက်သွားရ တော့မှာ ဖြစ်ပါတယ်။ ဒီ ထိမ်းချုပ်မှုတွေအောက်မှာ ကချင်ဒေသလုံခြုံရေးတပ် ပြားပြားမှောက် နေမှာ သေချာပါတယ်။

အခုအချိန်မှာ ကေအိုင်အိုဟာ မိမိတဖွဲ့တည်း ရပ်တည်ခွင့်ရရေးကို အဓိကထားပြီး တောင်းဆိုတာမျိုး မလုပ်သင့်ပါဘူး။ အပစ်အခတ်ရပ်စဲထားတဲ့ အဖွဲ့အစည်းတွေ အားလုံး အနေနဲ့ မိမိတို့လိုခြင်တဲ့ နိုင်ငံရေး ရည်မှန်းချက်တွေကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲ မှာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ မိမိတို့အချင်းချင်းစုပေါင်းပြီး အားကောင်းကောင်းနဲ့ တောင်းဆိုသင့်ကြပါတယ်။ ဒီလို ဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လှုပ်ရှားမှုဟာ ထက်မြက် တက်ကြွလာပြီး အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းသွား စေရေးအတွက် ကြီးမားတဲ့အထောက်အပံ့ ဖြစ်နိုင်ပါကြောင်း တင်ပြလိုက်ပါတယ်။

# ဥပဒေစိုးမိုးရေးဆိုင်ရာ

## ဒီပဲယင်းပြစ်မှု ကျူးလွန်သူများကို ယခုအချိန်ထိအရေးမယူနိုင်သေးခြင်းအပေါ် တွေ့ဆုံးမေးမြန်းခြင်း

**ဒီဗွီဘီ မေးမြန်းသူ**

ဒီပဲယင်း အမှုခင်းနဲ့ပတ်သက်၍ တကယ်တိုက်ခိုက်သူတွေကို အခုအချိန်ထိ အရေးယူမှု မရှိတာ သေဆုံးဒဏ်ရာရသူတွေဘက်ကနေ အာဏာပိုင်တွေက မကာကွယ်တာဟာ တရားဥပဒေရှု့ထောင့်က ဘယ်လိုရှိပါသလဲ။ ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှု အမှုမှန်ပေါ်ပေါက်ရေးအတွက် အစီရင်ခံစာပြုစုသူတဦးဖြစ်တဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥပဒေပညာရှင် ဦးအောင်ထူးမှ အခုလိုပြောပြပါတယ်။

**ဦးအောင်ထူး**

ဒီပဲယင်းလို ပြစ်မှုကြီးဟာ တကမ္ဘာလုံးသိသွားတဲ့ ပြစ်မှုကြီးဖြစ်တယ်။ လူပေါင်း ၅၀၀၀ ကျော်ကျော်လောက်က ကျူးလွန်တာမျိုးဖြစ်ရဲ့သားနဲ့ ယနေ့အချိန်ထိ မည်သူတဦးတယောက်ကိုမှ ရုံးတင်တရားစွဲဆိုခြင်းမရှိတာဟာ ပြစ်မှုကိုတယ်လောက်ပဲ ကြီးကြီးမားမားကျူးလွန်နေပါစေ ပြစ်မှုကျူးလွန်တဲ့သူတွေဟာ လွတ်ငြိမ်းချမ်းသာခွင့်ရနေကျတယ်ဆိုတဲ့အချက်က ထင်ရှားတယ်၊ ဒီအချက်က မြန်မာနိုင်ငံထဲမှာ ဥပဒေစိုးမိုးရေးဟာ လုံးဝပျက်သွားပြီဆိုတာကို ပြတာဖြစ်ပါတယ်၊

**မေးမြန်းသူ**

ဒီပဲယင်းကိစ္စဟာ ယနေ့ကမ္ဘာမှာ ပြောဆိုနေကြတဲ့ Crime Against Humanity လို့ခေါ်တဲ့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ရာဇဝတ်မှုနဲ့ရော ဆက်သွယ်ကျူးလွန်သွားပါသလား။

**ဦးအောင်ထူး**

Crime Against Humanity လို့ခေါ်တဲ့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုနဲ့ ရာနှုန်းပြည့်ပတ်သက်တယ်လို့ ကျတော်တို့ပြောချင်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒီပဲယင်းဖြစ်ရပ်ကြီးကို နအဖက စီစဉ်တကျ ကျူးလွန်ခဲ့တယ်ဆိုတဲ့ ဖြစ်ရပ် ၈ ချက်ကို ကျတော်တို့ တွေ့ရတယ်။ ပထမ အချက်က ကြိုတင်သင်တန်းတွေပေးတယ်။

ဒုတိယအချက်က ဘယ်လက်နက်တွေသုံးရမယ် ဆိုတာကို တူညီတဲ့လက်နတ်တွေ သုံးပြီးတော့ ပို့ချခဲ့တယ်။ တတိယ အချက်က အချိန်ကာလကိုရွေးချယ်ပြီးတော့ သတ်ကွင်းတွေကို သေချာပြင်ဆင်တယ်၊ နောက် စတုတ္ထအချက်က ဘယ်လိုတိုက်ခိုက်ချေမှုန်းရမယ်၊ ဘယ်သူ တက်ရမယ်၊ ဘယ်သူဆုတ်ရမယ်ဆိုတာကို နည်းစနစ်တွေ စကားဝှက်တွေ သတ်မှတ်ခဲ့တယ်။ နောက် နံပတ် ၅ အချက်က အာဏာပိုင်တွေကိုယ်တိုင်ပါဝင်ပတ်သက်တယ်။ နံပတ်ခြောက် အချက်က

အမိန့်ပေးစနစ်တွေ စနစ်တကျသုံးတယ်။ နံပတ် ခုနှစ်အချက်က လုပ်ကြံမယ့် လူ ၅၀၀၀ လောက်ကို စနစ်တကျကြိုတင်နေရာချထားပြီးတော့မှ စနစ်တကျ အမိန့်ပေး ဦးဆောင် ညွှန်ကြားခဲ့တာဖြစ်တယ်။ နံပတ် ၈ အချက်က ပြစ်မှုကျူးလွန်ပြီးတဲ့အခါမှာ သက်သေ အထောက်အထားတွေကို စနစ်တကျ ဖြောက်ဖျက်တယ်၊ ပြုပြင်ခဲ့တယ်။ ဖန်တီးခဲ့တယ်၊ နောက်ဆုံး နံပတ် ၉ အချက်က မျက်မြင်သက်သေတဲ့ ဒဏ်ရာရတဲ့သူတွေကို စနစ်တကျ ဖမ်းဆီးထား လိုက်တယ်။ အဲတော့ ကြိုတင်ကြံစည်ထားကြောင်းကို ဘယ်ဟာက သွားပြီးတော့ အတိအကျ ပေါ်စေလဲဆိုတော့ ဒီပဲယင်းလုပ်ကြံမှုဖြစ်တာ မေလ ၃၀ ရက်နေ့ ည ၈ နာရီမှာဖြစ်တယ်။ ၁၆ နာရီလောက်ပဲကြာသေးတယ် မေလ ၃၀ ရက်နေ့ ညနေ ၄ နာရီမှာ နအဖက သတင်းစာ ရှင်းလင်းပွဲခေါ်ယူကျင်းပလိုက်တယ် အဲမှာဘာပြောလဲဆိုတော့ ဒီလိုဖြစ်တဲ့ကိစ္စဟာ ဒေါ်အောင်ဆန်းစုကြည် ထောက်ခံတဲ့ လူထုတွေနဲ့ ဆန့်ကျင်တဲ့လူထုတွေ နှစ်ဖက်ဖြစ်ကြတဲ့ ဖြစ်ရပ်ပါ ဆိုပြီးတော့ နိဂုံးချုပ် ရှင်းပြလိုက်တယ်။ အဲတော့ ဒါဟာ အတိအကျအားဖြင့် ဘာပြလည်းဆိုတော့ ကြိုတင်စီစဉ်ထားတယ် ဆိုတာကိုပြတယ်။ အဲတော့ ရှုပ်ထွေးသွားတဲ့ ဖြစ်ရပ်ကြီး ထဲမှာ ၁၆ နာရီအတွင်းထဲမှာ ဘယ်လိုနည်းနဲ့မှ နိဂုံးချုပ်လို့ ရနိုင်စရာအကြောင်းမရှိဘူး။ လက်တွေ့အရ ဘာဖြစ်လည်းဆိုတော့ မေလ ၃၁ ရက်နေ့ကျတော့မှ ဖမ်းဆီးပြီးတော့ ရွှေဘို ထောင်ကိုပို့လိုက်တဲ့ မျက်မြင်သက်သေတွေ ၁၄၆ ဦးကို နအဖထောက်လှမ်းရေး တွေက ဇွန်လ ၁ ရက်နေ့ မနက်ကမှ စခတ်ပုံရိုက်တာ ဇွန်လ ၂ ရက်နေ့ နံနက် ၉ နာရီမှ သက်သေတွေကို စစ်တာ အဲလိုစစ်တဲ့အချိန်မှာ နအဖရဲ့ သတင်းစာရှင်းလင်းပွဲ က ပြီးသွားပြီ။ ဒါက ဘာကိုပြ လဲဆိုတော စနစ်တကျနဲ့ ကြိုတင်စီစဉ်ထားတယ်ဆိုတာကို ပြတယ်။ System and winepress ဆိုတာကိုပြတယ်။ ဒါကြောင့် ဒီပဲယင်းဖြစ်ရပ် ကြီးဟာ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန် တဲ့ပြစ်မှု လုံးဝရောက်တယ်လို့ ကျနော်တို့ကပြောခြင်းဖြစ်တယ်။

***(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ မေ ၂၉ ရက်နေ့ တွင် ဒီဗွီဘီသတင်းဌာနမှ ဖေါ်ပြထားချက်ကို စာစောင်ပရိတ်သတ်များ အား ပြန်လည်တင်ပြခြင်းဖြစ်သည်။)***

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲဆိုထားမှုသည်ဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း ထုတ်ပြန်ချက်

၁။ ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလို သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် အုပ်ချုပ်ရေးအာဏာပိုင်များက တရားရုံး၏ ခွင့်ပြုချက်ကိုတောင်းစရာမလိုဘဲ နိုင်ငံသားများ၏ အခွင့်အရေးများအား ကန့်သတ် ခွင့်ပေးထားသည့် ဥပဒေဖြစ်သည်။ တနည်းအားဖြင့် တရားရုံး၏ အခွင့်အာဏာနှင့် မသက်ဆိုင်ဘဲ အုပ်ချုပ်ရေး အာဏာပိုင်များက မိမိဘာသာ တာဝန်ခံ၍ ကြိုတင်ကာ ကွယ်သည့် သဘောအခြေခံဖြင့် ချုပ်နှောင်သည့်ဥပဒေ ဖြစ်သည်။ ယင်းသို့ ဖမ်းဆီးချုပ် နှောင်သည့်အပေါ် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အယူခံဝင်ခွင့်ပေးထားသည့် ပုဒ်မ (၂၁) ကိုလည်း ဖျက်သိမ်းပြီးဖြစ်သည်။ ဤဥပဒေသည် တရားစီရင်ရေးနှင့် သက်ဆိုင်ခြင်း မရှိ။ နအဖ အာဏာပိုင်များအနေဖြင့် ဤဥပဒေကို စိတ်ထင်သလိုအသုံးပြုကာ ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်နှောင်ပြီးမှ ဤဥပဒေဖြင့်ပင် တရားစီရင်ရေးယန္တယား ကို အသုံးပြုကာ ဆက်လက်အပြစ်ပေးရန် ကြိုးပမ်းခြင်းမှာ ဥပဒေကြောင်းအရလည်း ကောင်း၊ တရားစီရင်ရေးဆိုင်ရာ အခွင့်အာဏာအရလည်းကောင်း လုံးဝလွဲမှားလျက် ရှိသည်။

၂။ ဤဥပဒေအရ အများဆုံးချုပ်နှောင်ခွင့်ရှိသော ကာလမှာ ငါးနှစ်ဖြစ်သည်။ ငါးနှစ်ကျော်လာ၍ ခြောက်နှစ်ပြည့်ခါနီး အချိန်တွင်မှ အချင်းဖြစ်ကိစ္စပေါ်ပေါက်လာပြီး ဒေါ်အောင်ဆန်းစုကြည်ကို စွပ်စွဲအရေးယူရန်ကြိုးပမ်းခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဤဥပဒေ အာဏာသက်ရောက်မှု မရှိတော့၊ ဤဥပဒေနှင့်အညီ အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အပေါ် အရေးယူခွင့် မရှိတော့။ သို့ပါလျက် အရေးယူရန်ကြိုးပမ်းနေခြင်းမှာ ဥပဒေအရ လုံးဝလွဲမှားလျက်ရှိသည်။

၃။ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည် ဘီကျင်းမြို့၌ ကျင်းပခဲ့သော အာရှနှင့် ပစိဖစ်ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏ ခြောက်ကြိမ်မြောက် ကွန့်ဖရင့်တွင် လွှတ်လပ်သော တရားစီရင်ရေးဆိုင်ရာမူ သဘောထားကြေငြာချက်ကို တရားသူကြီးချုပ် ဦးအောင်တိုး ကိုယ်တိုင်လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီးဖြစ်သည်။ ၎င်းအရ တရားရုံးများသည် ဥပဒေပြဋ္ဌာန်းချက်အရသာလျှင် ဆုံးဖြတ်စီရင်ရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ ဥပဒေနှင့် ဆန့်ကျင်ကာတရားရုံးများကို အာဏာပိုင်များ အလိုကျအသုံးချခံခွင့်ပြုနေသည့် တရားသူကြီးချုပ် ဦးအောင်တိုး အားရှုံ့ချသည်။

ဒေါ်အောင်ဆန်းစုကြည်အား ဤဥပဒေဖြင့် တရားရုံးတင်၍ စစ်ဆေးခြင်းကို အမြန်ဆုံးရပ်တန်းကရပ်ပြီး ချွင်းချက်မရှိပြန်လွှတ်ပေးရန် နအဖအား တောင်းဆိုလိုက်သည်။ ထို့အပြင် နောင်ကို အာဏာပိုင်များက အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင် နှိပ်စက်ခြင်း မရှိစေရေးအတွက်

(က) ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအား အပြီးအပိုင် ဖျက်သိမ်းရေးအတွက် ဆက်လက်တောင်းဆိုသွားရန်။

(ခ) လွတ်လပ်သော တရားစီရင်ရေးယန္တယားပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် မေတ္တာရပ်ခံအပ်ပါ သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
နေ့စွဲ မေလ (၁၅) ရက် ၂၀၀၉ ခုနှစ်

# အပြစ်မဲ့ပြည်သူတဦးဖြစ်သည့် ဦးစန်းကျော်ကို ရပ်ကွက်အုပ်ချုပ်ရေး အာဏာပိုင်များမှ ပြင်းထန်စွာရိုက်နှက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

## ၁။အမှုဖြစ်စဉ်အကျဉ်း

မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ သုမိတ္တာလမ်း တွင်နေထိုင်သူ ဦးစန်းကျော်ကို လူမှုရေးကိစ္စ ဆွေးနွေးရန်အတွက်ဟု ဆိုကာ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးရုံးသို့ ခေါ်ယူကာ၊ ရယက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်အဖွဲ့ဝင်များက ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်းနှင့် ထိုသို့ ရိုက်နှက်ခံရသဖြင့် မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် အရေးပေါ်လူနာအဖြစ်ဆေးကုသမှုခံယူနေရကြောင်း သိရှိရသည်။

ထိုသို့ရိုက်နှက်ရခြင်းမှာ ဦးစန်းကျော်သည်၊ မီးရထားပိုင်မြေအတွင်း လဖ္ဘက်ရည်ဆိုင်ဆောက်လုပ် ဖွင့်လှစ်ရောင်းချခြင်းအတွက် ရယက အဖွဲ့ကို အခကြေးငွေအဖြစ် ကျပ် ၆ သိန်း (ခြောက်သိန်းတိတိ) ပေးဆောင်ရကြောင်းနှင့် ယင်းကဲ့သို့ ကျူးကျော်ဆိုင်ခန်းများကို မီးရထားဌာနမှ ဖျက်သိမ်းခိုင်းသည့်အခါတွင် ဦးစန်းကျော်မှ ၎င်းအနေဖြင့် ယခုကဲ့သို့ ဆိုင်ခန်းဖွင့်လှစ်ရောင်းချနိုင်ရန်အတွက် ရယက ဥက္ကဋ္ဌကို ငွေကျပ် ခြောက်သိန်းတိတိ ပေးဆောင်ထားရပါကြောင်းကို ပြောဆိုမိသောကြောင့် ဖြစ်သည်ဟု သိရှိရသည်။

ရယက ရုံးခန်းအတွင်း ရိုက်နှက်ခံရသဖြင့် ဦးစန်းကျော်သည် ရုံးအပြင်ဘက်သို့ ထွက်ပြေးရာ မြောင်းထဲသို့ပြုတ်ကျခဲ့သည့်အပြင် ထိုကဲ့သို့ ပြုတ်ကျနေစဉ်အတွင်း၌လည်း ဆက်လက် ရိုက်နှက်ခံရသည်ဟု သိရှိရသည်။

ယင်းကဲ့သို့ ရိုက်နှက်မှုဖြစ်ပွားသည်ကို မှုခင်းနှိမ်နင်းကျဆင်းရေးအတွက် အဓိကတာဝန်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း မျက်မြင်သက်သေအဖြစ် ပါဝင်ကြောင်း သိရှိရသည်။

## ၂။ ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ ရိုက်နှက်မှုကျူးလွန်ခြင်းမှာ ရာဇဝတ်မှုပင်ဖြစ်သည်။

၂။ အခင်းဖြစ်ပွားသည့်နေရာမှာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းအတွင်း၌ဖြစ်သည်။

၃။ အရိုက်ခံရသူမှာ အပြစ်မဲ့ပြည်သူတစ်ဦးဖြစ်သည့် ဦးစန်းကျော်ဆိုသူဖြစ်သည်။

၄။ ရိုက်နှက်ကြသူများမှာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မှဦးဆောင်လျက် ၎င်း၏ အဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးပါဝင်သည်။ ဦးစန်းကျော်ကိုဆင့်ခေါ် ကာ လူအုပ်စုဖြင့် ဝိုင်းဝန်းရိုက်နှက်ခြင်းဖြစ်သဖြင့် ကြိုတင်ကြံစည်မှုဖြင့် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သည်။

၆။ လူမှုရေးကိစ္စဆွေးနွေးမည်ဟူသော အကြောင်းပြချက်ဖြင့်၊ ဆင့်ခေါ်ကာ ရိုက်နှက်ခြင်းဖြစ်သောကြောင့်၊ အပြန်အလှန် ရန်ဖြစ်ခြင်း မဟုတ်ကြောင်း ထင်ရှားသည်။ ထို့ပြင် ရိုက်နှက်ခံရသူဘက်မှ ရိုက်နှက်သူများဒေါသထွက်လောက်အောင် ရန်စခြင်းမျိုးလည်း အမှုဖြစ်အကြောင်းအရာများမှ မပေါ်ပေါက်ပေ။

၇။ ရိုက်နှက်ရာတွင် ခေတ်မီးကိုလက်နက်အဖြစ်အသုံးပြုခြင်းကြောင့်၊ တုံးသော လက်နက်ကို အသုံးပြုခြင်း ဖြစ်ပေသည်။

၈။ အရိုက်ခံရသောဦးစန်းကျော်မှာ အရေးပေါ်အတွင်း လူနာအဖြစ်အမျိုးသား ခွဲစိတ်ကုသအဆောင်တွင် ဆေးကုသမှု ခံယူနေရခြင်းဖြစ်သောကြောင့် အပြင်းအထန်နာကျင်စေမှုမြောက်ပေသည်။

## ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ ပြဋ္ဌာန်းချက်တွင်

မည်သူမဆို
ပုဒ်မ– ၃၃၅ တွင်ပြဋ္ဌာန်းထားသော အချက်မှတပါး တစ်ဦးတစ်ယောက် သောသူအား မိမိအလို အလိုအလျောက် အပြင်းအထန် နာကျင်စေလျှင်၊ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးချမှတ်ရမည့်အပြင်၊ ငွေဒဏ်လည်းချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။

ပုဒ်မ– ၃၃၅ ပြဋ္ဌာန်းချက်ဆိုသည်မှာ
ဒေါသထွက်အောင် ပြုမှုကြောင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုပင်ဖြစ်သည်။ထို့ကြောင့် အထက်ဖော်ပြပါ ဦးစန်းကျော်၏ အမှုဖြစ်စဉ်သည် ၎င်းကိုယ်တိုင် ရယက ဥက္ကဋ္ဌနှင့်အဖွဲ့အား ဒေါသထွက်အောင် ပြုလုပ်ခြင်း မဟုတ်ကြောင်းပေါ်ပေါက်လျှက်ရှိသည်။

ထို့ပြင် ပြစ်မှုကျူးလွန်ကြသူများမှာ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်များ ဖြစ်နေသောကြောင့် ၎င်းတို့ကိုယ်တိုင် တရားဥပဒေကိုလေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ကြရမည့် တာဝန်ရှိကြသူများ ဖြစ်ပါလျှက်၊ ယခုကဲ့သို့ ပြစ်မှုတခုကို ကြိုတင်ကြံရွယ်ချက်များဖြင့် ကျူးလွန်ကြခြင်းမှာ၊ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု မရှိကြောင်းကို ထင်ထင် ရှားရှားပြသလိုက်ရာရောက်ပေသည်။

ရိုက်နှက်ခြင်းပြုကြသူများမှာ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် မီးသတ်များဖြစ်သောကြောင့် တရားဥပဒေဆိုသည်ကို နားလည်ကြသူများဖြစ်ပြီး ထိုကဲ့သို့သော ပြစ်မှုမျိုးကို မကျူးလွန်ထိုက်ကြောင်း သိရှိပြီးသားဖြစ်ပါလျက် ကျူးလွန်ကြခြင်းဖြစ်သည့်အတွက် ထိရောက်ဟန့်တားသော ပြစ်ဒဏ်များကိုချမှတ်သင့်ကြောင်း အမှုဖြစ်စဉ်များက ဖော်ညွှန်းလျက်ရှိသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများကိုယ်တိုင် ရိုက်နှက်မှုကျူးလွန်ကြခြင်းဖြင့် မြန်မာနိုင်ငံ၏ ရန်ကုန်မြို့ကဲ့သို့သော နေရာဒေသများမှာပင် ပြည်သူလူထု၏ လုံခြုံစိတ်ချစွာ အသက်ရှင်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းကို ယင်းဖြစ်ရပ်က ပြသလျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အထက်ပါကဲ့သို့သော ရိုက်နှက်မှုမျိုးကို မိမိ၏မျက်မှောက်တွင် အလျဉ်းသင့်တွေ့ရှိသည့်အပြင် ရဲအရေးယူပိုင်သောပြစ်မှုပင် ဖြစ်ပါလျက် ပြစ်မှုကျူးလွန်ကြသူများကို ဆက်လက်ကျူးလွန်ခွင့်ပေးထားခြင်းမှာ တာဝန်ဝတ္တရား ပျက်ကွက်မှုပင်ဖြစ်သည်။ ရဲလက်စွဲဥပဒေ အပိုဒ်– ၁၀၅၀ (၁) တွင် အရေးယူပိုင်သည့် ပြစ်မှုတခုခုတွင် ပါဝင်သူကို ရာဇဝတ် တရားသူကြီးထံမှ အမိန့်ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့်အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သည်ကို ရဲတပ်ဖွဲ့ဝင်တစ်ယောက်မှ မြင်တွေ့သိရှိပြီးဖြစ်ပါလျက် ပြစ်မှုကျူးလွန်သူများကို ပြစ်မှုကျူးလွန်နေစဉ်အတွင်း ဖမ်းဆီးခြင်းမရှိသည်မှာ ရဲတပ်ဖွဲ့ဝင်ကိုယ်တိုင်သည်ပင်လျှင် တာဝန်ဝတ္တရား ပျက်ကွက်မှုဖြင့် ရိုက်နှက်မှုကို ကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

# တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသည့် ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့၏ ရှေ့နေလိုက်ပါခွင့် လိုင်စင် ရုပ်သိမ်းလိုက်ခြင်းအပေါ် ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

တရားရုံးချုပ် ရှေ့နေကြီးများဖြစ်ကြသော၊ ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့၏ ရှေ့နေလိုက်ပါခွင့် လိုင်စင်ကို (၁၅၊ ၅၊ ၂၀၀၉) ရက်နေ့တွင် ရှေ့နေတို့၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်သည်ဟူသော အကြောင်းပြချက်ဖြင့် ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (ရီမေအောင်၊ ဒီဗီဘီ၊ ၁၆ မေ ၂၀၀၉)

ဥပဒေရေးရာသုံးသပ်ချက်

၁။ ရှေ့နေရှေ့ရပ်များ၏ လုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးတွင် တရားမျှတ မှန်ကန်မှုရရှိရေးတို့အတွက် အကျိုးဆောင်ပေးရသည့် မွန်မြတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းတရပ် ဖြစ်ပါသည်။ထို့ပြင်ရှေ့နေရှေ့ရပ်များဟူသည် အမှန်တရား ပေါ်ပေါက်ရေးအတွက် ကူညီဆောင်ရွက်ပေးရသော တရားရုံး၏ အရာရှိများ၊ ပြည်သူတို့၏ အကျိုးဆောင်များလည်းဖြစ်ကြပါသည်။ (၁၉၆၈ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံး (တရားရုံး ချုပ်)၊ စာ–၂၀၈)

၂။ တရားရုံးချုပ်ရှေ့နေတစ်ဦးအား ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းတို့ ပြုလုပ်နိုင်သည်ဆိုရာတွင် ရှေ့နေလုပ်ငန်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အခြားကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ အကျင့်သိက္ခာပျက်ပြားသော လုပ်ရပ်များကိုလုပ်ဆောင်မှသာလျှင် တရားရုံးချုပ်မှအရေးယူဆောင်ရွက်ရမည် ဖြစ်ပါသည်။ (တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေ ပုဒ်မ– ၁၀(၁)

၃။ ရှေ့နေလိုက်သူများ အက်ဥပဒေပြဋ္ဌာန်းချက်ပါ ပုဒ်မ– ၁၂ အရ ကိုယ်ကျင့်တရားပျက်ပြားသော ပြစ်မှုတခုခုအတွက်ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်လည်းကောင်း၊ ပုဒ်မ–၁၃(က)အရ မိမိအား ငှားရမ်းထားသော အမှုသည် သို့မဟုတ် အမှုသည်နှင့် စပ်လျဉ်းသူတို့ထံမှအပ အခြားပုဂ္ဂိုလ်တဦးတယောက်ထံမှ အမှုနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များရယူလျှင် လည်း ကောင်း၊ ပုဒ်မ–၁၃ (ခ) အရ ရှေ့နေလုပ်ငန်းကို မလျော်ကန်သော သို့မဟုတ် လိမ်လည်သော နည်းလမ်းများဖြင့်ဆောင်ရွက်လျှင်သော် လည်းကောင်း၊ ပုဒ်မ–၁၃ (ဂ)၊ (ဃ)၊ (င)တို့အရ အမှုပွဲစားအဖြစ်ကြေငြာခံထားရသူများကို

အသုံးပြု၍ အမှုများရရှိအောင်လုပ်ခြင်း သို့မဟုတ် အမှုပွဲစားကဲ့သို့ပင် လုပ်ကိုင်ဆောင်ရွက်တတ်သူများကိုအသုံးပြု၍ အမှုများလက်ခံရယူလျှင် လည်းကောင်း၊ ပုဒ်မ–၁၃ (စ) အရ အရေးယူထိုက်သည့် အခြားအသေးကြောင်းအချက်တစုံတရာကို ကျူးလွန်လျှင်သော်လည်းကောင်း ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်း ပြုလုပ်နိုင်လေသည်။

၄။ ထို့ပြင်တရားရုံးချုပ်ရှေ့နေ တဦးဦးအား ကျင့်ဝတ်သိက္ခာဖောက်ဖျက်သည့်အတွက် တရားရုံးချုပ် ရှေ့နေကြီးများဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့သည် အထက်ဖော်ပြပါ ရှေ့နေလိုက်ခွင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းတို့နှင့် သက်ဆိုင်သော ကျင့်ဝတ်သိက္ခာဖေါက်ဖျက်သည့် ပြစ်မှုတစုံတရာကို ကျူးလွန်ခဲ့ခြင်းမရှိသည့်အပြင် ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ တရားစီရင်ရေးတွင် တရားမျှတ မှန်ကန်မှုရရှိရေးအတွက် စွပ်စွဲခံရသူတို့၏ညွှန်ကြားချက် အရ လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် တရားရုံးတော်အား မထီမဲ့မြင်ပြုသည်ဟူသော စွပ်စွဲချက်ဖြင့် ထောင်ဒဏ် (၄)လ ချမှတ်သည့်ပြစ်ဒဏ်ကို ခံယူခဲ့ပြီးဖြစ်သည်။

၆။ ယခုတဖန် ခိုင်လုံတိကျ ပွင့်လင်းလွတ်လပ်သော ခုံဖွဲ့စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရှေ့နေလိုက်ပါခွင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းကိုပြုလုပ်ခဲ့သည်မှာ အထက်ဖေါ်ပြပါ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိပါသဖြင့် တရားရုံးချုပ်ရှေ့နေကြီးများဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးခင်မောင်ရှိန်တို့ကို ရှေ့နေလိုက်ပါခွင့်ပြန်လည်ပေးအပ်သင့်ပါကြောင်းနှင့် နိုင်ငံတကာရှိ ရှေ့နေရှေ့ရပ်အဖွဲ့အစည်းများနှင့် ဥပဒေအဖွဲ့အစည်းများမှလည်း ယင်းကိစ္စကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့<br>
မြန်မာနိုင်ငံရှေ့နေများကောင်စီ

# ရခိုင်ပြည်နယ်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ခိုင်ကို ပြစ်ဒဏ်စီရင်လိုက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်းဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ဖြစ်စဉ်အကျဉ်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ခိုင်သည်၊ ရခိုင်ပြည်နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်ကာ၊ တောင်ဂုတ်မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ တာဝန်ကိုပါ ထမ်းဆောင်နေသူဖြစ်ပြီး၊ အသက် ၈၇ နှစ်အရွယ်ရှိပြီး ဖြစ်ကြောင်းသိရှိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦးဖြစ်သူ၊ ဦးသန်းဖေ၏ အဖွဲ့ချုပ်စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသော၊ လူမှုအထောက်အကူပြုအဖွဲ့ ရံပုံငွေကောက်ခံမှုကို ဦးကျော်ခိုင်မှ တားမြစ်ခဲ့ခြင်းနှင့်အတူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဦးသန်းဖေအား အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း သိရှိရကာ၊ ယင်းဖြစ်ရပ်ကို အခြေခံလျက် ဦးသန်းဖေက ဦးကျော်ခိုင်ကို မကျေနပ်သောကြောင့် တောင်ကုတ်မြို့နယ်တရားရုံးတွင် အသရေဖျက်မှုဖြင့် တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ကြောင်းသိရှိရသည်။

၂။ဥပဒေရေးရာသုံးသပ်ချက်

တစ်စုံတစ်ယောက်ကို အသရေဖျက်သည်ဆိုရာတွင် အောက်ပါအချက်များမှာ အသရေဖျက်ခြင်းမှ ကင်းလွတ်ခွင့်ရသည့်အချက်များဖြစ်သည်ဟု ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၉၉ တွင် အတိအလင်း ပြဋ္ဌာန်းထားပါ သည်။ ၎င်းတို့မှာ

(က) တစုံတယောက်သောသူက အခြားသူတစုံတယောက်အပေါ်တွင် အစိုးရသည့် အခွင့်အာဏာကို တရားဥပဒေအရ ရရှိသည်ဖြစ်စေ၊ မိမိတို့အချင်းချင်းတရားသဖြင့် ပြုလုပ်သည့် ပဋိညာဉ်အရ ရရှိသည်ဖြစ်စေ၊ တရားသဖြင့် အစိုးရသည့် အခွင့်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများတွင်လည်းကောင်း၊ အခြားသူအကျင့် အမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အခွင့်အာဏာရသူက ရိုးဖြောင့်သော သဘောနှင့် တစုံတရာအပြစ်တင်ခြင်းသည် အသရေဖျက်မှုမမည်။

(ခ) စွပ်စွဲသည့်အကြောင်းအရာနှင့် စပ်လျဉ်း၍ တဦးတယောက်သောသူအပေါ်၌ ဥပဒေနှင့်အညီ အခွင့်အာဏာရှိသောသူအား ထိုတဦးတယောက်အကြောင်းကို သဘောရိုးဖြင့် ပြောဆိုစွပ်စွဲခြင်းသည် အသရေဖျက်မှု ဖြစ်သည်မမည်။

(ဂ) အခြားသူတစ်ယောက်၏ အကျင့်စာရိတ္တကို ထိခိုက်အောင်စွပ်စွဲရာ၌ စွပ်စွဲသူက သဘောရိုးဖြင့် မိမိ၏ အကျိုးကိုသော်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရန် စွပ်စွဲခြင်းသည်၊ သို့တည်းမဟုတ် အများပြည်သူ၏ အကျိုးအတွက် စွပ်စွဲခြင်းသည် အသရေ

ဖျက်မှုဖြစ်သည်မမည်။

(ဃ) အခြားသူတဦးတယောက်အကြောင်းနှင့်စပ်လျဉ်း၍၊ တဦးတယောက်သော သူအား သတိပေးရာတွင် သတိပေးသူက သတိပေးခြင်းခံရသူ၏ အကျိုးအတွက်သော် လည်းကောင်း၊ ထိုသူက အကျိုးလိုလားသောသူ၏ အကျိုးအတွက်သော် လည်း ကောင်း၊ အများပြည်သူ၏ အကျိုးအတွက်သော် လည်းကောင်း ရည်ရွယ်၍ သဘောရိုးဖြင့် သတိပေးခြင်းဖြစ်လျှင်၊ အသရေဖျက်မှုဖြစ်သည်မမည်။

– ဟူ၍ အသရေဖျက်မှုနှင့် ပတ်သတ်သည့် ပုဒ်မ– ၄၉၉ ပြဋ္ဌာန်းချက်အောက်တွင် အထက်ဖော်ပြပါ ကင်းလွတ်ချက်များအရ ပြုမူဆောင်ရွက်ချက်များသည် အသရေဖျက်မှု မမြောက်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။

ဦးကျော်ခိုင်သည်၊ ရခိုင်ပြည်နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စည်းကမ်း ထိန်း သိမ်းရေးအဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သည့်အပြင်၊ တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌလည်းဖြစ်သောကြောင့် တောင်ကုတ်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တစ်ဦး ဖြစ်သူ ဦးသန်းဖေ၏ ပြုမူဆောင်ရွက်ချက်များသည် အဖွဲ့ချုပ်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုမရှိသဖြင့် တာဝန်အရ တားမြစ်ခြင်း၊ ပြောဆိုခြင်း၊ အထက်အဖွဲ့အစည်း အဆင့်ဆင့် သို့ အသိပေးအကြောင်းကြားခြင်း၊ မိမိအဖွဲ့ဝင်များကို အသိပေးပြောဆိုခြင်းသည် အထက် ဖော်ပြပါ ကင်းလွတ်ချက်များအရ အသရေဖျက်မှုမမြောက်ကြောင်းထင်ရှားသည်။

ထို့ပြင် ဦးသန်းဖေ၏ ပြုမူဆောင်ရွက်ချက်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုမရှိသောကြောင့်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှလည်း ဦးသန်းဖေကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပြီးသား ဖြစ်နေသည့်အချိန်တွင် ဥက္ကဋ္ဌ ဦးကျော်ခိုင်၏ ဦးသန်းဖေအပေါ် ပြောဆိုတားမြစ်မှုများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုမှ လက်ခံနိုင် သောအမှန်တရားများဖြစ်သည်ဟု စစ်ဆေးစီရင်သည့် တရားရုံးတော်က မှတ်ယူရ မည်သာဖြစ်သည်။

ဦးကျော်ခိုင်နှင့် ဦးသန်းဖေတို့ဖြစ်ကြသည့် အမှုကိစ္စသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လူမှုထောက်ကူပြုအဖွဲ့အတွက် အလှူငွေကောက်ခံခြင်းအပေါ်တွင် အခြေခံထားခြင်း ဖြစ်သောကြောင့် အများပြည်သူနှင့် သက်ဆိုင်သော အကြောင်းအရာဖြစ်သည်ဟု မှတ်ယူရ မည်ဖြစ်ကာ၊ ဦးကျော်ခိုင်၏ ပြောဆိုတားမြစ်ခြင်းမှာလည်း ဦးသန်းဖေ၏ အကျိုးဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းကို ပြောဆိုတားမြစ်ခြင်းသာ ဖြစ်သောကြောင့် အသရေဖျက်မှု ပြစ်ဒဏ်သတ် မှတ်သည့် ပုဒ်မ ၅၀၀ ၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ထောင်ဒဏ် (၂) နှစ်ချမှတ်လိုက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် တရားမျှတ မှုလည်းမရှိကြောင်းတွေ့ရသည်။

ထို့ပြင် ဦးကျော်ခိုင်သည် အသက် (၈၇) နှစ်ဖြစ်သည့်အတွက် ဘဝ၏ ဇရာနိဂုံးပိုင်း သို့ ရောက်ရှိနေသူတစ်ဦးဖြစ်ကာ ကျန်းမာရေးမှာလည်း အလွန်အမင်းဆိုးရွားနေသည်ဖြစ်၍

အထက်ပါကဲ့သို့ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းမှာ မှန်ကန်မျှတသည့်ပြစ်ဒဏ် စီရင်မှုမျိုးမဟုတ်သည့်အပြင် တရားဥပဒေစိုးမိုးမှုမရှိဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအပေါ်တွင် အဃာတ တရား၊ အမုန်းတရားများဖြင့်စစ်ဆေးစီရင်မှုဖြစ်သည်မှာ ထင်ရှားလျက်ရှိကြောင်းကို ဥပဒေရေးရာသုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

# နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးနှင့် မြန်မာ့ရေးရာ

## နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး တင်နိုင်မည့်အလားလာပုံများလာ

နအဖစစ်အစိုးရက ၂၀၀၃ ခုနှစ် မေ (၃၀) ဒီပဲယင်းအရေးအခင်းအပြီး ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားလိုက်ပြီးနောက် ဥပဒေပါသတ်မှတ်ချက်ထက် (၁) နှစ်ကျော်လွန် ဆက်လက် ထိန်းသိမ်းခဲ့ခြင်း၊ ယင်းကဲ့သို့ ထိန်းသိမ်းထားစဉ် နေအိမ်အတွင်း နိုင်ငံခြားသားတဦး ဝင်ရောက်လာသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ပုဒ်မ (၂၂) ဖြင့် ထပ်မံ တရားစွဲဆိုခြင်းတို့သည် ဥပဒေများဖြင့် လျော်ညီမှုရှိမရှိ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေ အတွင်းရေးမှူး ဦးအောင်ထူးနှင့် ဆက်သွယ်မေးမြန်းထားပါသည်။

မေး။ ။ နအဖ စစ်အစိုးရရဲ့ နေအိမ်အကျယ်ချုပ်ချထားခံရစဉ်အတွင်းမှာ မစ္စတာယက်တော ဝင်ရောက်လာလို့ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်တို့ကို နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှုနဲ့ အမှုဖွင့်စွဲဆိုထားတာဟာ ဥပဒေနဲ့ လျော်ညီမှု ရှိပါသလား။

ဖြေ။ ။ ဒီလိုရှိတယ်ဗျ၊ ဒီအမှုရဲ့အစဖြစ်တဲ့ ၁၉၇၅ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသူများ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေဆိုတာ Detention Law လို့ခေါ်တယ်။ တနည်းအားဖြင့် ချုပ်တဲ့ဥပဒေ ဖြစ်တယ်။ သူက အပြစ်ပေးတဲ့ ဥပဒေမဟုတ်ဘူး။ ဒီဥပဒေဟာ မြန်မာပြည်တင်မဟုတ်ဘူး။ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ စသည်ဖြင့် တချို့နိုင်ငံတွေမှာလည်း ရှိတယ်။ တိုင်းပြည်ရဲ့ ငြိမ်းချမ်းမှု၊ လုံခြုံမှုတွေ ထိပါးမှာစိုးတဲ့အတွက် တရားရုံးရဲ့ ခွင့်ပြုချက်မလိုဘဲ အစိုးရအာဏာပိုင်တွေရဲ့ ဆုံးဖြတ်ချက်နဲ့ ချုပ်ခွင့်ရှိတဲ့ ဥပဒေဖြစ်တယ်။ ကျနော်တို့ ပြည်တွင်းဥပဒေ (၁၀/က) အရ (၆) လ ချုပ်မယ်။ (၁၀/ခ) အရ တနှစ်။ အဲလိုမျိုး ရှိတယ်ဗျာ။ ချုပ်ပိုင်ခွင့်ရှိတဲ့ သက်တမ်းအတွင်း အချုပ်ခံရသူ နေတာထိုင်တာ ကျေနပ်ရင်လွှတ်တယ်။ မကျေနပ်ရင် သက်တမ်းတိုးပြီး ဆက်ချုပ်တယ်။ သို့သော် ချုပ်တဲ့ ဥပဒေမှာလည်း အကန့်အသတ်ဘောင်ရှိတယ်။ တသက်လုံးချုပ်ထားလို့တော့ မရဘူးလေ။ ၁၉၇၅ ခုနှစ် ဥပဒေကို ၁၉၉၁ ခုနှစ် ပြင်ဆင်ထားချက်အရ (၅) နှစ်ဖြစ်တယ်။ (၅) နှစ်ပြည့်ရင် လွှတ်ကိုလွှတ်ရမှာ။ အဲတော့ အစိုးရအာဏာပိုင်တွေရဲ့ အခွင့်အာဏာ ချုပ်နှောင်ထားရတဲ့၊ ချုပ်လည်း ချုပ်ထားတဲ့ကြားထဲကမှ မကျေနပ်ဘဲနဲ့ ဒီဥပဒေကို ပြင်ပြီးကျင့်သုံးနေတဲ့ကိစ္စကိုက လုံးဝဥပဒေရဲ့ အခြေခံနဲ့ဆန့်ကျင်နေတယ်။

မေး။ ။ကြားသိထားရတာတော့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားစဉ်မှာ အကျယ်ချုပ် ဧရိယာရဲ့အပြင်ကို လုံးဝမထွက်ဖို့၊ သံရုံးတွေနဲ့ မဆက်သွယ်ဖို့၊ နိုင်ငံရေးနယ်ပယ်က လူတွေနဲ့ မဆက်သွယ်ဖို့၊ နောက် ပြင်ပကို စာ၊ ဖုန်း စတာတွေနဲ့ မဆက်သွယ်ဖို့ကိုဘဲ တားမြစ်ထားတယ်ဆိုတော့ အခုလို မစ္စတာယက်တော သူ့ဟာသူ နေအိမ်အတွင်း ဝင်ရောက်လာတာဟာ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်က အမှုကျူးလွန်တာ ဟုတ်မဟုတ် ရှင်းပြပေးပါ။

ဖြေ။ ။ ဘယ်လိုလုပ် ဖြစ်မှုမြောက်မလဲ။ သူတို့မှာပဲ ဖြစ်မှုမြောက်တာ။ ချုပ်ထားတာကိုက အာဏာပိုင်တွေက ချုပ်ထားတာ။ အဲလိုချုပ်ထားတဲ့ အတောအတွင်းမှာ ဒေါ်အောင်ဆန်းစုကြည် နေတာထိုင်တာ၊ သွားတာလာတာ၊ ဆက်သွယ်တာ အကုန်လုံးကို တာဝန်ယူရမှာ သူတို့။ အဲတော့ တာဝန်ရှိမှုအရ ချုပ်နှောင်ထားတဲ့ အာဏာပိုင်တွေမှာပဲ တာဝန်ရှိတာ။

မေး။ ။ ဒါပေမယ့် နအဖ စစ်အစိုးရဘက်ကတော့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ နေအိမ် အကျယ်ချုပ် ချိုးဖောက်တယ်ဆိုပြီး တရားစွဲတင်မှုတွေလုပ်နေပါပြီ။ ဒီလိုလုပ်တဲ့ အခါမှာလည်း အများပြည်သူကိုကြားနာခွင့် မပြုတာဟာ တရားစီရင်ရေးမှုနဲ့ ကိုက် ညီမှုရှိပါသလားခင်ဗျ။

ဖြေ။ ။ ဒါကတော့ Fair Trial Court ဆိုတဲ့ တရားမျှတရေး တရားခွင်ကိစ္စနဲ့ ဆိုင်တယ်။ ကျနော်တို့ပြည်တွင်း ဥပဒေမှာ Court & Camera ဆိုတာရှိတယ်။ အမှုတိုင်းတော့ Public Trial မရနိုင်ဘူး။ အများပြည်သူတက်ရောက် ကြားနာခွင့် မပြုသင့်တဲ့ မုဒိမ်းမှု လို၊ တိုင်းပြည်ရဲ့ စစ်ရေး၊ လုံခြုံရေးနဲ့ ဆိုင်တဲ့ ကိစ္စရပ်တွေမှာတော့ ပေါက်ကြားမှုတွေ ရှိသွားမှာစိုးလို့ဆိုတဲ့ ခိုင်လုံတဲ့အကြောင်းပြချက်နဲ့ Court & Camera ဆိုတဲ့အမှုနဲ့ ဆက်စပ်သူတွေကိုသာ ခေါ်ယူစစ်ဆေးရတာလည်း ရှိတယ်။ ဒါပေမယ့် အခုဟာက လုံခြုံရေးကျိုးပေါက်လို့မှ ဒေါ်အောင်ဆန်းစုကြည် အိမ်ထဲကို နိုင်ငံခြားသား တယောက်ဝင်သွားပြီးကာမှ လုံခြုံရေးအကြောင်းပြချက်နဲ့ အများပြည်သူ ကြားနာ ခွင့် မပြုဘူးဆိုတာ ဘာမှကို မဆိုင်ဘူးဗျ။ နိုင်ငံခြားသားဝင်ရောက်လို့ စစ်ဆေးရတဲ့ ကိစ္စဟာ တိုင်းပြည်လုံခြုံရေးနဲ့လည်း မဆိုင်ဘူး။ ဒီလိုအမှုကို အများပြည်သူ ကြားနာ ခွင့်မပေးဘူး ဆိုတာဟာလည်း ပြည်တွင်းဥပဒေတွေအရရော၊ နိုင်ငံတကာမှာရှိတဲ့ Fair Trial Court နဲ့ရော ဆန့်ကျင်တယ်။

မေး။ ။ တရားစွဲဆိုနေစဉ်မှာပဲ ဒေါ်အောင်ဆန်းစုကြည်တို့ကို အင်းစိန်ထောင်အတွင်း ထားလိုက်တာကရော ဥပဒေနဲ့ လျော်ညီမှုရှိပါသလား။

ဖြေ။ ။ ဥပဒေအကြောင်း ပြန်ပြောရရင် စောစောကဟာကိုပဲ ပြန်ကောက်ရမယ်။ စောစောကပြောသလို ၁၉၇၅ ခုနှစ် ဥပဒေအရ ချုပ်ခွင့်ရှိတာကိုက (၅) နှစ်ပဲ။ (၅) နှစ်ထက် (၁) နာရီကျော်ပြီးတော့ကို ချုပ်ခွင့် မရှိဘူး။ (၅) နှစ်ကျော်ပြီး ဆက်ချုပ် ထားတာကိုက မှားနေပြီ။ ဘယ်နေရာမှာ ထားတယ်။ မထားတယ်ဆိုတာ ကိုတော့ ကျနော် မပြောလိုဘူး။ သူတို့ဟာသူတို့ အဆင်ပြေတဲ့ နေရာမှာထား။ သို့သော် (၅) နှစ်ထက်ကျော်ပြီး ချုပ်ထားတာကိုက ဘယ်နေရာမှာထားထား ဥပဒေကို ချိုးဖောက်နေတာပဲ ဖြစ်တယ်။

မေး။ ။ နအဖစစ်အစိုးရဟာ ပြည်တွင်းဥပဒေတွေ၊ နိုင်ငံတကာဥပဒေတွေကို ချိုးဖောက် တယ်ဆိုပြီး ပြည်ပရောက် ဥပဒေပညာရှင်တွေကလည်း ထောက်ပြကြတယ်။ နောက်

Working Group တို့လို ယူအန်အဖွဲ့အစည်းတွေကလည်း ပြောနေတဲ့ကြားက ဒီကိစ္စတွေထပ်ဖြစ်လာတယ်ဆိုတော့ နိုင်ငံတကာ ဥပဒေအသိုင်းအဝိုင်းက ဘယ်လို ဆက်လက် ဆောင်ရွက်သွားနိုင်ပါသလဲ။

ဖြေ။ ။ ဒီလိုဗျ၊ ပြီးခဲ့တဲ့လပိုင်းကပဲ ကျနော်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လန်ဒန်မှာရှိတဲ့ ဝတ်လုံတော်ရကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ Burma Justice Committee က တင်လိုက်လို့ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးချုပ်နှောင်ထားတာဟာ ပြည်တွင်းဥပဒေကိုရော၊ နိုင်ငံတကာဥပဒေကိုရော ချိုးဖောက်တာဖြစ်တယ်လို့ UN Working Group အဖွဲ့က ဆုံးဖြတ်ချက်ချလိုက်တာရှိတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ အင်မတန်ကောင်းတဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်။ ကုလသမဂ္ဂ ကတောင် ဒီလိုဖမ်းဆီးထားတာဟာ ဥပဒေနဲ့မညီဘူးလို့ သုံးသပ်ထားပြီးပြီ။ အဲဒီလို ဥပဒေနဲ့မညီ ချုပ်နှောင်တဲ့လူတွေ အားလုံးက ရာဇဝတ်ကောင်တွေပဲ။ အထဲမှာရှိတဲ့ တရားစီရင်ရေးစနစ်ကလည်းပဲ ချုပ်နှောင်ခံရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုရော အခြားနိုင်ငံရေးသမားတွေကိုရော စောင့်ရှောက်နိုင်တဲ့ အနေအထားမရှိတော့ဘူး။ တနည်းအားဖြင့် အထဲမှာရှိတဲ့ တရားစီရင်ရေးစနစ်က စစ်အာဏာရှင်တွေရဲ့ လက်ကိုင်တုတ် တရားစီရင်ရေးစနစ်ဖြစ်သွားပြီ။ အဲတော့ ပြည်တွင်း တရားစီရင်ရေးအောက်က အကာအကွယ်ရ နိုင်မှု အခွင့်အလမ်းက တော်တော့်ကို နည်းသွားပြီ။ နိုင်ငံတကာ ဥပဒေရဲ့အကာအကွယ် ရနိုင်ဖို့ ကြိုးစားဖို့ရှိလာပြီ။ နိုင်ငံတကာပြစ်မှုဆိုင်ရာ ဥပဒပုဒ်မ (၇၁/င) မှာ ဘာပါလဲဆိုတော့ ထောင်သွင်းအကျဉ်းချခြင်း၊ နိုင်ငံတကာဥပဒေ အခြေခံများကို ဆန့်ကျင်ပြီးတော့ လူတယောက်ရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ပြင်းထန်စွာချိုးဖောက်ခြင်း ဆိုတဲ့ ပြဋ္ဌာန်းချက်တခုရှိတယ်ဗျ။ အဲဒီပြဋ္ဌာန်းချက်အရ အကျုံးဝင်နိုင် မဝင်နိုင်ကို သုံးသပ်ဖို့ ရှိလာတယ်။ အဲတော့ ပြဿနာက ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းကို ဖမ်းဆီးချုပ်နှောင်ထားတာဟာ Criminal Court Security မြောက်သလားဆိုတဲ့ မေးခွန်းရှိလာပြီ။ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းကို ဖမ်းဆီးထားရုံနဲ့ လူသားပြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှု မမြောက်နိုင်ဘူးလို့ ပြောရမှာဖြစ်တယ်။ သူတယောက်တည်း ဆိုရင်ပေါ့လေ။ သို့သော် ဒီကိစ္စက ဒီလိုကြည့်လို့မရဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းလိုက်တာဟာ ၂၀၀၃ ခုနှစ် မေလမှာဖြစ်တဲ့ ဒီပဲယင်းကိစ္စကြီးရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ ယနေ့အထိ ဆက်ဖမ်းထားတာ။ ဒီပဲယင်းကိစ္စကြီးဟာ Criminal Court Security မြောက်နိုင်တယ်ဆိုတာကို ကျနော်တို့ Report တွေ တင်ထားပြီးပြီ။ သက်သေခံ အထောက်အထားတွေလည်း အများကြီးရှိတယ်။ ကြံ့ဖွံ့၊ စွမ်းအားရှင် ငါးထောင်လောက်ကို ကိုင်ပြီးတော့ လုပ်သွားတဲ့ အမှုကြီးဖြစ်တယ်။ ဒါဟာ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့်ကို ကျူးလွန်ထားတဲ့ ပြစ်မှုဖြစ်တယ်။ အဲဒီ အမှုကြီးရဲ့ အစိတ်အပိုင်းအဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို ချုပ်ထားတာ ဖြစ်တယ်။ အဲတော့ ကျနော်တို့က ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းကို ချုပ်ထားတယ်လို့ မကြည့်ဘဲနဲ့ ဒီပဲယင်းကိစ္စကြီးကိုပါ ပြန်ကြည့်ကြရမှာဖြစ်တယ်။ နောက်ပြီး နိုင်ငံရေးသမားတွေကို နှစ်ရှည်ထောင်ဒဏ်တွေချတာတွေ

ရှိတယ်။ ဒါတွေဟာ စနစ်တကျနဲ့ကို လက်ရှိ ရှိတဲ့ တရားစီရင်ရေးစနစ်ကြီးကို ကိုင်ပြီးတော့ အတိုက်အခံတွေကို ဖိနှိပ်တာ။ ဒီနေ့အချိန်မှာ နိုင်ငံရေးအကျဉ်းသား နှစ်ထောင်ကျော် ရှိနေပြီ။ ဒါကြောင့် ဒီလိုအချက်တွေပါ စုလိုက်မယ်ဆိုရင်တော့ ဗမာပြည်အတွင်းက ဒီမှုခင်းကြီးကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးမှာ တရားစွဲဆို အရေးယူနိုင်ဖို့ရာအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းကြဖို့ အချိန်ရောက်ပြီ။ ဥပဒေကြောင်းအရ လုံးဝအကျုံးဝင်နေတယ်လို့ ကျနော်ပြောချင်တယ်။

မေး။ ။ ဆောင်ရွက်နိုင်ဖို့ အခြေအနေ၊ အလားအလာကရော ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ အလားအလာကတော့ တထစ်ချင်း တထစ်ချင်း ပိုကောင်းလာပြီ။ ပြီးခဲ့တဲ့ ရက်ပိုင်းတွေကလည်း ဒီကိစ္စအတွက် ဘန်ကောက်မှာ အစည်းအဝေး ကျင်းပနိုင်ခဲ့တယ်။ မြန်မာ့အရေးဆောင်ရွက်နေတဲ့ အဓိကကျတဲ့ အဖွဲ့အစည်း အားလုံးနီးပါးနဲ့ နိုင်ငံတကာက အဓိကကျတဲ့ အဖွဲ့အစည်းအားလုံးနီးပါး တက်ရောက်ဆွေးနွေးခဲ့ကြတယ်။ နိုင်ငံတကာ တရားရုံးကိုတင် တရားစွဲဆိုနိုင်တဲ့ အနေအထားအဆင့်ကို ဦးတည်သွားကြဖို့ အားလုံးသဘောတူတယ်။ လုပ်ထုံးလုပ်နည်း ညှိယူနေကြရတာလေးတွေပဲ ရှိတယ်။ ဆိုတော့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကို စွဲတင်နိုင်တော့မယ့် အလားအလာတွေ များလာပြီဆိုတာ ကျနော်ပြောချင်တယ်။

*(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ခေတ်ပြိုင်သတင်းဌာနမှ ဖော်ပြထားချက်ကို စာစောင်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# စစ်ခေါင်းဆောင်များကို ခုံရုံးတင်ဖို့ အထောက်အထားတွေ ရှိနေပြီ

ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC)က ပြင်သစ်နှင့် အမေရိကန် အဖွဲ့အစည်းအချို့နှင့် ပူးပေါင်း၍ ရာဇဝတ်မှု ကျူးလွန်ထားသော နအဖ စစ်ခေါင်းဆောင်များ ကို နိုင်ငံတကာရာဇဝတ်မှုခုံရုံး ICC သို့တင်ရန် စိုင်းပြင်းလျက်ရှိသည်။

စစ်အစိုးရကလည်း လက်ဦးမှုရယူသည့် အနေဖြင့် BLC ကို မတရား အသင်းများအဖြစ် ပြီးခဲ့သည့်လ ၃၀ ရက်၌ ကြေညာခဲ့သည်။ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက BLC နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများသည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်ပျက်ပြားစေသည်ဟု ကြေညာချက်တွင် ပြောဆိုထားသည်။

ရာဇဝတ်မှုကျူးလွန်သူ စစ်ဗိုလ်ချုပ်ကြီးအချို့ကို နိုင်ငံတကာ တရားခွင်ကို တင်မည်ဆို သော BLC ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ မဇ္ဈိမ သတင်းထောက် ကိုဝိုင်းက မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဦးကို ဆက်သွယ် မေးမြန်းထားသည်။

ရာဇဝတ်မှု ကျူးလွန်ထားတဲ့ နအဖ စစ်ဗိုလ်ချုပ်တွေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံး The International Criminal Court (ICC) မှာ တင်ဖို့ ကြိုးစားနေတာ ဘယ်အဆင့်၊ အခြေအနေ ကို ရောက်နေပြီဆိုတာ ထုတ်ဖော်နိုင်သလောက် ပြောပြပေးပါလားခင်ဗျာ။

ICC က ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နောက်ပိုင်းကဖြစ်တဲ့ ရာဇဝတ်မှုတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေနဲ့ အရေးယူနိုင်တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဖြစ်လာတဲ့ ကိစ္စတွေဟာ အကြမ်းမျဉ်းအားဖြင့် ပြောရမယ်ဆိုရင် ၂၀၀၃ ခု မေလ ၃၀ ရက်မှာ နအဖ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဦးဆောင်ပြီးတော့ နိုင်ငံတော် အကြမ်းဖက်မှု ကျူးလွန်ပါတယ်။ အဲဒါကတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သူ့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေကို စနစ် တကျနဲ့ သတ်ဖြတ်ချေမှုန်းဖို့ လုပ်တဲ့ကိစ္စဖြစ်ပါတယ်။ နောက် ၂၀၀၇ ခု ရွှေဝါရောင် တော်လှန် ရေးမှာလည်း အပြစ်မဲ့တဲ့ ရဟန်းသံဃာတော်တွေကို ဖိနှိပ်ညှဉ်းပမ်းသတ်ဖြတ်တဲ့ ကိစ္စမျိုးတွေ ပေါ့။ နောက် ၂၀၀၈ ခု မေလမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းမှာလည်းပဲ လူ ၁ သိန်းခွဲလောက် သေဆုံးခဲ့တယ်။ အဲဒီအပြင် ၂ သန်း ကျော်လောက်ဟာ အိုးမဲ့အိမ်မဲ့ ဖြစ်တယ်။ အဲဒီလို မုန်တိုင်းနဲ့ အတိဒုက္ခရောက်နေတဲ့ လူတွေကို နိုင်ငံတကာက ပေးမယ့်စားနပ်ရိက္ခာဆေးဝါးတွေကို မပေးနိုင် အောင်လုပ်တဲ့ကိစ္စတွေ၊ အဲဒါတွေကလည်း တကယ့်ကို ရာဇဝတ်မှု ဖြစ်ပါတယ်။

အဲဒီအပြင် နယ်စပ်ဒေသတွေမှာဆိုရင် သောင်းကျန်းသူ အဖွဲ့အစည်းဝင်တွေလို့ မတ ရားစွပ်စွဲပြီးတော့ တိုင်းရင်းသား လူမျိုးစုံကို တမင်တကာကို ညှဉ်းပမ်းနှိပ်စက် သတ်ဖြတ်နေတဲ့ ကိစ္စတွေလည်း ရှိပါတယ်။ အဲဒါတွေဟာ တကယ့်ကို ICC လို့ခေါ်တဲ့ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှာတင်ပြီး အရေးယူနိုင်တဲ့ အနေအထားတွေ ဖြစ်ပါတယ်။

ဒီအနေအထားတွေအပေါ်မှာ ကျနော်တို့က လုံလောက်တဲ့ သက်သေခံချက်တွေ ရှိပြီး ဖြစ်တဲ့အတွက် ကျနော်တို့ရဲ့ လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီးတော့ ရှေ့ဆက်ပြီးတော့ပဲ ဆောင်ရွက်ဖို့ ရှိပါတယ်။

အဲဒီအထောက်အထားတွေကို ICC ကို တိုက်ရိုက်တင်ပြီး တရားစွဲလို့ ရနိုင်တဲ့ အနေအထားရော ရှိနေလို့လားခင်ဗျာ။

မြန်မာနိုင်ငံဟာ ICC ကို လက်မှတ်မထိုးထားတဲ့ နိုင်ငံဖြစ်တယ်။ ဒါကြောင့်မို့လို့ သူ့ကို တိုက်ရိုက်အရေးယူလို့မရတဲ့အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တင်ဖို့ဖြစ်ပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ မန်နမ လုပ်တယ်ပေါ့နော်။ ICC ကို လွှဲလိုက်တယ်ဆိုရင် အရေးယူနိုင်မှာ ဖြစ်ပါတယ်။ အရေးယူမှုအပိုင်း နှစ်ခုပေါ့။ တရားရုံးက တိုက်ရိုက်အရေးယူတာ ရှိသလို၊ ဒီအမှုနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးမယ့် တရားရုံးကိုလည်း ဖွဲ့စည်း ထူတောင်နိုင်တဲ့ အလားအလာ ရှိပါတယ်။ ဒါကြောင့် ကျနော်တို့က ဒီကိစ္စတွေကို ဖြစ်အောင်ဆောင်ရွက်နေတာပါ။

ဒီလို နိုင်ငံတကာ ခုံရုံးတင်ဖို့ ကြိုးစားနေတဲ့အခါမှာ BLC နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့ ဘယ်နှဖွဲ့လောက်ရှိလဲ ခင်ဗျာ။

အဓိက အဖွဲ့က နှစ်ဖွဲ့ပါ။ FIDH ဆိုတဲ့ ပြင်သစ်အခြေစိုက် လူ့အခွင့်အရေး တိုးတက်ရေး အဖွဲ့နဲ့ GJC လို့ခေါ်တဲ့ Global Justice Center အဲဒါက အမေရိကန်အခြေစိုက် အဖွဲ့အစည်း ဖြစ်ပါတယ်။ အဲဒီ အဖွဲ့ ၂ ဖွဲ့နဲ့ Burma Lawyers' Council နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာပါ။ အဲဒီအပြင် ကျနော်တို့က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်နေမှုများနဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်နေကြတဲ့ အဖွဲ့တွေလည်း ရှိပါတယ်။ ဥပမာ Burma UK Campaign / US campaign for Burma / WLB လို အမျိုးသမီးအဖွဲ့တွေ၊ လူငယ်အဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာဒေသအလိုက် လှုပ်ရှားနေကြတဲ့ အဖွဲ့အစည်းပေါင်းစုံပေါ့နော်၊ တူညီတဲ့ရည်ရွယ်ချက်နဲ့ ပိုပြီးထိရောက်တဲ့ လုပ်ငန်းစဉ်တွေချနိုင်ဖို့ ဆုံးဖြတ်ချက်ချပြီး ဆက်ပြီးလုပ်နေပါတယ်။

ပြည်ပနိုင်ငံမှာ အခြေစိုက်ထားတဲ့ BLC အပေါ် စစ်အစိုးရက မတရားအသင်းကြေညာခဲ့တာကို လက်ခံပါသလား။ ဒီကြေညာချက်ကရော ဥပဒေနဲ့ ညီ တယ်လို့ ယူဆပါသလားခင်ဗျာ။

ပထမဆုံးအချက်ကတော့ မြန်မာနိုင်ငံရှေ့နေများကောင်စီ BLC က မြန်မာ နိုင်ငံရဲ့ ပြင်ပမှာ အခြေစိုက်ပြီးတော့ တရားဝင် မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်း ဖြစ်တယ်။ ကျနော်တို့ လုပ်နေတဲ့အလုပ်က မြန်မာနိုင်ငံအပါအဝင် တကမ္ဘာလုံးမှာ တရားဥပဒေ စိုးမိုးရေး ကိစ္စတွေကို ဆောင်ရွက်နေတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လို

ချိုးဖောက်တယ်ဆိုတာကို လေ့လာသုံးသပ်ပြီး တော့ အရေးယူဖော်ထုတ်တဲ့ကိစ္စတွေကို လုပ်နေတဲ့ အဖွဲ့အစည်း ဖြစ်တယ်။ ကျနော်တို့ဟာ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အဖွဲ့ဖြစ်တယ်။ ဒါကြောင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီရဲ့ မူရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်အရဆိုရင် ပြည်တွင်းထဲမှာ ငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနဲ့ လူ့အခွင့်အရေး ထွန်းကားရေးကို လုပ်နေတဲ့ အဖွဲ့ဖြစ် တယ်။

ကျနော်တို့ဟာ ဘယ်ဥပဒေကိုမှ ချိုးဖောက်ခြင်း မရှိဘူး။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ ရှေ့နေများကောင်စီကို နအဖက နေပြီးတော့ တရားမဝင်လို့ဆိုလာခြင်းက ဥပဒေ အရ လုံးဝမှားယွင်းတဲ့ ကြေညာချက်ပဲဖြစ်တယ်။

ဒုတိယအချက် တင်ပြချင်တာက မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စစ်အာဏာရှင် အစိုးရဟာ သူတို့ကိုယ်တိုင်က တရားမဝင် အစိုးရဖြစ်တယ်။ အဲဒီအပြင် တရားဝင် ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေးဆိုတဲ့ တရားဝင် ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များကိုလည်းပဲ အာဏာလွှဲပြောင်းပေးအပ်ထားခြင်း မရှိဘူး။ မရှိဘဲနဲ့ အာဏာကို မတ ရား အဓမ္မသိမ်းပိုက်ထားတဲ့ အဖွဲ့အစည်း ဖြစ်တယ်။ ဒါကြောင့်မို့လို့ သူတို့ဟာ တရားမျှတမှုကို မလိုချင်ဘူး။ တရားမျှတမှု ကိစ္စတွေကို ဆောင်ရွက်တာ သူတို့မကြိုက်ဘူး။ အဲဒါကြောင့် သူတို့ရဲ့ မတရားဘူးလို့ ကြေညာခြင်းခံရတဲ့ ကျနော်တို့ရဲ့ ရှေ့နေများ ကောင်စီရဲ့ လုပ်ဆောင်ချက် တွေကို ပြန်ကြည့်မယ်ဆိုရင် တရားမျှတတဲ့ လုပ်ဆောင်ချက်တွေ ဖြစ်ပြီးတော့ စစ်အစိုးရရဲ့ မတရားမှုတွေကို ဖော်ထုတ်တဲ့ အဖွဲ့အစည်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေနှင့်မညီပဲနဲ့ မတရားအသင်းဆိုပြီး တဖက်သတ် ကြေညာခြင်းဖြစ်တယ်။ ဒါကို ကျနော်တို့ လက်မခံနိုင်ဘူး။

ပုဒ်မ (၁၅) (၁၆) အရဆိုရင် ပြည်တွင်းမှာ ဆူပူမှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ အကြမ်းဖက်တဲ့ ကိစ္စတွေ လုပ်ဆောင်တဲ့ အဖွဲ့အစည်းတွေ၊ အဲဒီအဖွဲ့အစည်းတွေကို အားပေးတဲ့ လူတွေ အတွက်ကို ရည်ရွယ်ပြီး ထုတ်ပြန်ထားတာဖြစ်တယ်။

BLC နဲ့ ဆက်စပ်နေတဲ့ တခြားအဖွဲ့အစည်းတွေကိုလည်း မတရားအသင်းအဖြစ် ကြေညာထားပါတယ်။ ဆိုတော့ သူတို့ရဲ့ ကြေညာချက်က သက်ရောက်မှု ဘယ်လောက်ရှိတယ်လို့ ယူဆပါသလဲ ခင်ဗျာ။

မူလ ကာယကံရှင်ဦးဆွ ကိုယ်တိုင်ကပဲ မတရားအသင်း မဟုတ်တဲ့အတွက်ကြောင့်မို့လို့ သူနဲ့ ဆက်စပ်လုပ်ကိုင်တဲ့ အဖွဲ့အစည်းတွေကလည်းပဲ မတရားအသင်း မဟုတ်ကြဘူး။ သည့် အပြင် မြန်မာနိုင်ငံရှေ့နေများကောင်စီနဲ့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေက နိုင်ငံ တကာနဲ့ချိပြီး လုပ်ကိုင်နေတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ လူ့အခွင့်အရေးနဲ့ ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာမှာ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက် ပြီး လုပ်ကိုင်နေတဲ့ အဖွဲ့အစည်းတွေ ဖြစ်တယ်။ ဒါကြောင့်မို့လို့ နအဖရဲ့ ကြေညာချက်ဟာ ဆိုရင် အင်မတန်မှ ရီစရာကောင်းတယ်။ အင်မတန်မှပဲ ရှေ့နောက်မညီ ဖြစ်ပြီးတော့။ အကုန်

လုံး သိမ်းကြုံးပြီးတော့ ကြောက်အားလန့်အားနဲ့ ကြေညာလိုက်တဲ့ ကြေညာချက် ဖြစ်တယ်။ BLC နဲ့ တခြားသူများနဲ့ ပူးပေါင်းပြီးတော့ ပြည်တွင်းပြည်ပမှာ ပိုပြီးတက်ကြွတဲ့ လှုပ်ရှားမှုတွေဖြစ်လာမှာကိုကြောက်တဲ့ အတွက်ကြောင့်မို့လို့ အခု လို တခြားအဖွဲ့အစည်းတွေကိုပါ ထည့်ပြီးကြေညာတာ ဖြစ်တယ်။ အဲဒီလို ကြေညာခြင်းဟာ ဥပဒေရဲ့ သဘောသဘာဝကို နားမလည်တာ ဖြစ်တဲ့အပြင် တဖက်သတ် အာဃာတနဲ့ ကြေညာတဲ့ ကြေညာချက် ဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။

အခုလို မတရားအသင်းအဖြစ် ကြေညာလိုက်တဲ့အတွက် BLC ရဲ့ လုပ်ငန်းတွေ၊ လှုပ်ရှားမှုတွေကို တစုံတရာ အတားအဆီး ဖြစ်နိုင်မယ်လို့ ယူဆပါလား ခင်ဗျာ။

အတားအဆီးတော့ မဖြစ်ပါဘူး။ ဥပမာဗျာ – နအဖရဲ့ မတရားတဲ့ ကိစ္စတွေကို နှစ်စဉ်ဆုံးဖြတ်ချက်ချနေတာက ကုလသမဂ္ဂ အထွေထွေညီလာခံ ရှိတယ်။ လုံခြုံရေးကောင်စီလည်း ရှိတယ်။ အဲဒီတော့ ဒီလို အဖွဲ့အစည်းတွေကလည်းပဲ နအဖရဲ့ သွေးစွန်းတဲ့ လုပ်ရပ်တွေ၊ စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်တဲ့ကိစ္စတွေကို အမြဲတန်းဖော်ပြပြီးတော့ ရှုံ့ချနေတာ ဖြစ်တယ်။ တခြားသော Amnesty International လို့ခေါ်တဲ့ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့တွေရှိတယ်။ Human Rights Watch လို့ခေါ်တဲ့ အဖွဲ့တွေရှိတယ်။ အဲဒီ အဖွဲ့တွေအများ ကြီးပဲပေါ့။ မြန်မာနိုင်ငံရှေ့နေများကောင်စီကို အဲဒီလို (မတရားအသင်းအဖြစ်) ကြေညာမယ်ဆိုရင် UN အပါအဝင် တခြားသော အဖွဲ့အစည်းတွေ အားလုံးလည်းပဲ မတရားအသင်း ကြေညာရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စကို လုပ်ကိုင်ဆောင်ရွက်ပြီးတော့ တနည်းအားဖြင့် ပြောမယ်ဆိုရင် ကြောက်အားလန့်အားနဲ့ ရှေ့နောက်မကြည့်ဘဲနဲ့ ကြေညာလိုက်တဲ့ လုပ်ရပ်တခုသာဖြစ်တယ်လို့ ကျနော့်အနေနဲ့ ပြောချင်တယ်။

BLC က ဖွဲ့စည်းထားတာ ၁၅ နှစ်လောက်ရှိပါပြီ။ ဒါပေမယ့် နအဖ ပြည်ထဲရေးဝန်ကြီးက အခုမှ မတရားအသင်း ဖြစ်တယ်ဆိုပြီး ထုတ်ပြန်လိုက်တဲ့အပေါ် ဘယ်လို သုံးသပ်ပါသလဲ ခင်ဗျာ။

ဒီထုတ်ပြန်ချက်နဲ့ ပတ်သက်ပြီးတော့ သေချာတာ နှစ်ခုရှိပါတယ်။ တခုကတော့ နိုင်ငံတကာမှာ ကြည့်မယ်ဆိုရင် ဥပမာ ပါကစ္စတန်လို နိုင်ငံမှာဆိုရင် တရားရေးဆိုင်ရာ မတရားမှုတွေနဲ့ ပတ်သက်ပြီးတော့ ရှေ့နေတွေ မခံဘူး။ အုံကြွလာတယ်။ သမ္မတ ကိုယ်တိုင်က အခက်အခဲတွေ ဖြစ်လာပြီး နောက်ဆုံး သမ္မတ ပြုတ်ကျသွားတယ်။ အဲဒီလိုဟာမျိုးတွေက မြန်မာနိုင်ငံကိုလည်း ကူးစက်လာစရာ အကြောင်းရှိတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရှေ့နေတွေကို အဲဒီလိုမျိုး မလုပ်ရဲအောင် ကြိုတင်ပြီးတော့ ခြိမ်းခြောက်လိုက်တဲ့သဘော ရှိတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံ ရှေ့နေများကောင်စီက ၁၉၉၄ ခုနှစ်ကတည်းက ဖွဲ့စည်းထူထောင်ခဲ့တာ ဖြစ်တယ်။ တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေး တိုးတက်ဖို့ ကိစ္စတွေကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တဲ့အဖွဲ့ ဖြစ်တယ်။ အခုချိန်မှာ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးက ပျက်သုန်းနေပြီးတော့ ဖြစ်ပွားနေတဲ့ ပြစ်မှုကြီးတွေကို အစိုးရက ဦးဆောင်ပြီးတော့

ကျူးလွန်နေတာ ဖြစ်တယ်။ ဒါကြောင့်မို့လို့ အဲဒီလို ကိစ္စမျိုးတွေကို အရေးယူနိုင်ဖို့အတွက်လည်းပဲ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး ICC ကလည်းပဲ ၂၀၀၃ ခုနှစ်မှာ တည်ထောင်ပြီးသား ဖြစ်သွားတဲ့အတွက်ကြောင့် အဲဒီလို ကြီးမားတဲ့ ရာဇဝတ်မှုကြီးတွေကို စစ်ဆေးမယ့် တရားရုံးပေါ်လာတဲ့အတွက်ကြောင့် အဲဒီတရားရုံးမှာ ရာဇဝတ်မှုတွေကို ကျူးလွန်တဲ့ နအဖရဲ့ အဓိက စစ်ခေါင်းဆောင်တွေကို တရားစွဲဖို့ လုပ်တဲ့အခါမှာ နအဖ အနေနဲ့ အင်မတန်မှ ကြောက်ပါတယ်။ ဒါတွေက တကယ်ပဲ ဖြစ်လာနိုင်တဲ့ အနေအထားဖြစ်ပြီးတော့ ဖြစ်လာနိုင်စရာ လမ်းစတွေလည်း ရှိတယ်။ အဲဒီလမ်းပေါ်မှာ ကျနော်တို့ မြန်မာနိုင်ငံရှေ့နေများကောင်စီက ရောက်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလို လုပ်နိုင်တဲ့အဖွဲ့ဖြစ်တဲ့အတွက် ဒီအဖွဲ့အစည်းကို တမင်တကာ ချေဖျက်ချင်တဲ့အနေနဲ့ တဖက်သတ် ကြေညာတာ ဖြစ်ပါတယ်။

ကျနော်တို့ လုပ်မှာကတော့ တရားမျှတမှုကို ရှာဖွေရေးအတွက် လုပ်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ အခုအချိန်ရလာပြီးတော့ နိုင်ငံတကာနဲ့ ဆက်စပ်လုပ်ကိုင်လာနိုင်တဲ့ အနေအထား ရောက်တဲ့အခါမှာ နအဖ က စိုးရိမ်ပြီးတော့ တဖက်သတ် မတရားအသင်း ကြေညာလိုက်တာပဲ ဖြစ်ပါတယ်။

*(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ မေ ၉ ရက်နေ့တွင် မဇ္ဈိမသတင်းဌာနမှ ဖော်ပြထားချက်ကို စာစောင်ပရိတ်သတ်များ အား ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# နအဖစစ်အစိုးရမှ စစ်ရာဇဝတ်မှု၊ လူမဆန်စွာ ရက်ရက်စက်စက်ကျူးလွန်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် စုံစမ်းရေးကော်မရှင်တစ်ခုဖွဲ့ပြီး စစ်ဆေးပေးရန်လိုကြောင်း

ဘီဘီစီ

အမေရိကန်နိုင်ငံမှာရှိတဲ့ ဟားဗက်တက္ကသိုလ်မှာ ဥပဒေပညာရှင် (၅) ဦးပြုစုထားတဲ့ Crime in Burma လို့ခေါ်တဲ့ အစီရင်ခံစာတစ်စောင် မကြာခင်က ထွက်ပေါ်လာပါတယ်။ အဲဒီထဲမှာ စစ်အစိုးရက ကျူးလွန်တဲ့ War Crime စစ်ရာဇဝတ်မှုတွေ၊ Crime again Humanity လူသားတွေအပေါ်မှာ လူမဆန်စွာ ရက်ရက်စက်စက် ကျူးလွန်တဲ့ ပြစ်မှုတွေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက စုံစမ်းရေးကော်မရှင်တစ်ခု ဖွဲ့ပြီးတော့ စစ်ဆေးပေးဖို့ တောင်းဆိုထားပါတယ်။ အဲဒီတောင်းဆိုချက် သဘောမျိုး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် ပါမောက္ခ မစ္စတာပီညဲရိုးကလည်း မကြာခင်က တောင်းဆိုထားပါတယ်။ လက်ရှိမြန်မာစစ်အစိုးရကို လူ့အခွင့်အရေးတွေ ချိုးဖောက်မှုတွေအတွက် ICC နိုင်ငံတကာရာဇဝတ်ခုံရုံးမှာ တရားစွဲဖို့အတွက် ဥပဒေရေးရာအဖွဲ့တွေက ပြည်ပမှာ နဂိုကတည်းက လှုပ်ရှားမတွေ့ရှိနေပါတယ်။ အခုလို ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုနေတဲ့ အချိန်မျိုးမှာ ဒီအစီရင်ခံစာထွက်ပေါ်လာတဲ့အတွက် မြန်မာအစိုးရကို ICC ထိရောက်အောင် တရားစွဲဆိုနိုင်တော့မှာလား၊ အဲဒီလိုလုပ်ဖို့ ဘယ်လိုအဆင့်တွေ ကျော်ဖြတ်ရမလဲ၊ လက်တွေ့မှာရော ဘယ်လောက်ထိ ဖြစ်နိုင်ချေ ရှိသလဲ ဆိုတာတွေကို အချေအတင်ပြောဆိုကြမှာဖြစ်ပါတယ်။ BLC ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဦး၊ NDD ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာ၊ ပြည်တွင်းကအမျိုးသား နိုင်ငံရေး ကျောင်းတော်သားအင်အားစုမှ အဖွဲ့ဝင် ဦးအုန်းလွင်တို့ကို ဖိတ်ခေါ်ထားပါတယ်။

ဟားဗက်ဥပဒေအဖွဲ့က မြန်မာနိုင်ငံကို ဘယ်လိုအရေးယူဖို့ တောင်းဆိုထားသလဲဆိုတာ ဒေါ်ခင်ဥမ္မာမှ စပြီးတော့ ပြောပြပေးပါခင်ဗျ။

ဒေါ်ခင်ဥမ္မာ

နအဖ အနေနဲ့ နှစ်ပေါင်းများစွာ ကျွန်မတို့ပြည်သူပြည်သားတွေအပါမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရဲ့ ချိုးဖောက်မှု၊ ပြင်းထန်မှုတွေဟာ အထူးသဖြင့်တော့ တိုင်းရင်းသားဒေသတွေမှာ၊ ပြည်သူပြည်သား တွေပဋိပက္ခဖြစ်ပွားတဲ့ နေရာတွေမှာ စစ်တပ်ကနေ ကျူးလွန်မှုတွေဟာ မုဒိန်းမှု၊ ကလေးစစ်သား၊ ပြီးတော့ အဓမ္မလုပ်အားပေး စေခိုင်းမှု စသဖြင့် ဒီလိုမျိုးပြစ်မှုကျူးလွန်မှုတွေဟာ အရမ်းကို မှတ်တမ်းတင်တာ နှစ်နဲ့ချီများနေပြီး၊ ကျန်ခဲ့တဲ့ (၁၅) နှစ်လောက်ကနေစပြီး မှတ်တမ်းတင်ထားတာဖြစ်တော့ ဒီလိုမျိုးမှတ်တမ်းတင်မှုတွေဟာ ကုလသမဂ္ဂရဲ့ ယန္တရားထဲမှာရှိနေပြီးသားဖြစ်တဲ့ ကုလသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာမှာ တရားဥပဒေယန္တရားစနစ်ဘက်ကနေ ကြည့်လို့ရှိရင် နအဖဟာ လူသားရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုကျူးလွန်မှု မြောက်နေပြီးဆိုတဲ့ဟာကို သူတို့အနေနဲ့ ကုလသမဂ္ဂရဲ့ ရှိတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနည်းနာတွေနဲ့ နအဖကျူးလွန်မှုတွေကို ချိန်ထိုးပြီး တင်ပြထားတာဖြစ်တဲ့အပေါ်မှာ အဓိကကတော့ နအဖက ဒီအချိန်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အရေးယူမှုကို ခံယူဖို့အချိန်တော့ရောက်နေပြီး၊ မြန်မာပြည်သူတွေကို

ဒီအာဏာရှင်အောက်မှာ ဒီထက်ပိုပြီးတော့မှ ရာဇဝတ်မှု ကျူးလွန်ခံရတာမျိုးကို ဆက်ပြီးတော့မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ မရှိနေသင့်တော့ဘူးဆိုတဲ့ အပေါ်မှာ တင်ပြထားတဲ့ အစီရင်ခံစာဖြစ်ပါတယ်။

ဘီဘီစီ

ခုနက ဒေါ်ခင်ဥမ္မာ ပြောသွားသလိုဘဲ ဒီစစ်ရေး ပဋိပက္ခဖြစ်နေတဲ့နေရာမှာ တိုင်းရင်းသားလူမျိုးတွေအပေါ်မှာ အစိုးရက ရက်ရက်စက်စက်ကျူးလွန်တဲ့ ပြစ်မှုတွေအတွက် နိုင်ငံတကာကိုခုံရုံးထိ တင်ပြီးတော့ ကုလသမဂ္ဂက တဆင့်သွားမယ်ဆိုတဲ့ တရားစွဲဆိုရေးလိုင်းဟာ လက်တွေ့မှာ ပြည်တွင်းမှာ ဒါကိုလက်ခံနိုင်သလား။

ဦးအုန်းလွင်

ကျနော်တို့ မြင်တာကတော့ Criminal Court တို့ စစ်ခုံရုံးတင်တဲ့ကိစ္စတွေဟာ ကျနော်တို့ ပဋိပက္ခကို ပိုကြီးထွားလာပြီးတော့ ကောင်းတဲ့ဘက်ကို ဖြစ်မလာဘဲနဲ့ ကျနော်တို့ ပိုပြီးတော့ ဆိုးတဲ့ဘက်ကို ပြောင်းသွားလိမ့်မယ်လို့ ကျနော်တို့ယုံကြည်တယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ကလည်း အဲ့ဒီကိစ္စတွေကို ဇောင်းပေးနေရင် ကျနော်တို့ ပြည်သူတွေဟာ ဒီဒဏ်ကို စစ်တပ်ခံရမှာမို့ ကျနော်တို့ ပြည်သူတွေခံမယ်လို့ပဲ ကျနော်မြင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီကိစ္စတွေကိုတော့ ကျနော်တို့ မထောက်ခံဘူး။ အဲဒီကိစ္စတွေကို ကျနော်တို့အနေနဲ့ ကန့်ကွက်တယ်။

ဘီဘီစီ

ဦးသိန်းဦးအနေနဲ့လည်း ICC ထိတင်ဖို့လုပ်နေတဲ့ဆိုတော့ ခုနက ဦးအုန်းလွင် ပြောတဲ့ အချက်တွေပေါ်မှာ ဘယ်လိုယူဆပါသလဲခင်ဗျ။

ဦးသိန်းဦး

ကုလသမဂ္ဂမှာလည်း ဆုံးဖြတ်ချက်ပေါင်း (၃၁) ခုကျော်သွားပြီး မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက် နေတယ်ဆိုတာ၊ ဒီလိုလူ့အခွင့်အရေးချိုးဖောက်နေတာဟာ ဥပဒေအပေါ်မလေးစားလို့ ဖြစ်နေတဲ့ကိစ္စတွေဖြစ်တယ်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးကို ထူထောင်ရတာကိုကလည်းဘဲ ဘာကြောင့်လဲဆိုရင် အဲဒီလိုဘဲ မြန်မာနိုင်ငံလိုဘဲ ဆိုးသွမ်းတဲ့ အာဏာရှင်တွေအုပ်ချုပ်တဲ့နိုင်ငံတွေမှာ အဲဒီအုပ်ချုပ်တဲ့သူတွေကနေပြီးတော့ နိုင်ငံတော်အာဏာကို သုံးပြီးတော့ ပြည်တွင်းထဲမှာရှိတဲ့ လူသားတွေအပေါ်မှာ ဖိနှိပ်ချုပ်ချယ် နှိပ်စက်တာတွေ၊ ညှင်းပန်းတာတွေ၊ ပြီးတော့ စစ်ရာဇဝတ်မှုကျူးလွန်တာတွေ၊ လူသားမျိုးနွယ်ကို ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေ Crime again Humanity ကျူးလွန်တာတွေ အများကြီးဖြစ်တဲ့အခါကျတော့ ပြည်တွင်းမှာလည်းဘဲ သူတို့ကနေပြီးတော့ နိုင်လွန် မင်းထက်လုပ်ပြီးတော့ တရားစီရင်ရေးစနစ်ကို ဖျက်ဆီးတဲ့အခါမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးဆိုတာကို ထူထောင်ရတာဖြစ်ပါတယ်။ ဒါကြောင့်အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးကို တရားမျှတစွာ တရားစီရင်နိုင်စွမ်း မရှိတော့တဲ့ တနည်းအားဖြင့်ပြောမယ်ဆိုရင် တရားမျှတတဲ့ တရားစီရင်ရေးစနစ် ပျက်သုန်းနေတဲ့ နိုင်ငံတွေရဲ့ တရားစီရင်ရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်နိုင်ဖို့ ထူထောင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူနေတာသည်ပင်လျှင် အများဆုံး (၅) နှစ်သာ ကျနော်တို့ နေအိမ်အကျယ်ချုပ်ချနိုင်တာကို (၅) နှစ် ကျော်နေတာ ဘယ်လိုလုပ် တရားဉပဒေစိုးမိုးရေးရှိမလဲ၊ ဘယ်လိုလုပ် နအဖက တရားဉပဒေကို လေးစားလိုက်နာတဲ့သူ ဖြစ်မလဲ၊ အဲလိုလူတွေအောက်မှာ တရားဉပဒေဟာ ဘယ်တော့မှ အသက်ရှင်လာနိုင်ခွင့်မရှိဘူး၊ ဒါကြောင့်မို့လို့ ဦးအုန်းလွင် ပြောတဲ့ဟာကိုတော့ လုံးဝမှားယွင်းနေတဲ့အချက်ဖြစ်တယ်၊ ဒါဟာ တကမ္ဘာလုံးကလည်း ငြင်းနေတဲ့အချက်ဖြစ်တယ်လို့ ကျနော်ပွင့်ပွင့်လင်းလင်းပဲ ထောက်ပြချင်ပါတယ်။

ဘီဘီစီ

ဦးအုန်းလွင်ခင်ဗျ တရားဉပဒေစိုးမိုးရေးကို နအဖက ဝင်ရောက်စွက်ဖက်ပြီးတော့ ပုံသဏ္ဍာန်မျိုးနဲ့ လုပ်နေလို့ ကမ္ဘာကပြောနေရတာ၊ ICC ဆိုတာလည်းပဲ ဒီလိုကိစ္စတွေကို ကိုင်တွယ်ဖို့၊ တိုင်ကြားဖို့ ဖွဲ့ထားတာဆိုရင် ဦးအုန်းလွင်ဖက်က ဘယ်လိုပြန်ပြီးတော့ ပြောချင်ပါသလဲခင်ဗျ။

ဦးအုန်းလွင်

ကျနော်ပြောချင်တာကတော့ ခင်ဗျားတို့က အပြင်ကမြင်တဲ့ အမြင်တွေပြောတာ ကိုး၊ ကျနော်တို့ ပြည်တွင်းမှာ အေးချမ်းနေတယ်၊ အရင်ကဆို ဒါးမြတွေ၊ လုယက်မှုတွေ နယ်စပ်တွေမှာ အများကြီးရှိတယ်။ အခုဆိုလို့ရှိရင် ကျနော်တို့ နေ့နေ့၊ ညည သွားနေကြတယ်။ အဲတော့ ခင်ဗျားတို့ပြောတော့ မြန်မာပြည်ထဲမှာ ခင်ဗျားတို့ပြောပုံဆိုရင် နေစရာမရှိအောင်ဖြစ်နေရတဲ့အနေအထားမျိုးဖြစ်နေတယ်။ အဲဒီတော့ ကျနော်တို့ကတော့ အေးအေးချမ်းချမ်း နေရတယ်ဆိုတာကို ခံစားနေရတယ်။ ခင်ဗျားတို့ အပြင်ကပြောတဲ့ အနေအထားတွေ ကျနော်တို့ တိုင်းပြည်ထဲမှာ မရှိဘူး။

နောက် တရားစီရင်ရေးနေရာမှာလည်း မှားတဲ့လူ၊ မဟုတ်တာလုပ်တဲ့ သူတွေကို သူတို့ အရေးယူနေတာဘဲ၊ အရေးယူနေတယ်ဆိုတော့ ခင်ဗျားတို့ အပြင်မှာပြောနေတဲ့ဟာက တိုင်းပြည်ပျက်လုသမန်း ပြောနေတဲ့ကိစ္စမျိုး၊ ကျနော်တို့ မြန်မာပြည်ထဲမှာ မရှိဘူး၊ ကျနော်တို့ တိုင်းပြည်ထဲမှာနေတော့ ပိုသိတယ်။ ဒါကြောင့်မို့လို့ ခင်ဗျားတို့ ပြောနေတဲ့ စစ်ခုံရုံးတို့၊ ကမ္ဘာစစ်ခုံရုံးတင်မှာတို့ ဆိုတဲ့ကိစ္စတွေဟာ ကျနော်တို့ တိုင်းပြည်မှာ ဒီလောက်ထိ ဖြစ်လာနိုင်စရာ အကြောင်းမရှိဘူးလို့ ကျနော်တို့ကတော့ မြင်တယ်။

ဘီဘီစီ

ဒေါ်ခင်ဉမ္မာ တို့တွေ့ရှိချက်တွေအရကရော ဒါတွေက ဘယ်လောက်ဖြစ်နိုင်သလဲ၊ အဲ့ဒါ ဆက်ပြောပါလားခင်ဗျ။

ဒေါ်ခင်ဉမ္မာ

ဦးအုန်းလွင်ပြောနေတဲ့ ကျနော်တို့နိုင်ငံထဲမှာ ကျနော်တို့နိုင်ငံထဲမှာဆိုတဲ့ ဟောဒီပြည်သူတွေက ဟောဒီ နယ်စပ်မှာ ဒုက္ခပေါင်းမြောက်များစွာနဲ့ ဘဝကိုဖြစ်သလို တကယ့် ကိုအနိမ့်

ကျဆုံး နင်းပြားဘဝမှာ တကယ့်ကို သူများနိုင်ငံမှာ ဘယ်လောက်ဒုက္ခရောက်ပြီးတော့မှ ကြုံနေရလည်းဆိုတာကို လာလည်ဆိုရင်သိသွားပါလိမ့်မယ်။ အဲဒီခါကျလို့ရှိရင် ခုနကပြောနေတဲ့ ပြည်ထဲက လူထုဆိုတာက ဟောဒီနယ်စပ်ကလူထုဆိုတာကရော ကျမတို့ ပြည်ထဲကပြည်သူတွေ ဟုတ်လား၊ မဟုတ်လားဆိုတာကို တွေ့ပါလိမ့်မယ်။ ကျန်ခဲ့တဲ့ ရက်ပိုင်းတွင်းမှာတင်ပဲ ကျမတို့ ကရင်ပြည်သူလူထုတွေဟာ (၃၀၀၀) ကျော် နအဖရဲ့ စစ်အင်အားနဲ့ တိုက်ခိုက်တဲ့အတွက်ကြောင့်မို့လို့ ပြည်သူတွေ ထွက်ပြေးကြရတယ်။ ဒါဟာ ဥပမာ တခုဘဲရှိပါသေးတယ်။ လက်တလောဖြစ်နေတဲ့ ဥပမာပါ။ တိုင်းရင်းသားဒေသတွေမှာ ရှိနေတဲ့ ဟောဒီ ကျမတို့ပြည်သူတွေက ဒုတိယတန်းစားပြည်သူတွေမဟုတ်ပါဘူး။ ဦးအုန်းလွင်ပြောတဲ့ ပြည်သူဆိုတာ ဘယ်ပြည်သူတွေကိုပြောလဲဆိုတာ ကျမတော့မသိဘူးပေါ့ရှင့်၊ ဒါပေမယ့် ဟောဒီ သန်းနဲ့ချီပြီးတော့မှ ကျမတို့နိုင်ငံရဲ့ တိုင်းရင်းသားပြည်သူတွေဟာ ကိုယ့်အမေ၊ ကိုယ့်အမ၊ ကိုယ့်မျက်စိရှေ့မှာ မုဒိမ်းကျင့်ခံပြီး၊ အသတ်ခံနေရတဲ့ ကိစ္စတွေ၊ ကိုယ့်အိမ်၊ ကိုယ့်ရွာတွေကို မီးရှို့ခံရလို့ ထွက်ပြေးနေရတဲ့ ကိစ္စတွေ ၊ တွေ့သမျှသေနတ်နဲ့ ရမ်းပြီးအပစ်ခံရလို့ ဒုက္ခရောက်နေတဲ့ကိစ္စတွေ၊ ကိုယ့်ရွာမှာ ကိုယ်ပြန်မနေနိုင်ပဲနဲ့ တောထဲမှာပုန်းနေရတဲ့ကိစ္စတွေ၊ အဲဒါတွေက မြန်မာနိုင်ငံ မဟုတ်ဘူးဆိုလို့ရှိရင်တော့ ကျမတို့ဟာ ဟောဒီ ထိုင်းနိုင်ငံနဲ့ ကပ်နေတဲ့ နယ်စပ်တလျှောက်က ဘယ်သူ့နိုင်ငံလည်းဆိုတာကိုပဲ မေးရမလိုဖြစ်ပါလိမ့်မယ်။ အဲဒီပြည်သူတွေ အကုန်လုံးဟာ ခုနက နအဖရဲ့ တရားဥပဒေ စိုးမိုးမှုမရှိတဲ့အောက်မှာ နင်းချေချင်သလိုနင်းပြီးတော့မှာ လုပ်နေတဲ့ဟာကို ခံနေရတယ်ဆိုတာကို ကျမတို့က အပိုပြောနေတာမဟုတ်ဘူး။ ဟောဒီ ပြည်သူတွေမျက်နှာ ကျမတို့ရှေ့မှာ ရှိနေလို့ပြောနေတာ၊ လာကြည့်ရင် ပိုတွေ့ပါလိမ့်မယ်။

ဘီဘီစီ

ဟုတ်ကဲ့၊ အခိကကျနော်တို့ပြောနေတာကတော့ ခုမြန်မာနိုင်ငံမှာ လက်ရှိဖြစ်နေတဲ့ ပြည်တွင်း ပဋိပက္ခတွေ ကြောင့် နိုင်ငံတကာမှာ တရားဥပဒေနဲ့အညီ တိုင်ကြားဖို့ ကုလသမဂ္ဂက ဘယ်လောက်ထိ ဆောင်ရွက်နိုင်မလဲဆိုတဲ့ ကိစ္စတွေဖြစ်ပါတယ်။ အဲ့ဒီတော့ ၍ဃဃ ကိုသွားမယ်ဆိုရင် ဘယ်လိုပုံစံနဲ့ သွားမလဲ၊ ဘယ်လောက်နီးစပ်နေပြီးလဲ၊ အဲ့ဒါ ကို ဦးသိန်းဦးက စပြီးတော့ပြောပြပေးပါ။

ဦးသိန်းဦး

ICC ကိုသွားနိုင်ဖို့အတွက် ကျနော်တို့ ပထမဆုံးအချက်ကတော့ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို ကြည့်ရပါလိမ့်မယ်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ် အခန်း (၇) အရ လုံခြုံရေး ကောင်စီရရှိတဲ့ အခွင့်အာဏာတွေထဲမှာ ဆိုလို့ရှိရင် လုံခြုံရေးကောင်စီအနေနဲ့ကတော့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိမ်းသိမ်းဖို့နဲ့ ပတ်သက်သမျှအရေးယူ ဆောင်ရွက်တာတွေ၊ ဆုံးဖြတ်တာတွေ၊ အကြံပြုတာတွေ ပြုလုပ်နိုင်တယ်လို့ ကျနော်တို့ ပြောထားတာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်နောက်ပိုင်းမှာဆိုလို့ရှိရင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးပေါ်လာတဲ့ အခါမှာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကြားထဲမှာ ကျနော်တို့ တရားဝင်ဆက်စပ်မှုတွေ ရှိလာပါတယ်။ အဲဒါကြောင့်မို့လို့ ကျနော်တို့ ဟားဗက်တက္ကသိုလ် ကနေပြီးတော့ လုပ်တဲ့ကိစ္စမှာဆိုလို့ရှိရင် ဒီကုလသမဂ္ဂလုံခြုံရေးကောင်စီ အပိုဒ် အခန်း (၇) ကိုအသုံးပြုပြီးတော့ ကြိုးစားလာတာမျိုး ကျနော်တို့တွေ့ရပါတယ်။ လုံခြုံရေးကောင်စီ အဖွဲ့ဝင်

တွေကနေပြီးတော့ ၅၂၉၁၉ တရားစွဲဆိုတဲ့ လူပေါ့ဗျာ့ မသျှနခကအသမ သ် အ့န ၅၂၉၁၉ ကို နအဖစစ်အစိုး ရရဲ့ ကျူးလွန်မှုတွေကို အရေးယူပေးဖို့အတွက် ဆုံးဖြတ်ချက်မူကြမ်းကို ရေးဆွဲအဆိုပြုနိုင်ပါ တယ်။ အအေကအန ရဲ့ အပိုဒ် ၁၃ (ခ) အရဆိုလို့ရှိရင် လုံခြုံရေးကောင်စီက လွှဲပြောင်းပေးတဲ့ မှုခင်းတွေကို ICC ကတရားစွဲဆိုဖို့တာဝန်ရှိလာပါတယ်။

ဘီဘီစီ

ဒါပေမယ့် တစ်ချက်က Rome Statute လို့ခေါ်တဲ့ ဒီ ICC အဖွဲ့ဝင်အဖြစ် လက်မှတ်မထိုးထားတဲ့ မြန်မာနိုင်ငံမှာရော လက်တွေ့ဖြစ်နိုင်သလား၊ ဒေါ်ခင်ဥမ္မာ ပြောပြပါခင်ဗျ။

ဒေါ်ခင်ဥမ္မာ

မြန်မာနိုင်ငံက လက်မှတ်မထိုးထားဘူးဆိုပေမယ့်လို့ တကယ်တမ်း တခြားနိုင်ငံ တွေမှာ လက်မှတ်မထိုးထားပေမယ့် အခုလိုမျိုး သိပ်ကိုဆိုးဆိုးဝါးဝါး လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျူးလွန်မှုတွေကို အာဏာရှင်က ဒီအုပ်ချုပ်သူက လုပ်လာပြီးဆိုလို့ရှိရင် ခုနက နိုင်ငံတကာက ကုလသမဂ္ဂအသိုင်းအဝိုင်းက မဖြစ်မနေလုပ်လို့ရမယ် ဆိုတဲ့ဟာမျိုးတွေ ရှိလာပါတယ်။ ၂၀၀၈ ခုနှစ်မှာ လုံခြုံရေးကောင်စီက ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်မှာ လုံခြုံရေး ကောင်စီဆုံးဖြတ်ချက် အမှတ် ၁၈၂၀ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ခုနက Rome Statute ကို မထိုးထားတဲ့ နိုင်ငံဖြစ်ပစေအုံး၊ သူ့နိုင်ငံ ပြည်သူလူထုရဲ့ ဘဝ၊ အသက်အိုးအိမ်စည်းစိမ်ကို အာဏာရှင်အုပ်ချုပ်သူက မကာကွယ်တဲ့အပြင် အခုလိုမျိုး ဆိုးဆိုးဝါးဝါး ရက်စက်ကြမ်းကြုတ်မှုတွေ လုပ်ပြီးဆိုလို့ရှိရင်တော့ ခုနက Rome Statute ထဲကနေပြီးတော့ပဲ ဖြစ်ဖြစ်၊ တခြားနိုင်ငံတကာ ဥပဒေလမ်းကြောင်း ကနေပြီးတော့မှ သင့်တော်သလို ခုံရုံးတည် ဆောက်ပြီးတော့ပဲဖြစ်ဖြစ် ဒီလိုမျိုးကျူးလွန်တဲ့သူ တွေကို ဥပဒေအရ အရေးယူလို့ရတဲ့ ဟာမျိုးရှိပါတယ်။ ဥပမာ တခြားနိုင်ငံတွေမှာ Sudem, Rwanda စသဖြင့် ဒီလိုနိုင်ငံတွေမှာ ကျမတို့ ဒီလိုမျိုးကိစ္စတွေရှိပါတယ်ရှင့်၊ ကျမတို့ အခုသေချာ တာကတော့ နအဖရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေသည် နိုင်ငံတကာတရားဥပဒေကြောင်း အရ ကြည့်လို့ရှိရင် တရားမှန်ကန်မှုနဲ့၊ တရားမျှတမှုကိုကြည့်လို့ရှိရင် ဥပဒေကြောင်းအရ ဘယ်လိုမှ လွှဲရှောင်လို့မရတဲ့၊ ငြင်းဆိုလို့မရတဲ့ လူသားရာဇဝတ်မှုကျူးလွန်မှုတွေ ဖြစ်နေတယ် ဆိုတာကိုပါပဲ။ အဲဒီပေါ်မှာ လူသားရာဇဝတ်မှု ကျူးလွန်မှုမြောက်တယ် ဆိုတာသေချာပြီးဆိုလို့ရှိ ရင် အနောက်က ဒါကို ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာက လူသားတာဝန်ကို သိတက်တဲ့ လူ့အသိုင်းအဝိုင်းတိုင်းကနေပြီး ဆောင်ရွက်တက်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ကျမတို့က နအဖကို ဘယ်သူ၊ ဘယ်ဝါ၊ အငြိုးအတေးရယ် မဟုတ်ဘဲနဲ့ တကယ် ဒီလိုမျိုး မတရားကျူး လွန်မှုကိုခံလိုက်ရတဲ့ ပြည်သူတွေအတွက် တန်ရာတန်ဘိုး တရားမျှတမှုဆိုတဲ့ဟာကို ဖေါ်ဆောင်ရေးသည် ကျမတို့ လူ့အသိုင်းအဝိုင်းကြားမှာ မှန်ကန်တဲ့ ပြန်လည်သင့်မြတ်ရေးအတွက်ကို တည်ဆောက်ဖို့အတွက် အခြေခံကျတဲ့အချက်ဖြစ်တယ်လို့ပဲ ကျမတို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့လည်း ပြည်သူအတွက် အမှန်တရားကို ကျမတို့ထုတ်ဖော်ဖို့ အချိန်ဘယ် လောက်ကြာမယ်ဆိုတာကို ကျမတို့မသိပေမယ့် အဲဒီအပေါ်မှာ ကျမတို့အဓိကမထားပေမဲ့ ဖြစ်သင့်တဲ့ကိစ္စကို ဖြစ်အောင်လုပ်ရမယ်ဆိုတဲ့ အပေါ်မှာ ကျမတို့ လုပ်နေတာဖြစ်တယ်။

ဘီဘီစီ

အိုင်စီစီကို ဘာကြောင့်တင်သင့်သလဲ၊ ဘယ်လိုတွေ့ရှိချက်တွေပေါ်မှာ အခြေခံသလဲ လို့ ဒေါ်ခင်ဥမ္မာတို့က ပြောတာပေါ့နော်၊ ဒီလိုဆောင်ရွက်မှုလည်းပဲ ပြည်တွင်းမှာ ပြန်လည်ပြီး တော့ အမျိုးသားသင့်မြတ်ရေးအတွက် အမှန်တရားအတွက် ရပ်တည်နိုင်မယ်လို့ ပြောတယ်။ ဦးအုန်းလွင်အနေနဲ့ လက်တွေ့မှာ ICC ကိုတင်ဖို့ ဖြစ်နိုင်လား၊ မဖြစ်နိုင်လား၊ သက်သေထွက် ဆိုချက်တွေကိုရော ဘယ်လိုလုပ်နိုင်မလဲ၊

ဦးအုန်းလွင်

ကျနော်တို့ မြန်မာ့တပ်မတော်ရဲ့ အနေအထားဟာ ဒါတွေကိုလက်ခံမယ်၊ ဒါတွေ လုပ်လိုက်လို့ရှိရင် Pressure တွေပေးလိုက်လို့ရှိရင် နောက်ဆုတ်သွားမယ်လို့ ကျနော်တို့ မယုံ ဘူးခင်ဗျ၊ သူ့ကိုလည်း ကျနော်တို့က အမျိုးသားရေးအင်အားစု တစ်ရပ်အဖြစ် အသိအမှတ်ပြုပြီးတော့ ကျနော်တို့ တောင်အာဖရိကနိုင်ငံ အပြောင်းအလဲ လိုပေါ့ဗျာ၊ တစ် ယောက်နဲ့ တစ်ယောက် အပြန်အလှန်အသိအမှတ်ပြုပြီတော့ ငြိမ်းချမ်းရေးယူသွားတယ်၊ နိုင်ငံ ရေးကို ချဲ့ထွင်ပြီးတော့ ကိုယ်လိုချင်တာကို ယူသွားတဲ့နိုင်ငံရေးလို့ဘဲ ကျနော်တို့ယုံကြည်တယ်။ ရန်ဖြစ်တဲ့နိုင်ငံရေးဆိုတာကတော့ အခုလည်း အနှစ် (၂၀) ကျော်လာခဲ့ပြီး၊ နောက်ထပ်ပြီးတော့ ကျနော်တို့ ရန်ဖြစ်နေရင် ဆက်ပြီးတော့ ကြာနေအုံးမှာပဲ၊ အခုဒီနေ့ပြောတဲ့ ခေါင်းစဉ်နဲ့ ပတ် သက်လာရင် ကျနော်တို့က အပြင်က Pressure တွေပေးပေး၊ ကမ္ဘာ့ အဖွဲ့အစည်းတွေက ပေးပေး ကျနော်တို့ကတော့ မထောက်ခံဘူး။ ကျနော်တို့က အဲဒါကို ကန့်ကွက်တယ်။ ပြည်တွင်းမှာပဲ ကျနော်တို့အချင်းချင်း၊ ပြည်သူပြည်သား အချင်းချင်း၊ အပြန်အလှန်နား လည်မှု ယူပြီးတော့ သိမ်သိမ်မွေ့မွေ့နဲ့ အခုတပ်မတော်က ပေးတဲ့အခွင့်ကိုယူပြီးတော့ နောက်ထပ် ကျနော်တို့ ချဲ့ထွင်သွားပြီးတော့ ကျနော်တို့ အရပ်သားအစိုးရ ပြည့်ပြည့်ဖြစ်အောင် ကျနော် တို့ ကြိုးစားယူမယ်။ ဒါကျနော်တို့ရဲ့ ခံယူချက်ဖြစ်ပါတယ်။

ဘီဘီစီ

ဒီတောင်အာဖရိကကလိုဘဲ တခါတည်း ပြန်လည်ရင်ကြားစေ့ရေးကို ငြိမ်းချမ်းတဲ့ နည်းနဲ့ လုပ်သင့်တယ်ဆိုတဲ့အပေါ်မှာ လိုရင်းကို ပြန်ပြီးတော့ သုံးသပ်ပေးပါ။ ဒေါ်ခင်ဥမ္မာ ပြောပြ ပေးပါ။

ဒေါ်ခင်ဥမ္မာ

နိုင်ငံရေး ပြဿနာကို ဖြေရှင်းတဲ့တစ်ချိန်တည်းမှာပဲ ပြည်သူအတွက် ကျမတို့ ခုနက ပြောနေတဲ့ မတရားလုပ်ခံနေရတဲ့ ကိစ္စတွေအတွက် အမှန်တရားကိုတော့ အဲဒီနိုင်ငံရေးခေါင်း ဆောင်တွေအားလုံးက ရှာဖွေပေးသွားပါတယ်။ အဲဒါကြောင့် ကျမတို့ (Truth Diary Concen tration Commission) အမှန်တရားနဲ့ ပြန်လည်ဖော်ထုတ်ရေး ကော်မရှင်ဆိုပြီးတော့ ဖွဲ့ပြီး လုပ်ကြတာပါ။ ဆိုတော့ ဒါကပြည်သူအတွက် တရားမျှတရေးဆိုတဲ့ ကိစ္စတခုဖြစ်ပါတယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ နအဖက နေပြီးတော့ ချိုချိုသာသာနဲ့ ဆက်ဆံပြီး ချိုချိုသာသာနဲ့ သူ့ဘက်က တုံ့ပြန်လိမ့်မယ်ဆိုရင်တော့ အာဏာကိုလက်ကိုင်ထားပြီး သေနတ်ကိုင်ထားတဲ့သူ ကို ကျမတို့ ပြည်သူတွေက ခုနက ဦးအုန်းလွင်တို့ကိုရော ဘယ်လောက်ချိုချိုသာသာ ဘယ်နှယ်နှစ် ဆက်ဆံခဲ့လို့ အခုအချိန်မှာ ၂၀၁၀ ကျတော့မှ အဲဒီချိုသာမှုကို ပြန်ရမလဲဆိုတာ

ဒါမေးစရာတခုဖြစ်ပါတယ်။ အထူးသဖြင့်တော့ ခုနက ဦးအုန်းလွင် ပြောနေတဲ့ ပြည်သူတွေအား လုံးအတွက် မျှမျှတတဖြစ်နိုင်ဖို့ တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတခုကို တည်ထောင်မယ်ဆိုရင်တော့ ခုနက ၂၀၁၀ ရွေးကောက်ပွဲဟာ အဖြေမဟုတ်ဘူးလို့ပဲ ကျမပြောချင်ပါတယ်။

ဘီဘီစီ

အိုင်စီစီကနေသွားရင် ပြည်တွင်းမှာ ဖိအားပိုပေးရာ ရောက်မလား၊ ပိုဆိုးမလား၊ ပို ကောင်းမလား အဲဒါကိုလိုရင်း ပြောပြပေးပါ ဦးသိန်းဦးခင်ဗျ။

ဦးသိန်းဦး

ဦးအုန်းလွင်က သိက္ခာရှိတဲ့ တပ်မတော်ရဲ့ အခန်းကဏ္ဍကို သူကောင်းစွာနားမလည် လို့ပြောနေတာဖြစ်တယ်၊ ကျတော်တို့ ပြောနေတာက အာဏာရှင်ကြီးမှူးတဲ့ စစ်ခေါင်းဆောင် နဲ့ ပြည်သူချစ်တဲ့ တပ်မတော်က တခြားစီပါ၊ အခုလုပ်တာက တပ်မတော်က လုပ်နေတာမဟုတ် ဘူး၊ အာဏာရှင်ကြီးမှူးတဲ့ ခေါင်းဆောင်အချို့က တပ်မတော်ကို ခုတုံးလုပ်ပြီးတော့၊ တပ်မတော်ကို အသုံးချပြီးတော့ လုပ်နေတဲ့အတွက်ကြောင့်မိုလို့ တပ်မတော်တခုလုံးက သိက္ခာကျနေရတယ်၊ အဲဒါကြောင့်မို့လို့ အဲလိုဖြစ်နေတဲ့ဟာကို လုပ်နိုင်တာကတော့ ပြည်ပကနေဝိုင်းဝန်းပြီးတော့ ပြည်တွင်းပြည်ပ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဖြစ်နိုင်တယ်။ အဲလိုဖြစ် နိုင်တဲ့ အနေ အထားက ဘယ်မှာလဲဆိုရင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးမှာ အာဏာရှင်ကြီးမှူးနေတဲ့ စစ်ခေါင်းဆောင်တွေကို တရားစွဲခြင်းအားဖြင့်သာ ဖြစ်နိုင်တယ်။

ဘီဘီစီ

မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ပဋိပက္ခတွေ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် ICC လို့ခေါ်တဲ့ နိုင်ငံတကာရာဇဝတ်ခုံရုံးကို ဘယ်အတိုင်းအတာထိ ဖြစ်နိုင်သလဲဆိုတဲ့အကြောင်းကို အပြန်အလှန် သဘောထား အမျိုးမျိုးကို တင်ပြကြတာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်ကစပြီး ဒဟိတ်မှာ နိုင်ငံတကာရာဇဝတ်ခုံရုံးပေါ်လာပြီးတဲ့နောက် လူသားတွေအပေါ်မှာ ရက်ရက်စက် စက်ကျူးလွန်တဲ့ အမှုတွေကို စတင်စုံစမ်းစစ်ဆေးနိုင်ခဲ့ပါပြီး ၊ အခုလို နိုင်ငံတကာ တရားစီရင်ရေး စနစ်ပုံစံ ပေါ်လာချိန်မျိုးမှာ လူ့အခွင့်အရေး ချိုးဖောက်တယ်ဆိုတဲ့ ပြစ်မှုတွေကို စုံစမ်းဖော်ထုတ်ဖို့ အတွက် လမ်းစပေါ်လာပြီးလို့ နိုင်ငံတကာ ဥပဒေရေးရာဆိုင်ရာ ပုဂ္ဂိုလ်တွေက ပြောဆိုလာကြ ပြီးဖြစ်ကြောင်း မြန်မာ့အရေး ကမ္ဘာ့အရေးအစီအစဉ်က တင်ဆက်လိုက်ရပါတယ် ခင်ဗျား။

*(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ ဇွန် ၁၄ ရက်နေ့ တွင် ဘီဘီစီသတင်းဌာနမှ ဖော်ပြထားချက်ကို စာစောင်ပရိတ်သတ်များ အား ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကြပ်အတည်းအပေါ် ဆွေးနွေးသုံးသပ်ခြင်း

**ဘီဘီစီ**

မြန်မာနဲ့မြောက်ကိုးရီးယား နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေ ပိုလုပ်လာတာဟာ အိမ်နီးချင်းတွေသာမက အာရှဒေသတွင်း တည်ငြိမ်ရေးတွေကိုပါ ခြိမ်းခြောက်လာနိုင်တယ် ဆိုပြီးတော့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးက ထိုင်းနိုင်ငံမှာဆိုက်ရောက်စဉ် သတင်းစာသမားတွေကို ပြောလိုက်ပါတယ်။ ထိုင်းနိုင်ငံမှာ ပြုလုပ်နေတဲ့ အာဆီယံအစည်းအဝေးပွဲမှာ မြန်မာ့နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကလည်းဘဲ ပြည်ပကဖိအားပေးမှုတွေ၊ ပိတ်ဆို့အရေးယူမှုတွေကြောင့် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အဟန့်အတားတွေ ဖြစ်စေတယ်လို့ တုံ့ပြန်ပါ တယ်။ အဲ့တော့ အခုတလော ဒီကုလသမဂ္ဂအပါအဝင် အာဆီယံတို့ ဒေသတွင်းအစည်းအဝေးပွဲတွေ မြန်မာ့နိုင်ငံရေး ကိုဖိအားပေးတိုင်း ဒါဟာ ပြည်တွင်းရေး သက်သက်ဖြစ်တယ်ဆိုပြီးတော့ မြန်မာအစိုးရက ပယ်ချလေ့ရှိပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ နိုင်ငံရေးအကျပ်အတည်းဟာ တကယ့်ပြည်တွင်းရေး သက်သက်ပဲလား။ ဒါမှမဟုတ် နိုင်ငံတကာကရော ဘယ်အတိုင်းအတာထိ ပါဝင်ဆွေးနွေးစွက်ဖက်နိုင်ပါသလဲ။ ဒီအကြောင်း မြန်မာ့အရေး ကမ္ဘာ့အရေးမှာဆွေးနွေးဖို့အတွက် ပြည်တွင်းမှာရှိတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနကျောင်း တော်သားစုရဲ့ တာဝန်ခံ ဦးလှမြင့်၊ ဩစတေးလျနိုင်ငံမှာရှိတဲ့ ကမ္ဘာဇရုံးရဲ့ဒါရိုက်တာ ဒေါက်တာမြင့်ချို နှင့် ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး တို့ကို လေလိုင်းပေါ်ကနေပြီး ပါဝင်ဆွေးနွေးဖို့ ဖိတ်ကြားထားပါတယ်။

အခုအခြေအနေဟာ တကယ့်ပြည်တွင်းရေးသက်သက်ပဲလား။ အချုပ်အခြာအာဏာပိုင်ခွင့်ကိုရော ဘယ်လို သတ်မှတ်ပြီးတော့ ရှောင်ရှားဖို့လိုသလဲ နိုင်ငံတကာကနေပြီးတော့ ဦးအောင်ထူးစပြီးတော့ ပြောပြပေးပါ။

**ဦးအောင်ထူး**

ကျွန်တော်တို့ မြန်မာနိုင်ငံအရေးကို နိုင်ငံတကာဥပဒေအခြေခံကနေ စဉ်းစားဖို့ လိုပါတယ်။ အဲ့လိုစဉ်းစားတဲ့ အခါကျတော့ အခြေခံအားဖြင့် မြန်မာနိုင်ငံကိစ္စဟာ ပြည်တွင်းရေးသက်သက်သာဖြစ်တယ်။ ဒါကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်လို့ မရနိုင်ဘူးဆိုတဲ့ အယူအဆအတွေးအခေါ်က လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀) ကျော်ထက်က သုံးစွဲလာတဲ့ အတွေးအခေါ်အယူအဆဖြစ်တယ်။ အခုအခြေအနေထိ ဆက်သုံးနေသေးတယ်။ ၁၉၉၁ ခုနှစ်ကစလို့ နိုင်ငံတော်ဥပဒေအခြေခံကပြောင်းသွားတယ်။ သက်ဆိုင်ရာနိုင်ငံတိုင်းမှာ ဖြစ်နေသော်ငြားလည်းပဲ အဲ့ဒီထဲမှာဖြစ်နေတဲ့ ဖြစ်ရပ်တွေဟာ အဓိကအားဖြင့် နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်နေတာဖြစ်တယ် ဆိုရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်နိုင်တာဖြစ်တယ်။

ယနေ့အချိန်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံမှာသွားတဲ့လမ်းကြောင်းရော ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာတင်ပြပုံကို ကျွန်တော်တို့က

ပြန်လည်ဆန်းစစ်ဖို့လိုအပ်လာတယ်။ ကျွန်တော်တို့ နိုင်ငံသားတစ်ယောက်အနေနဲ့ အထွေထွေ အတွင်းရေးမှူးချုပ်သွားတဲ့ခရီးစဉ်ကို ထောက်ခံရမယ်၊ ကြိုဆိုရမယ်၊ အားပေးရမယ်၊ ဝမ်းသာရမယ်၊ ဒါပေမယ့် ချည်းကပ်ပုံက လွဲနေတယ်လို့ ကျွန်တော်တို့ပြောချင်တယ်။ အခုအထွေထွေ အတွင်းရေးမှူးချုပ်ရဲ့ လုံခြုံရေးကောင်စီမှာ တင်ပြတဲ့ ပဋိဉာဉ်တခုလုံးကို ပြန်ည်သုံးသပ်ကြည့်တဲ့ အခါမှာ စကားလုံးတွေအရ အင်မတန် အသုံးနှုန်းလှပနေသော် ငြားလည်းပဲ တခုလုံးရဲ့ အနှစ်သာရအရ ပြည်တွင်းကိစ္စသက်သက်ကိုသာ ဖောင်းပေးထားခြင်းဖြစ်တာကြောင့် ကျန်တဲ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်တွေကနေပြီးတော့ ကန့်ကွက်ပြီးတော့ ဒါဟာတော့ဖြင့်ရင် ပြည်တွင်းရေး သက်သက်တွေသာဖြစ်တယ်၊ လုံခြုံရေးကောင်စီနဲ့မဆိုင်ဘူးလို့ ဆွေးနွေး လာနိုင်စရာတွေရှိလာတယ်။ အထွေထွေအတွင်းရေးမှူးချုပ်က တင်ပြရမယ့် အဓိကအချက်က ဘာလဲဆိုတော့ ယနေ့မြန်မာနိုင်ငံမှာဖြစ်နေတဲ့အခြေအနေတွေဟာ နိုင်ငံတကာပြစ်မှုတွေကို ချိုးဖောက်နေတဲ့အခြေအနေတွေရောက်နေပြီး၊ အဲ့တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေဖြစ်တဲ့ ဆုံးဖြတ်ချက် အမှတ် ၁၈၂၀၁၃၂၅ စတဲ့ဆုံးဖြတ် ချက်တွေနဲ့အညီ အရေးယူကိုင်တွယ်ဆောင်ရွက်ဖို့လိုတယ်။ ဒီအခြေခံပေါ်က ချည်းကပ်ရမယ်ဆိုတဲ့ဟာမျိုးကို တင်ပြ စဉ်တုန်းက တလုံးမှပါမသွားဘူးဖြစ်တယ်။

**ဘီဘီစီ**

ဟုတ်ကဲ့ ဦးအောင်ထူးရေ အတွင်းရေးမှူးချုပ်ကြီးက အမျိုးသားပြန်လည် သင့်မြတ်ရေး အနေနဲ့အဓိက တောင်းဆိုနေတာဆိုတော့ ခုနကပြောတဲ့အပြစ်ပေးအရေးယူရေးဆိုတဲ့ mandate ကရော သူ့မှာ လုပ်ပိုင်ခွင့်ထဲမှာ ပါသလားခင်ဗျ။

**ဦးအောင်ထူး**

ဒီလိုပါခင်ဗျ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လာတဲ့ထူးခြားချက်ပေါ်အခြေခံပြီးတော့ ထူးခြားသလို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်က ချည်းကပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယနေ့တကမ္ဘာ လုံးက လက်ခံလာကြတဲ့ အငြင်းမပွားတဲ့အချက်ကတော့ အင်မတန်ကြီးမားတဲ့ပြစ်မှုကြီးတွေဖြစ်နေတယ်၊ နိုင်ငံတကာ အဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ဖြစ်နေတယ်။ အဲ့ဒီပြစ်မှုကြီးတွေအရေးယူဆောင်ရွက်ခြင်းမရှိဘဲနဲ့ အမျိုးသားပြန်လည်သင့် မြတ်ရေး ဘယ်တော့မှ မရနိုင်ဘူး။ တကယ့်စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးမဖြစ်နိုင်ဘူး။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုယ်တိုင်က ဒီလောက်ကြီးမားတဲ့ ပြစ်မှုကြီးတွေဖြစ်နေတာကို ဖော်ထုတ်ပြောဆိုခြင်း မရှိဘဲနဲ့ ဒီအတိုင်းဝင်သွားပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ တိုးတက်ဖွံ့ဖြိုးရေးတို့ လူ့အခွင့်အရေးတို့ပြောနေရုံသက်သက်နဲ့တော့ မြန်မာနိုင်ငံ အခြေအနေက တိုးတက်လာနိုင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တင်ပြချင်ပါတယ်။

**ဘီဘီစီ**

ဦးအောင်ထူးရဲ့ဆွေးနွေးချက်ထဲမှာတော့ မြန်မာနိုင်ငံမှာ အစိုးရဘက်ကနေပြီးတော့ ကြီးမားတဲ့ပြစ်မှုကြီးတွေ ကျူးလွန်တယ်လို့ စွပ်စွဲချက်တွေ တွေ့ရှိချက်တွေကို သူထောက်ပြတယ်၊ အဲ့ဒီတော့ ပြည်တွင်းက ဦးလှမြင့်ကရော ပြည်တွင်းမှာ ကျူးလွန်မှုတွေရှိလားခင်ဗျ။

**ဦးလှမြင့်**

ပြည်တွင်းမှာ ခုနက ဦးအောင်ထူးပြောသလို ဂျီနိုဆိုက်တို့ စသည်ဖြင့်ပေါ့လေ နိုင်ငံတကာဥပဒေနဲ့အရေးယူ နိုင်တဲ့ ကျူးလွန်မှု ကြီးမားတဲ့ဟာမျိုးတော့ မတွေ့ရဘူးခင်ဗျ၊ ကျွန်တော်ဆွေးနွေးချင်တာက ကျွန်တော်တို့အခုရှိပါတယ်၊ ဒါကို နိုင်ငံတကာဥပဒေက လက်ခံထားပါတယ်။ သူ့နိုင်ငံရဲ့အချုပ်အချာ အာဏာနှင့်သူ ဆုံးဖြတ်ပိုင်ခွင့်တွေ စီရင်ပိုင်ခွင့်တွေရှိပါတယ်။

**ဘီဘီစီ**

ဒါပေမယ့်လို့ ကုလသမဂ္ဂ အစီရင်ခံစာတွေထဲမှာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်တဲ့ ပြစ်မှုအကြီး ကြီးတွေ ရှိတယ်ဆိုတဲ့ အစီရင်ခံစာတွေကလည်း ထွက်နေတာပဲမဟုတ်လား။

**ဦးလှမြင့်**

နှိုင်းယှဉ်ပြီးပြောရရင်ပေါ့လေ၊ လူမျိုးတုံးသတ်ဖြတ်တာတို့ စသည်ဟာဖြင့်ပေါ့လေ ဂျီနိုဆိုက်ဟာမျိုးတွေ ကြီး မားပြီးတော့ နိုင်ငံတကာကဝင်ပြီးတော့ စွက်ဖက်ရတဲ့ ဟာမျိုးတွေမရှိသေးတဲ့အတွက် ကုလသမဂ္ဂကနေ ဝင်ပြီးတော့ မစွက်ဖက်ပေးဘူးလို့ဘဲ ကျွန်တော်ကယူဆပါတယ်။ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ အားနည်းချက်၊ ချွတ်ယွင်းချက်တွေက မရှိဘူးတော့မဟုတ်ဘူး၊ ရှိတော့ရှိမှာပေါ့လေ၊ သို့သော်အတိုင်းအတာအရ ကုလသမဂ္ဂကက ဝင်ပြီးတော့ ဆောင်ရွက်ရမယ့်အခြေအနေ မလိုအပ်သေးဘူးလို့ဘဲ ကျွန်တော်ထင်တယ်။

**ဘီဘီစီ**

နိုင်ငံတကာက ဝင်ရောက်ပြီးတော့ အရေးယူနိုင်လောက်တဲ့ပြစ်မှုမျိုးတွေ မရှိဘူး၊ မလိုအပ်သေးဘူးဆိုတဲ့ ဦးလှမြင့်ရဲ့အမြင်ကို ဒေါက်တာမြင့်ချိုကနေပြီးတော့ ဘယ်လိုယူဆသလဲခင်ဗျ။

**ဒေါက်တာမြင့်ချို**

မြန်မာနိုင်ငံရဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ ရှု့ဒေါင့် သုံးခုကနေကြည့်ဖို့လိုပါတယ်။ နိုင်ငံတကာ တရားဥပဒေကို အခြေပြုတဲ့ ရှု့ဒေါင့်ကိုလည်းကြည့်ဖို့လိုပါတယ်။ နောက်အခွင့်အရေးပေါ်အခြေပြုတဲ့ ရှု့ဒေါင့်ကလည်း ချဉ်းကပ်ဖို့လိုသလို အကျိုးစီးပွားတွေပေါ်မှာ အခြေပြုတဲ့ ရှု့ဒေါင့်ကလည်း ချဉ်းကပ်ဖြေရှင်းဖို့လိုပါတယ်။ ဒီရှု့ဒေါင့် သုံးခုလုံးကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလုပ်ထားတဲ့ ပြစ်မှုတွေဟာ နိုင်ငံတကာတရားဥပဒေနဲ့ ကြည့်မယ်ဆိုရင် လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုတွေဖြစ်ပါတယ်။ ဒါ့အပြင် စစ်ရာဇဝတ်မှုတွေလည်းဖြစ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကတော့ဖြင့် နိုင်ငံတကာတရားဥပဒေကနေ အခြေပြုပြီးတော့ အရေးယူဖို့လိုအပ်တယ်။ မြန်မာနိုင်ငံ ပြဿနာဟာ ပြည်တွင်းမှာသာဖြစ်တယ်လို့ ပြောလို့မရတော့ပါဘူး၊ စောစောက

ကျွန်တော်ပြောသလို လူ့အခွင့်အရေးချိုးဖောက်မှုတွေကြောင့် နိုင်ငံတကာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေကို ပြန့်သွားရတဲ့ ဒုက္ခသည်ပြဿနာတွေ၊ အိတ်ချ်အိုင်ဗီအိတ်ချ် ပြဿနာတွေ၊ ဘိန်းဖြူတို့ အက်ဖက်တမင်းတို့လို မူးယစ်ဆေးဝါးကိစ္စတွေလည်း အိမ်နီးချင်းနိုင်ငံတွေမှာ ပြဿနာတက်ကုန်တဲ့အပြင် တလောကမှ မြောက်ကိုရီးယားနဲ့ ပတ်သက်တဲ့ နူးကလီးယားပြဿနာတွေပါ ပါလာတဲ့အခါကျတော့ မြန်မာ့အရေးဟာ နိုင်ငံတကာဒေသရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကိုပါ ခြိမ်းခြောက်နေတဲ့အတွက်ကြောင့် နိုင်ငံတကာက မြန်မာ့အရေးမှာ ပါဝင်ပတ်သက်ပြီးတော့ ဝိုင်းဖြေရှင်းဖို့ လိုအပ်လာပြီးလို့ ကျွန်တော်အနေနဲ့ ယူဆပါတယ်ခင်ဗျ။

**ဘီဘီစီ**

ဦးလှမြင့်ဘက်က ဒေါက်တာမြင့်ချို့ရဲ့ ဆွေးနွေးချက်ပေါ်မှာ ပြန်ပြီးတော့ တုံ့ပြန်ဆွေးနွေးပေးပါအုံးခင်ဗျ။

**ဦးလှမြင့်**

နိုင်ငံတကာက ဝင်ပြီးတော့ကူညီဖို့ ကိစ္စတွေ၊ စွက်ဖက်ဖို့ကိစ္စတွေကို ကျွန်တော်မူအရ လက်ခံပါတယ်။ ဒါပေမယ့် ပြဿနာအမျိုးအစားကိုကြည့်တဲ့အခါမှာ နည်းနည်းကွဲလွဲစေပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အဓိကကျတဲ့ပြဿနာကြီးတွေဟာ ကျွန်တော်တို့ တိုင်းသူပြည်သားတွေ ဆင်းရဲမွဲတေမှုဖြစ်နေတယ်၊ အခုပြည်တွင်းမှာ ဆက်လက်ပြီးတော့ ကျန်နေသေးတယ်၊ အဲဒါတွေရဲ့ နောက်ဆက်တွဲပြဿနာတွေက ခုနက ဒေါက်တာမြင့်ချို့ပြောတဲ့ ဒုက္ခသည်ပြဿနာတွေ စသည်ဖြင့် အိမ်နီးနားခြင်းတွေမှာ ခိုလှုံရတဲ့ပြဿနာတွေ အဲဒါတွေက အကျိုးဆက်တွေက ဖြစ်လာတယ်။ ခုနက အကြောင်းအရင်းဖြစ်တဲ့ ပြဿနာကြီးတွေကို ကျွန်တော်တို့ နိုင်ငံတကာက မကိုင်တွယ်ဘဲနဲ့ ကျွန်တော်တို့ ဒီမိုကရေစီရေး၊ အခုဖြစ်နေတဲ့ကိစ္စတွေကို ရှေ့တန်းတင်ပြီးတော့ ပြောနေရင် အဓိကကျတဲ့ ပြဿနာကြီးတွေကို ဖြေရှင်းရာမရောက်ပါဘူး၊ အဓိကကျတဲ့ ပြဿနာဖြေရှင်းရာမရောက်တဲ့အတွက် အကျိုးဆက်တွေကလည်း ဆက်လက်ပြီးတော့ ဖြစ်ပွားနေမှာပါဘဲ။

**ဘီဘီစီ**

သံတမန်ရေးအရ ဖိအားပေးတဲ့အခါမှာ ဘယ်ဟာကတော့ ပြည်တွင်းရေးဘဲ၊ ဘယ်ဟာကတော့ နိုင်ငံတကာအရေးဘဲဆိုတာ ဘယ်လိုသတ်မှတ်မလဲ၊ ဦးအောင်ထူးအမြင်ကို ဆွေးနွေးပေးပါလားခင်ဗျ။

**ဦးအောင်ထူး**

ကျွန်တော်တို့ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ ချည်းကပ်ချက်က သူ့မိန့်ခွန်းတစ်ခုလုံးကို ပြန်ဖတ်ကြည့်ရင်တွေ့ရပါလိမ့်မယ်။ အချက်သုံးချက်ကို ကြည့်ရင် (၁) နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ဖို့၊ (၂) တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့၊ (၃) ၂၀၁၀ ရွေးကောက်ပွဲ အဲ့ဒီချက်သုံးချက်လုံးက အခြေခံအားဖြင့်ကောင်းပါတယ်။ ဒီအချက်သုံးချက် ထဲကိုဖော်ပေးချည်းကပ်တဲ့အခါကျတော့ ဘာသွားဖြစ်သွားလဲဆိုတော့ သက်ဆိုင်ရာ ပြည်တွင်းရေးသက်သက်ဖြစ်

သွားတယ်။ အဲတော့ ပြည်တွင်းရေးသက်သက် ဖြစ်သွားတယ်ဆိုရင်တော့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီက အရေးယူဆောင်ရွက်နိုင်ဖို့ အလားလာက မရှိတော့ဘူး၊ ဒီလိုဖြစ်သွားနိုင်တယ်၊ ဒါပေမယ့် မြန်မာပြည်ပြဿနာဟာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကနေ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းမှု မလုပ်မနိုင်မချင်းကတော့ ဒိုင်ယာလော့ဂ ဖြစ်ဖို့အလားအလာ မရှိနိုင်ဘူး ဒါကကျွန်တော့အမြင်၊ အဲ့ဒီတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ ချည်းကပ်တဲ့အခါကျတော့ ကျွန်တော်တို့က နိုင်ငံရေးအရ ချည်းကပ်လို့မရတော့ဘူး။ နိုင်ငံတကာဥပဒေအခြေခံက ချည်းကပ်မှုဖြစ်မယ်။ အခု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၁၀ ရွေးကောက်ပွဲကို ချည်းကပ်တယ်။ တကယ်တော့ သူချည်းကပ်ရမှာက ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖြစ်တယ်။ ၂၀၀၈ နအဖရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၄၄၅) မှာ နအဖ၊ နဝတ၊ လက်ထက်က ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအကုန်လုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတယ်။ ဒီလိုပေးထားတဲ့ ပြဋ္ဌာန်းချက်က ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနဲ့ ဆန့်ကျင်တယ်။ အဲ့ဒီတော့ တောင်အာဖရိကမှာ ကျွန်တော်တို့ အတွေ့အကြုံရှိခဲ့ဖူးတယ်။ ၁၉၈၃ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့ပြဋ္ဌာန်းချက်တွေဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းရဲ့မူတွေနဲ့ ကိုက်နေတာကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ ဆုံးဖြတ်ချက်အမှတ် (၅၅၄) နဲ့ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပျက်ပြယ်တယ်လို့ ကြေညာခဲ့ဘူးတာရှိတယ်။ အတွင်းရေးမှူးချုပ်က ဒီအခြေခံကနေ ချည်းကပ်ရမှာဖြစ်တယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကနေ ချည်းကပ်ရမှာဖြစ်တယ်။ အဲ့လိုမချည်းကပ်ဘဲနဲ့ ပြည်တွင်းရေးသက်သက်ဘက်က ချည်းကပ်နေတဲ့ကာလပတ်လုံး ကျွန်တော်တို့နိုင်ငံ ပြဿနာဟာ လုံခြုံရေးကောင်စီ ရောက်ဖို့ အလားလာမရှိဘူးလို့ ကျွန်တော်ပြောချင်တယ်။

**ဘီဘီစီ**

ဦးလှမြင့်ကရော ဒီ ၂၀၀၈ အခြေခံဥပဒေကို ကိုင်တွယ်ပြီးတော့ ဒီရဲ့အားနည်းချက်တွေကို လုံခြုံရေးကောင်စီ ကထောက်ပြဖို့ဆိုတဲ့အချက်ကို ဘယ်လိုယူဆသလဲခင်ဗျ။

**ဦးလှမြင့်**

ဖွဲ့စည်းပုံမရှိသေးတာနဲ့ စာရင်တော့ အခု ၂၀၀၈ က ခြေလှမ်းတစ်လှမ်း လို့ဘဲ ကျွန်တော်ယူဆပါတယ်။

**ဘီဘီစီ**

အခုနိုင်ငံတကာမှာ ကျယ်ကျယ်ပြန့်ပြန့်ပြောနေတာက ပြည်တွင်းရေး ရှုဒေါင့်ကနေ ချည်းကပ်တာဟာ လွဲမှားနေပြီး၊ နိုင်ငံတကာဥပဒေနဲ့ အရေးယူလို့ရတဲ့ အဆင့်ထိ ဆက်ပြီးသွားမှသာလျှင် ဒီပြောင်းလဲတာတွေ၊ လူထုလိုချင်တဲ့ ဒီမိုကရေစီတွေဟာ ပုံဖော်လို့ရမယ်လို့ ပြောနေတယ်လေ။ ဦးလှမြင့် အဲဒါကို လက်ခံနိုင်သလား။

**ဦးလှမြင့်**

အခု နိုင်ငံတကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း မြန်မာပြည်အရေးကို ကိုင်တွယ် နေကြတာပါပဲ၊ နောက်ဆုံးဘန်ကီမွန်းခရီးစဉ်ပေါ်မှာလည်းဘဲ သူတို့သဘောထားတွေ ကျွန်တော်တို့ အားလုံးကြားပြီးပါပြီ။ သူတို့ မကိုင်တွယ်ဝံ့ပါဘူး၊ သူတို့ရဲ့ ရပ်တည်ချက်တွေ ကွဲလွဲနေကြတာ အဲဒါပဲရှိပါတယ်။

**ဘီဘီစီ**

ဒါပေမယ့်လို့ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတယ်လေ၊ အဲဒီတော့ နိုင်ငံတကာက ဘာလုပ်ပေးနိုင်သလဲ။

**ဦးလှမြင့်**

ကျွန်တော်မြင်တာကတော့ နိုင်ငံတကာရဲ့ အကြံပေးမှုတို့၊ ကူညီမှုတို့ဆိုတာဟာ သက်သက်မဲ့ဆီပါဘဲ၊ ကာယကံရှင်တွေဖြစ်တဲ့ ပြည်တွင်းမှာရှိတဲ့ အခုတပ်မတော်အစိုးရနဲ့ အန်အယ်လ်ဒီကြားမှာ ပြေလည်အောင်ဖြေရှင်းဖို့ လိုပါတယ်။ အဲ့ဒါဟာ အရေးကြီးတယ်လို့ ထင်ပါတယ်။

**ဘီဘီစီ**

အဲ့ဒီတော့ အန်အယ်လ်ဒီဘက်ကရော ဒီအတိုင်းဆိုရင် ဘယ်လောက်ထိ တာဝန်ယူ ဖို့လိုသလဲ၊ ဦးမြင့်ချို ပြောပေးပါခင်ဗျ။

**ဒေါက်တာမြင့်ချို**

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဆိတ်သုဉ်းနေတာရယ်၊ တိုင်းရင်းသား လူမျိုးစုတွေရဲ့၊ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ဆိတ်သုဉ်းနေတဲ့ပြဿနာက အဓိကဗျ။ ဒါရဲ့အကျိုးဆက်က ပြည်တွင်းစစ်၊ ဒီပြဿနာနှစ်ခုကို တပြိုင်တည်းဖြေရှင်း ဖို့ဆိုတာက ပြည်တွင်းအင်အားစုတွေချည်းပဲ ရှင်းလို့မရဘူးဖြစ်နေတယ်။ နိုင်ငံတကာ ရော ပြည်တွင်းရော ပူးပေါင်းပြီးတော့ ပြဿနာကို ဖြေရှင်းဖို့ လိုလာတယ်။ ဒါကြောင့် မို့လို့ မြန်မာနိုင်ငံပြဿနာဟာ ပြည်တွင်းရေးသက်သက်ပဲဆိုတာမဟုတ်တော့ဘဲနဲ့ ဒေသဆိုင်ရာပြဿနာ၊ နိုင်ငံတကာ ပြဿနာပါ ဖြစ်လာတယ်။ ဒါကိုလည်း တရုတ် တို့၊ ရုရှား၊ အိန္ဒိယတို့ အာဆီယံနိုင်ငံတို့ သိပါ တယ်။ သို့သော် သူတို့ရဲ့ အကျိုးစီးပွား တွေပေါ်မှာ အခြေခံပြီးတော့ မျက်စိမှိတ်ပြီးတော့ ပြည်တွင်းရေးဖြစ်တယ်လို့ ဇွတ်ငြင်း နေကြတာပါ။ တကယ်လို့များ ရွေးကောက်ပွဲမှာ အဆင်မပြေမှုတွေဖြစ်လို့ တိုင်းရင်း သားလူမျိုးတွေ လက်နက်တွေပြိုင်ပေါက် ပြီးတော့ ပဋိပက္ခ မှုတွေ အများကြီး ကြီးကျယ်လာခဲ့မယ်ဆိုရင် အိန္ဒိယတို့၊ တရုတ်တို့၊ ထိုင်းတို့ အများကြီး ထိခိုက်ပါလိမ့်မယ်။ အလားတူ လူ့အခွင့်အရေး ချိုးဖောက်မှုတွေပိုများလာပြီးတော့ ဒုက္ခသည် တွေပြဿနာအများကြီးကြုံရပါလိမ့်မယ်။ တကယ်ကြောက်စရာကောင်းတဲ့ နူးကလီးယားနဲ့ ပတ်သက်တဲ့ပြဿနာတွေ အိမ်နီးချင်းနိုင်ငံတွေ စိုးရိမ်ရပါလိမ့်မယ်။ ဒါတွေကို မဖြစ်အောင် ကြိုတင်ဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းကတော့ တွေ့ဆုံဆွေးနွေးရေး အဖြေရှာပြီးတော့

အပြန်အလှန် သင်ပုန်းချေ ရေးမူဝါဒကို ကျင့်သုံးပြီးတော့ ဒီလိုဖြစ်လာဖို့ နိုင်ငံတကာ ဖိအားတွေလည်းလိုတယ်။ တွန်းအားတွေလည်းလိုတယ်၊ ဒါကြောင့်မို့လို့ ပြည်တွင်းရေး ပြဿနာ ဖြစ်ပေမယ့်၊ ဒါဟာ ပြည်တွင်းရေး သက်သက်သာ မဟုတ်တော့ဘဲနဲ့၊ ဒေသဆိုင်ရာ နိုင်ငံတကာ ကိစ္စပါ ဖြစ်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီဥစ္စာကို ပြည်တွင်းရေးသက်သက်လို့ သတ်မှတ်လို့ မရတော့ပါဘူးခင်ဗျာ။

**ဘီဘီစီ**

ဒေါက်တာမြင့်ချိုရဲ့ ဆွေးနွေးချက်ကိုရော ဦးလှမြင့်က ဘယ်လိုယူဆသလဲ၊ လက်ခံနိုင်သလား။

**ဦးလှမြင့်**

ကျွန်တော်တို့လူထု လူ့အဖွဲ့အစည်းရှိနေရင် ပြဿနာကတော့ ရှိနေမှာ ပါဘဲ၊ ဒါတွေကို ကျွန်တော်တို့ ငြိမ်းချမ်းတဲ့စနစ်နဲ့ဖြေရှင်းဖို့ အဲဒါကိုပဲ ကျွန်တော်သိဖို့ လိုပါတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာလည်း ပြဿနာတွေက ကျန်အုံးမှာ ပါပဲ၊ အခုလည်းပဲ လက်နက်ကိုင်အဖွဲ့ အစည်းတွေ၊ အသွင်ပြောင်းရေး၊ အခက်အခဲ တွေရှိအုံးမှာ ပါပဲ၊ နောင်လည်းပဲ ဒါတွေကြုံနေအုံးမှာပဲ၊ ကျွန်တော်တို့ ဒါတွေကို ဆက်လက်ဖြေရှင်းပြီးတော့ သွားရင် မအောင်မြင်စရာမရှိပါဘူး ကျွန်တော်အဲလိုပဲမြင်ပါတယ်။

**ဘီဘီစီ**

ဟုတ်ကဲ့ ဒီကနေ့ မြန်မာ့အရေး၊ ကမ္ဘာ့အရေးဆွေးနွေးခန်းမှာ အဓိက ပြောတဲ့ အချက်ကတော့ အခုမြန်မာနိုင်ငံမှာဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းဟာ ပြည်တွင်းရေး သက်သက်ပဲလား၊ ဒေသတွင်းကို ဒါမှမဟုတ်အိမ်နီးချင်းကို ခြိမ်းခြောက်မှုရှိသလား၊ နိုင်ငံတကာက ဘယ်လောက်ပါဝင်ဆောင်ရွက်နိုင်မလဲဆိုတဲ့ကိစ္စ၊ အဲဒီတော့ နိုင်ငံတကာက ပါဝင်မယ်ဆိုရင်ရော အဖြေရအောင်က အဓိကဘယ်လိုပါဝင်ပါသလဲ၊ ဘယ်အတိုင်းအတာထိ ပါဝင်ပါသလဲ၊ ဦးအောင်ထူးက လိုရင်းကိုရှင်းပြပေးပါခင်ဗျာ။

**ဦးအောင်ထူး**

အဓိကအကျဆုံးပြဿနာက ဥပဒေစိုးမိုးရေး ပျက်သုန်းတဲ့ပြဿနာဖြစ်တယ်။ အဲဒီတော့ ပြည်တွင်းမှာလည်း ပျက်သုန်းနေတယ်၊ နိုင်ငံတကာကလည်းပဲ ဒီအခြေခံကို ချည်း ကပ်ဖို့ လိုအပ်လာပါတယ်။ ခုနက ဒေါက်တာမြင့်ချို ပြောသလို ကိုယ်ကျိုးစီးပွားထိတယ်ဆိုတဲ့ ပြဿနာကို တပိုင်းကျွန်တော်လက်ခံပါတယ်။ ဒါပေမယ့် ဆူဒန်ကိစ္စမှာတုန်းက ကိုယ်ကျိုးစီးပွား အလားတူရှိတဲ့ တရုတ်နဲ့ ရုရှားတို့ဟာ ဥပဒေစိုးမိုးရေးတကယ်ပျက်ပြားနေတဲ့ ဆူဒန်ရဲ့ အခြေအနေ ကိုကြည့်တဲ့အခါမှာ သူတို့တွေကိုယ်တိုင်က ဘက်ပြောင်းပြီးတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ထောက်ခံရပ်တည်ခဲ့ကြတာမျိုးရှိတယ်။ အခု မြောက်ကိုရီးယားကိစ္စမှာလည်း အလားတူပဲဖြစ်တယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံ ပြဿနာဟာ နိုင်ငံတကာကို တက်လာသင့်တယ်ဆိုတာကို ကျွန်တော်တို့လက်ခံတယ်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူ

ဆောင်ရွက်သင့်တယ်လို့ လုံးဝကျွန်တော်တို့ထောက်ခံတယ်။ ဒါပေမယ့် ချည်းကပ်ပုံ ချည်းကပ်နည်းက ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးဟာ အိမ်နီးနားချင်းနိုင်ငံတွေကို ပြန့်နှံ့သွားပြီးလို့ ပြောတဲ့ ချည်းကပ်နည်းမျိုးနဲ့တော့ မရနိုင်ပါဘူး။ ၂၀၀၇ ခုနှစ်မှာ ချည်းကပ်ခဲ့တဲ့ ဇနန်ဝါရီလမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပယ်ချလိုက်တယ်။ အဲဒီ ချည်းကပ်နည်းကို ကျွန်တော်တို့က မသုံးသင့်တော့ဘူး၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပီညဲရိုးကနေပြီးတော့ မြန်မာနိုင်ငံပြဿနာနဲ့ ပတ်သက်ပြီးတော့တဲ့ ကုလသမဂ္ဂ ကိုယ်စားလှယ်တွေသွားတာ (၃၇) ကြိမ်ရှိသွားပြီး၊ ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်ချတာ (၃၅) ကြိမ်ရှိသွားပြီး၊ ဘာတခုမှ အောင်မြင်မှု ရှိမလာဘူး၊ ဒါကြောင့် သံတမန်နည်းလမ်း အရတော့ကုန်သွားပြီး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေပြီးတော့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးရေးကော်မရှင် ပြုလုပ်စေလွှတ်ပြီးတော့ ဖြစ်ပေါ်နေတဲ့ပြစ်မှုကြီးတွေကို အရေးယူဆောင်ရွက်မှသာလျှင် စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးဒီမိုကရေစီကို သွားနိုင်လိမ့်မယ်လို့ ဒီ Article ရေးခဲ့တာမကြာသေးဘူးဖြစ်တယ်၊ အဲဒီတော့ ဒီလမ်းကြောင်းသာလျှင် အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောချင်တယ်။

မြန်မာနိုင်ငံက လက်ရှိအခြေအနေကို ကမ္ဘာက စိုးရိမ်တကြီး စောင့်ကြည့်နေချိန်မှာဘဲ ချည်းကပ်နည်းနဲ့ ပတ်သက်လို့လည်း အမျိုးမျိုးပြောဆိုနေကြပါတယ်။ အဲဒီတော့ အထိရောက်ဆုံး ဖြေရှင်းမှုဆိုရင်တော့ ဘယ်လိုချည်းကပ်မလဲဆိုတာ တသံတည်းထွက်ဖို့ လိုအပ်မယ်လို့ယူဆမိတဲ့ကြောင်း မြန်မာ့အရေးကမ္ဘာ့အရေး အစီအစဉ်ကနေ စီစဉ် တင်ဆက်လိုက်ရပါတယ်။

*(မှတ်ချက်။ ။ အထက်ပါဆောင်းပါးသည် ၂၀၀၉ ခုနှစ်၊ ဇူလိုင် ၂၆ ရက်နေ့တွင် ဘီဘီစီသတင်းဌာနမှ ဖေါ်ပြထားချက်ကို စာစောင်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

*PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910*
*E-mail : blcsan@ksc.th.com; Website : www. blc-burma.org*

## ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးရုံးတင်သည့် ကိစ္စအပေါ်နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး (ရောမ) ဥပဒေအရ အရေးယူဆောင်ရွက်ရန် ပန်ကြားချက်

၁။ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်မပေးလျှင် နှစ်ပေါင်းများစွာ သတ်ဖြတ်မှုများအပါ အဝင် ပြစ်မှုကြီးများအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကအဝ တာဝန်ရှိ စစ်ခေါင်းဆောင်များ အပေါ် နိုင်ငံတကာတရားရုံး တရားစွဲအရာရှိချုပ်က စုံစမ်းအရေးယူပေးရန် တောင်းဆိုမည်ဟု အရှေ့တီမော သမတ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဟိုဆေးရားမို့စ်ဟိုတာက ယမန်နေ့က ကြေငြာလိုက်ကြောင်း သိရသည်။ ယင်းအပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီက လိုက်လှဲစွာကြိုဆိုသည်။

၂။ သက်ဆိုင်ရာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် ဖြစ်ပွားနေသော ပြစ်မှုကြီးများနှင့် စပ်လျှဉ်း၍ တရားမျှတမှုကို ဖေါ်ဆောင်နိုင်ရေးအတွက် အရေးယူဆောင်ရွက်ရန် ဆန္ဒမရှိခြင်း၊ အရေးယူဆောင်ရွက်နိုင်စွမ်း မရှိခြင်းဟူသည့် အခြေအနေတရပ်ရပ် ဖြစ်ပေါ်နေပါက နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် ၎င်း၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးနိုင်ခြေ ရှိလာနိုင်သည်။ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက် သည့် ဥပဒေအရ ချုပ်နှောင်နိုင်သည့် ငါးနှစ်တာကာလထက် ကျော်လွန်ကာ ဥပဒေမဲ့ ဆက်လက်ချုပ်နှောင်ထားခြင်းကို တရားရုံးက မည်သည့်အကာအကွယ်မျှ မပေးခြင်း၊ အဆိုပါ ဥပဒေအရ ကန့်သတ်ချက်ကိုချိုးဖေါက်ကြောင်းဖြင့် နအဖ၏ တိုင်တန်းမှုကို လက်ခံစစ် ဆေးခြင်းမှာ တရားရုံး၏ အလုပ်မဟုတ်ပါဘဲလျှက် ဆောင်ရွက်ခြင်းစသည်တို့အရ ပြည်တွင်း တရားစီရင်ရေးစနစ်သည် တရားမျှတမှုကို ဖေါ်ဆောင်ရန် အားကိုးနိုင်လောက်သည့် အနေ အထားမရှိတော့ကြောင်း ပေါ်လွင်သည်ထက် ပေါ်လွင်လာသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး (ရောမ) ဥပဒေ ပုဒ်မ (၇) လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှု ပုဒ်မခွဲ (၁) (င) တွင် ပြဋ္ဌာန်းထားသည့် ထောင်သွင်းအကျဉ်းချခြင်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ဆုံးရှုံးစေခြင်း ဟူသည့် ပြဋ္ဌာန်းချက်ကို အတိအလင်း ကျူးလွန်လိုက်ခြင်းဖြစ်သည်။ ယင်း ဥပဒေ ပုဒ်မ ၁၄ (၁) အရ ယင်းအခြေအနေများကို စုံစမ်းစစ်ဆေးပေးရန် စာချုပ်ဝင်နိုင်ငံ တနိုင်ငံက တရားစွဲအရာရှိထံ လွှဲပြောင်းပေး အပ်နိုင်သည်။ ပုဒ်မ (၁၅) အရ တရားစွဲ အရာရှိသည် မှုခင်းကို စတင်စုံစမ်းစစ်ဆေးနိုင်သည်။ နအဖ အတွင်းတွင် တပ်မတော်ကို နိုင်ငံရေးနှင့် ကင်းကင်းနေစေပြီး

စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေး တည်ဆောက်လိုသည့် ဗိုလ်ချုပ်များရှိနိုင်သည်။ သို့ရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် ဗိုလ်ချုပ်အချို့သည် နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများကို ထပ်ခါတလဲလဲ ကျူးလွန်လျက်ရှိနေကြသည်။ တရားစီရင်ရေးစနစ်က အရေးယူဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့်လည်း ပို၍လက်ရဲ ဇက်ရဲဖြစ်လာကြပြီး ဆက်လက်ကျူးလွန်ကြသဖြင့် ဥပဒေစိုးမိုးရေး အခြေခံပျက်သုဉ်းလျက်ရှိသည်။ ဥပဒေ စိုးမိုးရေးမရှိလျှင် မည်သည့်အခါတွင်မျှ စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးမရှိနိုင်ပါ။ သို့ဖြစ်၍ ဥပဒေစိုးမိုးရေးရှိလာစေရန် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးက အရေးယူ ဆောင်ရွက်လာနိုင်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပါရန် ပန်ကြားအပ်ပါသည်။

# မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ

## ထိုင်းနိုင်ငံရှိ တရားမဝင်နိုင်ငံခြားသား နှစ်သန်းကျော်အား တရားဝင်အလုပ်သမားလက်မှတ်များ ပြုလုပ်ပေးရေးအပေါ် ဆွေးနွေးသုံးသပ်ခြင်း

မြန်မာရွှေ့ပြောင်းအလုပ်သမားများရေးရာနှင့်ပတ်သက်ပြီး ဒီတပတ်ဆွေးနွေး တင်ဆက်သွားမှာတော့ ထိုင်းနိုင်ငံရှိ တရားမဝင်နိုင်ငံခြားသား နှစ်သန်းကျော်အား တရားဝင်အလုပ်သမားလက်မှတ်များ ပြုလုပ်ပေးရေးအပေါ် သုံးသပ်ဆွေးနွေးရေး စကားဝိုင်းဖြစ်ပါတယ်ရှင်။ ဒီအစီအစဉ်မှာ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ရှေ့နေအမျိုးသမီး တဦးလည်းဖြစ်၊ အလုပ်သမားအရေး ကူညီဆောင်ရွက်နေသူလည်းဖြစ်တဲ့ ဒေါ်စုလှိုင်ထွန်းနှင့် နောက်တဦးကတော့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအကြား ကွင်းဆင်းပြီး ကူညီလုပ်ဆောင်ပေးနေသူ ကိုဇော်ထွန်းတို့နှင့် အတူ ကျမ ဇင်မာသက်တို့က ဆွေးနွေးတင်ဆက်သွားမှာ ဖြစ်ပါတယ်။

### မဇင်မာသက်

ထိုင်းနိုင်ငံမှာ တရားမဝင်နိုင်ငံခြားသား အလုပ်သမား နှစ်သန်းကျော်ရှိနေပါတယ်၊ အဲ့ဒီတရားမဝင် နိုင်ငံခြားသား အလုပ်သမားတွေကို တရားဝင်အလုပ်သမားလက်မှတ်တွေပြုလုပ်ပေးမယ်လို့ကြားပါတယ်။ ဒါနဲ့ပတ်သက်ပြီး မေလ ၂၇ ရက်ထုတ် The Nation သတင်းစာကနေဖေါ်ပြသွားတာကိုလည်းတွေ့ရပါတယ်။ ဒီအကြောင်းနှင့်ပတ်သက်ပြီး **ဒေါ်စုလှိုင်ထွန်း** အနေနဲ့ ဘာတွေသိ ထားပါသလဲ၊ သိထားသမျှကို ပထမဆုံး ဆွေးနွေးပေးပါလားရှင်။

### ဒေါ်စုလှိုင်ထွန်း

ဟုတ်ကဲ့ပါရှင်၊ ၂၀၀၉ ခုနှစ်၊ မေလ ၁၉ ရက်နဲ့ ၂၀ ရက်နေ့မှာ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် ပတ်သက်တဲ့ ဆဋ္ဌမအကြိမ်မြောက် ထိုင်း – မြန်မာ အစည်းအဝေးတရပ်ကို နေပြည်တော်မှာဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ထိုင်းနိုင်ငံအတွင်းရှိ တရားမဝင်မြန်မာအလုပ်သမားများအား တရားဝင်ဖြစ်ရေးအတွက် လုပ်ဆောင်မည့်ကိစ္စတွေကို နှစ်နိုင်ငံဆွေးနွေးခဲ့ကြပါတယ်။

အဲဒါနဲ့ဆက်စပ်ပြီး ထိုင်းနိုင်ငံမှာ ထိုင်းအစိုးရအရာရှိများ၏ ထိပ်သီးအစည်းအဝေးပွဲတခုကို လုပ်ပါတယ်။ အဲဒီအစည်းအဝေးပွဲရဲ့ ဆုံးဖြတ်ချက်အရ ဒီအစီအစဉ်ကို ၂၀၁၀ ဖေဖော်ဝါရီလကုန်အထိ လက်တွေ့အကောင်အထည်ဖေါ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ တချိန်ထည်းမှာ ထိုင်းနိုင်ငံထဲမှာ နောက်ထပ်တရားမဝင်အလုပ်သမားများ ဝင်ရောက် အလုပ်လုပ်ကိုင်ခြင်းကို ပြင်းပြင်းထန်ထန် တားဆီးသွားမယ်ဆိုတာကိုလည်း သိရပါတယ်။ တရားမဝင်မြန်မာနိုင်ငံသား အလုပ်သမားများအပါအဝင် လာအိုနှင့် ကမ္ဘောဒီယားနိုင်ငံတို့မှ တရားမဝင်အလုပ် သမားများဟာ ၂၀၁၀ ဖေဖော်ဝါရီ ၂၈ ရက်နေ့ မတိုင်မီ နီးစပ်ရာ အလုပ်သမားရုံးများမှာ တရားဝင်အလုပ်သမား လက်မှတ်ပြုလုပ်ကြရမှာ ဖြစ်တယ်လို့ သိရှိထားပါတယ်။

**မဇင်မာသက်**

ထိုင်းနိုင်ငံမှာရှိတဲ့ တရားမဝင် ရွှေ့ပြောင်းအလုပ်သမား ၂ သန်းကျော်ကို တရားဝင်အလုပ်သမားလက်မှတ်တွေ ပြုလုပ်ပေးမယ်ဆိုတော့ အဲ့ဒီစီမံချက်ရဲ့ ရည်ရွယ်ချက်က ဘာတွေဖြစ်နိုင်သလဲဆိုတာကိုလည်း ဒေါ်စုလှိုင်ထွန်းကဘဲ ဆက်ပြီးဆွေးနွေးပေးပါအုံးရှင့်။

**မစုလှိုင်ထွန်း**

တရားမဝင် ရွှေ့ပြောင်းအလုပ်သမား ၂ သန်းကျော်ကို တရားဝင်အလုပ်သမားလက်မှတ်တွေ ပြုလုပ်ပေးမယ်ဆိုတဲ့ စီမံချက်ရဲ့ ရည်ရွယ်ချက်ကို ပြောရမယ်ဆိုရင် နှစ်ပိုင်းရှိနိုင်ပါတယ်။ ထိုင်းအစိုးရအပိုင်းနှင့် မြန်မာစစ်အစိုးရ အပိုင်းပေါ့။

ထိုင်းအစိုးရအပိုင်းကို ပြောရရင် ၂၀၀၄ လောက်ကစပြီး တရားမဝင်ဝင်ရောက်လာတဲ့ အလုပ်သမားအသစ်တွေကို နေထိုင်ခွင့်နဲ့ အလုပ်သမားလက်မှတ်အသစ်တွေ မပြုလုပ်ပေးတော့ဘူး၊ ရှိပြီးသား လက်မှတ်ရှိတဲ့အလုပ်သမားတွေကိုသာ သက်တမ်းတိုးပြီး အလုပ်လုပ်ကိုင်စေပါတယ်။ ၂၀၀၄ ကစပြီး အခုချိန်ထိ ဝင်လာတဲ့အလုပ်သမား အသစ်တွေဟာ သန်းနဲ့ချီပြီးရှိနေပါတယ်။ အခုချိန်ထိနယ်စပ် အဘက်ဘက်ကနေ ထိုင်းနိုင်ငံထဲကို ဝင်လာဆဲပဲဖြစ်တယ်။ ဒါကို ထိုင်းအာဏာပိုင်တွေက ဖမ်းဆီးတယ်၊ ပြန်ပို့တယ်၊ ပြန်ဝင်လာကြတယ်။ ဒီလိုနဲ့ နိုင်ငံခြားသား အလုပ်သမားတွေကို ဘယ်လိုမှ တားလို့မရဘူးဖြစ်နေတယ်။ ထိုင်းနိုင်ငံမှာ နိုင်ငံခြားသားအလုပ်သမားတွေ ဖောင်းပွနေပြီးဖြစ်တယ်။ အဲဒီနိုင်ငံခြားသား အလုပ်သမားတွေဟာ အများအားဖြင့် မြန်မာအလုပ်သမားတွေဘဲ ဖြစ်တယ်။ ဒါကို ထိုင်းအစိုးရက မြန်မာစစ်အစိုးရနဲ့ ဆွေးနွေးတယ်။

၂၀၀၆ ခုနှစ်မှာ နှစ်နိုင်ငံ သဘောတူညီချက်နဲ့ အလုပ်သမားတွေကို တရားဝင်ယာယီနိုင်ငံကူးလက်မှတ် လုပ်ပေးဖို့ စီစဉ်ဆောင်ရွက်သေးပါတယ်။ အဲဒါ မအောင်မြင်ခဲ့ပါဘူး။ မအောင်မြင်တဲ့အခါ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလမှာ ဒုတိယအကြိမ် အလုပ်သမားတွေကို တရားဝင်နိုင်ငံကူးလက်မှတ်လုပ်ပေးဖို့ စီစဉ်ဆောင်ရွက်ပြန်တယ်။ ဒါလည်းမအောင်မြင်ခဲ့ပါဘူး။ အခုနောက်ဆုံး ထိုင်းအစိုးရက တရားမဝင် အလုပ်သမားတွေအားလုံး အလုပ်သမားလက်မှတ်အသစ်ပြုလုပ်ဖို့ စီစဉ်နေပါတယ်။

အဲ့ဒီတော့ ထိုင်းအစိုးရရဲ့ ဒီအစီအစဉ်ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောရရင်

(၁) သူ့နိုင်ငံမှာ လူဦးရေဖောင်းပွမှုကို စိစစ်နိုင်ဖို့၊

(၂) နိုင်ငံအတွင်းမှာ တရားမဝင်အလုပ်သမားဆိုတာ မရှိဘူးဆိုတာကို ကမ္ဘာသိအောင်လုပ်ဖို့၊

(၃) လက်မှတ်အသစ်လုပ်ပေးခြင်းအားဖြင့် ဝင်ငွေလည်းရ မြန်မာစစ်အစိုးရရဲ့ ဖိအားအပေါ်လည်း အကောင်းဆုံးနည်းနဲ့ ဖြေရှင်းပေးရာလည်းရောက်မှာ ဖြစ်တယ်၊ အဲဒီ ရည်ရွယ်ချက် ၃ ချက်နဲ့ အကောင်အထည်ဖေါ်တာဖြစ်တယ်လို့ ပြောလို့ရပါတယ်။

**မဇင်မာသက်**

အဲ့ဒါကတော့ ထိုင်းအစိုးရအပိုင်းပေါ့နော်၊ မြန်မာစစ်အစိုးရအပိုင်းကကော သူတို့ရဲ့ ရည်ရွယ်ချက်က ဘယ်လိုသုံးသပ်မိပါလဲ။

**ဒေါ်စုလှိုင်ထွန်း**

မြန်မာစစ်အစိုးရရဲ့ အပိုင်းကို ပြောရရင် ၂၀၁၀ မှာ ရွေးကောက်ပွဲရှိတယ်၊ ၂၀၀၈ ကလည်း နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို နအဖက မသမာသောနည်းလမ်းနဲ့ အတည်ပြုခဲ့ပြီး ဖြစ်တယ်၊ အဲ့ဒီတုန်းက ကျမတို့ရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ဆန္ဒကို လျစ်လျူရှု မျက်ကွယ် ပြုခဲ့ပါတယ်။ အဲ့ဒီကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာရဲ့ ဝေဖန်မှုကို နအဖ ခံခဲ့ရပါတယ်။

ဒါကြောင့် လာမည့် ၂၀၁၀ ရွေးကောက်ပွဲမှာ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေရဲ့ ပါဝင်ပတ်သက်မှုကို ရယူလိမ့်မယ်လို့ ယူဆရပါတယ်။ ဒီအတွက် ထိုင်းအစိုးရနဲ့ နှစ်နိုင်ငံညှိနှိုင်းပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို တရားဝင်နိုင်ငံကူးလက်မှတ်လုပ်ဖို့ ပထမဆုံးကြိုးစားတယ်၊ မအောင်မြင်တဲ့အခါကျတော့ ဒုတိယကြိုးစားခြင်းအနေနဲ့ ထိုင်းနိုင်ငံ ရောက် မြန်မာအလုပ်သမားတွေအားလုံးကို လက်မှတ်အသစ်တွေ ပြုလုပ်ပေးဖို့ နိုင်ငံရေးအရ တနည်းတဖုံနဲ့ ထိုင်းအစိုးရကို ဖိအားပေးတယ်လို့ ယူဆရပါတယ်။

ဒါကြောင့် မြန်မာအစိုးရရဲ့ အဓိကရည်ရွယ်ချက်က ၂၀၁၀ မှာပြုလုပ်မည့် ရွေးကောက် ပွဲနဲ့ ဆက်စပ်ပြီး၊ ရွှေ့ပြောင်းအလုပ်သမားအရေအတွက်ဟာ ထိုင်းနိုင်ငံမှာ ဘယ်လောက်ထိ ရှိလဲ၊ အဲဒီအရေအတွက် ပေါ်မူတည်ပြီး ရွေးကောက်ပွဲအတွက် အသုံးချသွားလိမ့်မယ်လို့ သုံးသပ်မိပါတယ်။

**မဇင်မာသက်**

ကိုဇော်ထွန်းက အလုပ်သမားတွေကြားကွင်းဆင်းပြီး ကူညီလုပ်ဆောင်ပေးနေတယ် ဆိုတော့ အလုပ်သမားတွေရဲ့ အခြေအနေတွေကို သိရှိနေတယ်လို့ ယူဆပါတယ်။ အဲဒီတော့ အခုလို အလုပ်သမားတွေအားလုံးကို လက်မှတ်ပြုလုပ်ပေးမယ်ဆိုတဲ့အပေါ် အလုပ်သမားတွေ ရဲ့စိတ်ဝင်စားမှုက ဘယ်လိုရှိပါသလဲဆိုတာကိုလည်း ဆွေးနွေးပေးပါအုံး။

**ကိုဇော်ထွန်း**

ထိုင်းမှာ ရောက်ရှိနေတဲ့ မြန်မာအလုပ်သမားအများစုဟာ လုပ်ငန်းရဲ့သဘောသဘာဝ အရ နေရာအတည်တကျနှင့် နေထိုင်လုပ်ကိုင်လို့ မရတာကတကြောင်း တချို့က နေရာ အတည်တကျနှင့် နေထိုင်လုပ်ကိုင်လိုစိတ် မရှိတာကတကြောင်း အဲ့ဒါတွေအပါဝင် လက်ရှိ ရနေတဲ့လုပ်အားခငွေနဲ့ လက်မှတ်လုပ်ခ ကိုက်ညီမှုမရှိတာတွေကြောင့် အများစုက လက်မှတ် မလုပ်ချင်ကြဘူးခင်ဗျာ။ အလုပ်သမားဆိုရာမှာလည်း အားလုံးဟာ လူပျိုလူလွတ်တွေကြီးပဲ မဟုတ်ပဲနဲ့ အိမ်ထောင်ရှင်တွေ မိခိုသူ မိသားစုဝင်တွေရှိနေပြီးတော့ အဲဒီမိသားစုဝင်တွေ အ တွက်ပါ လက်မှတ်လုပ်ရမယ်ဆိုတဲ့ အခါမျိုးကျတော့ ဘယ်လိုမှ မတက်နိုင်ကြတော့ဘူး။

တချို့စက်ရုံအလုပ်သမားတွေကျတော့ တလမှာတစ်ရက်ပဲ ထွက်ခွင့်ရကြတယ်။

အဲဒါကြောင့်မို့လို့ လုပ်လည်းအပိုပဲ နဂိုကတည်းကမှရတဲ့နေ့စားခ၊ လခတွေကနည်းလို့ မလောက်မင ဖြစ်နေရတဲ့ကြားထဲ ပိုက်ဆံအပိုကုန်တာပဲ အဖက်တင်တယ်ဆိုပြီးတော့ မလုပ်ချင်ကြဘူး။ တချို့ကကျတော့ လုပ်ချင်တယ် ဒါပေမဲ့ သက်ဆိုင်ရာအလုပ်ရှင်တွေက လုံ၀မလုပ်ပေးဘူး တာ၀န်ယူမှု မရှိဘူး။ ကာယကံရှင် ကိုယ်တိုင်ကလည်းပဲ လက်မှတ်လုပ်ခကုန်ကျငွေကို မတတ်နိုင်ဘူးဖြစ်နေတယ်။

**မေးမြန်းသူ**

ကိုဇော်ထွန်းအနေနဲ့ နောက်တခုလောက် ထပ်ဆွေးနွေးစေချင်ပါတယ်။ လက်မှတ်ရှိတဲ့အလုပ်သမားတွေနဲ့ လက်မှတ်မရှိတဲ့အလုပ်သမားတွေ အခွင့်အရေး (သို့) ခံစားခွင့်တွေက ဘယ်လိုကွာခြားမှု ရှိပါသလဲ။ အဲ့ဒီအပေါ် မှာ ဘယ်လိုမြင်ပါသလဲ။

**ကိုဇော်ထွန်း**

အလုပ်သမားလက်မှတ်ဟာ တရားဝင်ဖြစ်တယ် မဖြစ်ဘူးဆိုတာကတော့ ယခုချိန်ထိ ဥပဒေအရ အငြင်းပွားနေဆဲဖြစ်ပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် မြန်မာ ရွှေ့ပြောင်းအလုပ်သမားအများစုကတော့ အလုပ်လုပ်ခွင့် မှတ်ပုံတင်မရှိကြဘူး။ ဒါပေမဲ့လည်း အလုပ်လုပ်ခွင့် လက်မှတ်ကိုင်ဆောင်ထားတဲ့ မြန်မာအလုပ်သမားတွေအတွက်ကကော ဘာများ အကျိုးထူးတွေ၊ ခံစားခွင့်တွေ ရှိလဲဆိုတာကို ပြန်ကြည့်ဖို့ လိုပါလိမ့်မယ်။

တကယ်တမ်းကျတော့ အလုပ်သမားလက်မှတ်ကိုင်ဆောင်တဲ့ မြန်မာအလုပ်သမားတွေဟာ လက်မှတ်မရှိတဲ့ အလုပ်သမားတွေနည်းတူ အခွင့်အရေးတို့၊ ခံစားခွင့်တို့ဟာ ဘာမှထူးခြားမှုမရှိဘူးလို့ ကျနော်ကတော့ ယူဆပါတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ လက်မှတ်ရှိတဲ့သူတွေအနေနဲ့ လွတ်လပ်စွာ ခရီးသွားလာခွင့်မရှိဘူး၊ အလုပ်သမားလက်မှတ် အစစ်တွေကို ထိုင်းအလုပ်ရှင်က သိမ်းဆည်းထားပြီး မိတ္တူကိုသာ အလုပ်သမားများက ကိုင်းဆောင်ရတဲ့အတွက် လုပ်ငန်းခွင်အပြင်ကို ထွက်တဲ့အခါမျိုးမှာ လွတ်လွတ်လပ်လပ် သွားလာခွင့်မရှိတော့ဘူး။ ထိုင်းပုလိပ်များနှင့် ဆုံသည့်အခါ ဖမ်းဆီးစစ်ဆေးခံရပါတယ်။ ထိုင်းပုလိပ်တွေကို ငွေပေးရပါတယ်။ ဒါ့အပြင် အလုပ်သမားလက်မှတ်ထဲမှာ ပြဋ္ဌာန်းထားတဲ့ နယ်မြေဧရိယာအတွင်းသာ သွားလာလို့ ရပါတယ်။ နယ်မြေကျော်တာနဲ့ ပုလိပ်တွေရဲ့ဖမ်းဆီးခြင်းကို ခံကြရပါတယ်။

**မဇင်မာသက်**

ဒါဆိုရင် လက်မှတ်မရှိတဲ့သူနဲ့ ဘာမှကွာခြားမှုမရှိဘူးပေါ့နော်။

**ကိုဇော်ထွန်း**

ဟုတ်ပါတယ် ဘာမှကွာခြားမှုမရှိပါဘူး။ နောက်တချက်က လက်မှတ်ရှိတဲ့သူတွေအနေနဲ့ လုပ်ငန်းတခုမှ အခြားလုပ်ငန်းတခုကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်းရွှေ့လုပ်ကိုင်ခွင့် မရှိဘူး။ လက်မှတ်မှာ ပြဋ္ဌာန်းထားတဲ့အလုပ်ကိုသာ လုပ်ကိုင်ရပါတယ်။ လုပ်ငန်းတခု ပြောင်းလုပ်မယ်ဆိုရင် အလုပ်သမားလက်မှတ် အသစ်ကို ထပ်လုပ်ရပါတယ်။

**မဇင်မာသက်**

ဒီလိုဆိုရင် လက်မှတ်မရှိတဲ့သူကျတော့ ဒီအလုပ်ကိုမကြိုက်ရင် အခြားအလုပ်ကို အချိန်မရွေးပြောင်းလုပ်လို့ရတဲ့ သဘောပေါ့နော်။

**ကိုဇော်ထွန်း**

လက်မှတ်မရှိတဲ့သူကျတော့ ဒီအလုပ်ကိုမကြိုက်ရင် အခြားအလုပ်ကို အချိန်မရွေးပြောင်းလုပ်လို့ရတယ်။ လက်မှတ်ရှိတဲ့သူက လုပ်ငန်းခြင်းတူသော်လည်း အခြားတနေရာမှာလုပ်ကိုင်ဖို့ မလွယ်ကူဘူး။ လက်မှတ်မှာက အလုပ်ရှင်နာမည်ပါတဲ့ အခါကျတော့ မူလအလုပ်ရှင်နဲ့ အလုပ်ရှင်သစ်တို့ သဘောတူမှရပါတယ်။ လွှဲပြောင်းပေးမှ ရတယ်။ ဒါပေမဲ့ အလုပ်ရှင်တွေအနေနဲ့ လွှဲပြောင်းစာလုပ်ပေးဖို့အတွက် မလုပ်ပေးချင်ကြပါဘူး။ လက်မှတ်မရှိတဲ့သူကျတော့ ဒါတွေမလိုအပ်တော့ဘူး။

**မဇင်မာသက်**

လုပ်အားခနဲ့ပတ်သက်ပြီးတော့ကော ဘယ်လိုကွာခြားမှုတွေရှိပါသလဲ။

**ကိုဇော်ထွန်း**

အလုပ်သမားရေးရာကိစ္စနှင့် ပတ်သက်ပြီးဆိုရင် လုပ်အားခကိစ္စဟာ အရေးကြီးဆုံးပါ။ လက်မှတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဥပဒေအရ သတ်မှတ်ထားတဲ့ လုပ်အားခကို ကျနော်တို့ မြန်မာအလုပ်သမားတွေ ယခင်ကလည်း မရရှိပါဘူး၊ ယခုလည်းမရရှိကြသေးပါဘူး။ ရေခ၊ မီးခ၊ အဆောင်ခနှင့် အခြားဖြတ်တောက်စရာ ရှိတာတွေကိုတော့ လက်မှတ်မရှိတဲ့သူကော ရှိတဲ့သူကော အတူတူဖြတ်ပါတဲ။

**မဇင်မာသက်**

အလုပ်သမားတွေဟာ တကယ်လို့ ကိုဇော်ထွန်းပြောသလို နစ်နာဆုံးရှုံးမှုတွေ ရှိလာပြီးဆိုရင် အလုပ်သမားကာကွယ်ရေးရုံး ဒါမှမဟုတ် တရားရုံးတခုခုမှာ တိုင်ကြားနိုင်တဲ့ အခွင့်အလမ်းကောရှိရဲ့လား။

**ကိုဇော်ထွန်း**

အလုပ်သမားတွေဟာ သူတို့ရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို ချိုးဖောက်ခံရတဲ့အခါမှာ တိုင်ကြားနိုင်ဖို့ အခွင့်အလမ်းရှိပါတယ်။ ဒါပေမယ့် ထိထိရောက်ရောက် ကိုင်တွယ်ပေးဖို့က အလွန်နည်းပါး ပါတယ်။ အလုပ်သမား အခွင့်အရေး ကာကွယ်ရေးရုံးမှာ သွားတိုင်တဲ့အခါမှာလည်း လက်မှတ်ရှိ မရှိကို အရင်မေးပါတယ်။ လက်မှတ်ရှိတဲ့သူကို ထိုင်းအလုပ်ရှင်နဲ့ ငွေကြေးအနည်းအကျဉ်းနဲ့ ညှိနှိုင်းပေးလိုက်တယ်။ လက်မှတ်မရှိတဲ့ သူဆိုရင်တော့ အဲ့ဒီ အခွင့်အလမ်းရဖို့ အလွန်နည်းပါတယ်။ လက်မှတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အလုပ်ရှင် အလုပ်သမားပြဿနာဖြစ်လာရင် အလုပ်သမားကာကွယ်ရေးရုံးဘဲဖြစ်ဖြစ်၊ အာဏာပိုင်ဘဲဖြစ်ဖြစ် အလုပ်ရှင်တွေကိုသာ ကာကွယ်ပေးတာ တွေ့ရပါတယ်။ ယနေ့အချိန်ထိ အလုပ်ရှင်တွေ အရေးယူခံရတယ်လို့ ကျနော် မတွေ့သေးပါဘူး။

နောက်တခုကျနော် ထပ်ပြောချင်တာက မြန်မာအလုပ်သမားတွေဟာ လက်မှတ်အား လုံးရှိရင်တောင်မှ အလုပ်သမားသမဂ္ဂကို ဖွဲ့စည်းခွင့်မရကြပါဘူး။ အလုပ်သမားတွေ စုစုစည်း စည်းဖြစ်လာရင်၊ အလုပ်ရှင်ကို ဆန္ဒပြကြရင် ဒီလိုအဆင့်လောက်မှာပင် အလုပ်ရှင်တွေဟာ ခေါင်းဆောင်ဟု ထင်လောက်တဲ့ အလုပ်သမားတွေကို အလုပ်ထုတ်ပစ်လိုက်ကြပါတယ်။ အလုပ်ရှင်တွေဟာ ဒေသခံအာဏာပိုင်တွေနှင့် ပူးပေါင်းပြီး နည်းမျိုးမျိုးဖြင့် အလုပ်သမားအဖွဲ့ အစည်းတွေ မပေါ်ပေါက်လာအောင် အနှောင့်အယှက်ပေးကြပါတယ်။

**မဇင်မာသက်**

ဒါဆိုရင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်တွေ ပြုလုပ်ထားသော်လည်း လက်မှတ်မရှိတဲ့ သူတွေနဲ့ ခံစားခွင့်အရပြောရရင် ဘာမှမထူးဘူးဆိုတာကို ပြောလို့ရတာပေါ့နော်။

**ကိုဇော်ထွန်း**

ဟုတ်ပါတယ်။ ခံစားခွင့်အရပြောရရင် ထူးမခြားနားပါဘဲ။

**မဇင်မာသက်**

ကိုဇော်ထွန်းကတော့ ဒီအလုပ်သမားလက်မှတ်ပြုလုပ်ပေးရေးအစီအစဉ်အပေါ် အလုပ်သမားတွေရဲ့ စိတ်ဝင်စားမှု အခြေအနေ၊ လက်မှတ်ရှိတဲ့အလုပ်သမားတွေနဲ့ လက်မှတ်မရှိ တဲ့ အလုပ်သမားတွေရဲ့ ခံစားခွင့်တွေဟာ ဘာမှ မထူးဘူးဆိုတာကို ဆွေးနွေးသုံး သပ် သွား ပြီးဖြစ်ပါတယ်။ အဲ့တော့ ဒေါ်စုလှိုင်ထွန်းအနေနဲ့ ဒီအစီအစဉ်ရဲ့ နောက် ဆက်တွဲ အကျိုး ဆက်တွေက ဘာတွေဖြစ်လာမလဲဆိုတာကို သုံးသပ်ဆွေးနွေးပေးပါအုံး။

**ဒေါ်စုလှိုင်ထွန်း**

တရားမဝင် ရွှေ့ပြောင်းအလုပ်သမား အားလုံးကို လက်မှတ်လုပ်ပေးတဲ့ အစီအစဉ် ကတော့ အင်မတန်ကောင်းတဲ့ အစီအစဉ်ပါ၊ ဒါပေမဲ့ လက်မှတ်လုပ်ပြီး၊ အဲ့ဒီ လက်မှတ်နဲ့ ထိုက်တန်တဲ့ လုပ်အားခတွေ၊ ခံစားခွင့်တွေရဖို့လိုအပ်ပါတယ်။ ဥပဒေအရ အကာအကွယ်တွေရဖို့ လိုပါလိမ့် မယ်၊ အဲ့ဒါမှမဟုတ်ဘဲ အလုပ်သမားတွေက လက်မှတ်လုပ်ပြီး နဂိုအတိုင်းဘဲ ခံစားခွင့်တွေဘာမှ မရှိဘူး၊ လုပ်ခတွေကလည်း ပေးချင်သလိုပေးနေမယ်၊ ဥပဒေရဲ့ ကာကွယ် စောင့်ရှောက်မှုတွေကို မရကြဘူးဆိုရင် ထိုင်းအလုပ်ရှင်တွေနှင့် ထိုင်းအစိုးရကသာ အကျိုးရှိသွားပြီး၊ ရွှေ့ပြောင်း အလုပ်သမားတွေကတော့ လုပ်အားခေါင်းပုံဖြတ်ခံရမှုက ဆက်လက်ရှိသွား အုံးမှာဖြစ်တယ်။

မြန်မာစစ်အစိုးရအနေနဲ့ကတော့ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေအပေါ် ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးအရ အမြတ်ထုတ်သွားမှာဖြစ်တဲ့အတွက် မြန်မာစစ်အစိုးရမှာတော့ နိုင်ငံရေးအရ အကျိုးရှိသွားပြီး၊ ရွှေ့ပြောင်းအလုပ်သမားတွေကတော့ ဆက်လက်ပြီး အပစ် ပယ်ခံ၊ အသုံးချခံ ဖြစ်နေရအုံးမှာဖြစ်ပါတယ်။

နိဂုံးချုပ်ပြောရမယ်ဆိုရင် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေဟာ ထိုင်းအစိုးရရဲ့ လုပ်အားခေါင်းပုံဖြတ်မှုတွေ ဆက်လက်ရှိသွားမယ်၊ မြန်မာစစ်အစိုးရရဲ့ အပစ်ပယ်ခံ၊ အသုံး ချခံရမှုတွေ ဆက်လက်ရှိနေအုံးမယ်ဆိုရင် အဲဒီ အစိုးရတွေအပေါ်မှာ ယုံကြည်မှုတွေကင်းမဲ့ပြီး

ရွှေ့ပြောင်းအလုပ်သမားထုရဲ့ ခံစားချက်တွေဟာ နောက်ဆုံးမှာ ပေါက်ကွဲလာလိမ့်မယ်လို့ ကျမအနေနဲ့ သုံးသပ်မိပါတယ်။

**မဇင်မာသက်**

အခုလို ဆွေးနွေးသုံးသပ်ပေးသွားတဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ မစုလှိုင်ထွန်းနှင့် အလုပ်သမားအရေးကို ကွင်းဆင်းကူညီဆောင်ရွက်ပေးနေသူ ကိုဇော်ထွန်းတို့ကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။

*(မှတ်ချက်။ ။ ၃၀၊ ၇၊ ၂၀၀၉ နေ့တွင် မြန်မာနိုင်ငံရှေ့နေများ ကောင်စီရုံး၌ ပြုလုပ်သော ဆွေးနွေးပွဲစကားဝိုင်းမှ ပြန်လည်တင်ပြခြင်းဖြစ်သည်။)*

# စာပဒေသာ

## ဥပဒေ၊ နိုင်ငံနှင့် အချုပ်အခြာအာဏာတို့၏ ဆက်စပ်မှု

လွှေပိုးစပေး

ဥပဒေ၊ နိုင်ငံနှင့် အချုပ်အခြာအာဏာတို့၏ ဆက်စပ်ပုံကို လေ့လာမည်ဆိုပါက ၎င်းတို့သည် တစ်ခုနှင့် တစ်ခု အပြန်အလှန်မှီခို အားထားနေကြသည် ဥပဒေတစ်ခု ထုတ်ဆင့်ရာတွင် နိုင်ငံအတွင်းရှိ လူများကို လိုက်နာစေရန်ဖြစ်သည်။ ဥပဒေ တစ်ခု ထုတ်ဆင့်ရာတွင် နိုင်ငံအတွင်ရှိများကို လိုက်နာစေရန်ဖြစ်၍ ထိုဥပဒေကို ထုတ်ဆင့်နိုင်သည့်နေရာသည် နိုင်ငံအတွင်းရှိ အချုပ်အခြာအာဏာပိုင်သော သူများကသာ ထုတ်ဆင့်နိုင်ပြီး နိုင်ငံ၏ လိုအပ်ချက်များကိုလည်း အကောင်အထည် ဖော်ဆောင်ရမည့်တာဝန်ရှိသည်။ ဆိုလိုရင်းမှာ နိုင်ငံအတွင်း "လူ" ရှိမှသာ ဥပဒေများကို ထုတ်ဆင့်နိုင်သလို ဥပဒေများရေဆွဲပြဋ္ဌာန်းနိုင်သူမှာလည်း နိုင်ငံအတွင်းရှိ အချုပ်အခြာအာဏာ ပိုင်သူများကသာ ရေဆွဲပြဋ္ဌာန်းနိုင်သည်။

သို့ရာတွင် "ဥပဒေ" ဟု ဆိုသော စကားရပ်ကို အဓိပ္ပါယ် တိတိကျကျ သတ်မှတ်ရန် မလွယ်ကူနိုင်ပေ။ "ဥပဒေ" ကို သုတေသနပြုကြသောဆရာများ၏ ယူဆချက်များလည်း အမျိုးမျို ကွဲလွဲနေကြသည်။ မည်သို့ပင် ကွဲလွဲစေကာမူ ၎င်းတို့၏ ဘုံတူညီချက် အယူအဆများကို လေ့လာပြီးမှသာ ဥပဒေသည် မည်သို့ မည်ပုံရှိကြောင်းကို သိရှိနိုင်မည် ဖြစ်သည်။ "ဥပဒေ" ဆိုသောစကားရပ်ကို သတ်မှတ်ရာတွင် "ဂျွန်အော်စတင်" က "ဥပဒေ ဆိုသည်မှာ လူသားတို့မလိုက်နာလျှင် မနေရသည့် အမိန့်ဖြစ်၍ ယင်းအမိန့် မဟုတ်သော ဥပဒေသည် ဥပဒေဟုခေါ်သော်လည်း အမှန်စင်စစ် ဥပဒေစစ်စစ်မဟုတ်"ဟု ဆိုထားလေသည်။ ဆက်လက်ပြီး "အော်စတင်"က ဥပဒေကို ဖွင့်ဆိုရာတွင် " Law is the aggregate of rules set by men as politically superior, of sovereign, to men as politically subject." In other words, law is the command of the the sovereign. It imposes a duty and is backed by a sanction. Command, duty and sanction are three elements of law.

နိုင်ငံ၏ အမိန့်နှင့် အတင်းအကျပ်ပြုခြင်းဖြင့် တိုင်သူပြည်သားများက လိုက်မည်ဟု ဆိုခြင်းဖြစ်သည်။ တနည်းအားဖြင့် ဥပဒေဟူသည် လူသားများ၏ ပြင်ပလှုပ်ရှား ဆက်ဆံရေးများအတွက် နိုင်ငံရေးအရ အချုပ်အခြာအာဏာပိုင်သူက ပြုလုပ်ထားသည့် နည်းဥပဒေဖြစ်သည်ဟုဆိုသည်။ အချုပ်အခြာအာဏာပိုင်သူဟု ဆိုရာတွင် ပြည်တွင်းသာမက ပြည်ပ၌လည်း အချုပ်အခြာအာဏာပိုင်ရမည်။ ပြည်တွင်းနေထိုင်သူများက လေးစားလိုက်နာကြမည်။ မလိုက်နာပါက ပြစ်ဒဏ်ပေးအရေးယူရမည်" ဟုဆိုထားသည်ကို တွေ့ရပါမည်။ ဆိုလိုရင်းမှာ "ဥပဒေဆိုသည်မှာ နိုင်ငံအတွင်းရှိ တိုင်းသူပြည်သားများကို အတင်းအကျပ်လိုက်နာခိုင်းပြီး မလိုက်နာလျှင် အပြစ်ပေးအရေးယူခြင်းခံရမည်"ဟု ဆိုထား ခြင်းပင်ဖြစ်သည်။

"သမိုင်းကြောင်းဆိုင်ရာ ဂိုဏ်းကို ခေါင်းဆောင်သူ ဂျာမန်အမျိုးသား ပါမောက္ခ ဗွန်ဆာဗစ်နီ"က ဥပဒေဟူသည် ရှေးကျသော လူ့ဘောင်အဖွဲ့အစည်းများ၌ပင် လူတို့၏ ဘာသာစကား၊ အပြုအမူနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် တည်ရှိခဲ့သည်ဟု ဆိုထားပေသည်။ ပြောင်းလဲလာသော သမိုင်းစဉ်တလျှောက်တွင် လူအများကြားဝယ် ဥပဒေသည် သဘာဝဥပဒေသာဖြစ်ပြီး လူတို့၏အပြုအမူများပေါ်တွင် အခြေပြုထားသည့် ဓလေ့ထုံးတမ်းဖြစ် သည်" ဟု ဆိုထားပေသည်။ ဆိုလိုသည့်သဘောမှာ ဓလေ့ထုံးတမ်းသာ ဥပဒေဖြစ်ပြီး၊ ဥပဒေသည် နိုင်ငံ၏ အမိန့်မဟုတ်"ဟု ဆိုလိုခြင်းဖြစ်သည်။ ဥပဒေကို နှစ်မျိုးနှစ်စား ခွဲခြား ဖော်ပြခဲ့သည်။ ပြင်ပဥပဒေပြုမှုဖြင့် လိုက်နာရသော ဥပဒေများကို ပြင်ပဥပဒေဟု ခေါ်ဆိုပေသည်။ ပြင်ပဥပဒေပြုမှု မပါရှိပဲ ဆင်ခြင်မှုဖြင့် လိုက်နာရမည်ဟု အသိအမှတ်ပြုထားသော ဥပဒေများကို သဘာဝ ဥပဒေဟု ခေါ်ဆိုပေသည်။ ပြင်ပဥပဒေပြုမှုဖြင့်သာ လိုက်နာရန် ပြုလုပ်ထားသော ဥပဒေများကို ပြုလုပ်ပြဋ္ဌာန်းဥပဒေများ"ဟူ၍ ကန့်က ဆိုခဲ့လေသည်။

အင်္ဂလန်နိုင်ငံမှ ဥပဒေပညာရှင် ဆယ်လ်မွန် ကလည်း "ဥပဒေဆိုသည်မှာ တရားစီရင်ရေးအတွက် တရားရုံးက လိုက်နာရန်ရည်ရွယ်ထားသော စည်းကမ်းချက်များဖြစ်၍ နိုင်ငံသို့မဟုတ် အာဏာပိုင်က အသိအမှတ်ပြုထားသော သဘောတရားစုဖြစ်သည်ဟု ဆိုထားသည်ကို တွေ့ရပေမည်။ ဥပဒေနှင့် ပတ်သက်၍ ပညာရှင်များက မည်သို့ပင် ဥပဒေ၏ အဓိပ္ပါယ်ကို သတ်မှတ်စေကာမူ ဥပဒေ၏ ရည်ရွယ်ချက်မှာ နိုင်ငံအတွင်းရှိ တိုင်းသူပြည်သားများသည် နိုင်ငံအတွင်း စည်းကမ်းရှိရှိ နေထိုင်နိုင်ရန် လူ့အဖွဲ့အစည်းအတွင်း ဥပဒေစိုးမိုးရေး ဆက်လက်ထွန်းကားရန်ဖြစ်သည်။ ထိုကြောင့် ဥပဒေသည် နိုင်ငံနှင့် တိုက်ရိုက်အပြန်အလှန် အကျိုးပြုနေကြသည်ကို တွေ့မြင်ရပါမည်။ နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းများ ပြောင်းလဲ တိုးတက်လာသည်နှင့်အမျှ ဥပဒေသည်လည်း ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်နိုင်ပါသည်။ ဥပမာအားဖြင့် ဘီစီ ၂၀၀၀ ခန့်က ဟာမူရာဘီဘုရင်၏ ကိုဓဥပဒေတွင် "မျက်လုံး တစ်လုံးဆုံးလျှင် မျက်လုံးတစ်လုံးခြင်း၊ သွားတစ်ချောင်းဆုံးလျှင် သွားတစ်ချောင်းခြင်း"ဆိုသည့် ဥပဒေနှင့် အေဒီ (၂၁) ရာစု၏ ဥပဒေကို နှိုင်းယှဉ်လျှင် ဥပဒေသည် ခေတ်၏ရေစီးကြောင်းနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲလာသည်ကို သိရှိနိုင်သည်။ ၎င်းတို့၏ အနှစ်သာရသည် မည်သို့ပင် ခြားနားစေကာမူ ၎င်းတို့၏ရည်ရွယ်ချက်မှာ နိုင်ငံအတွင်းရှိ တိုင်းသူပြည်သားများ ငြိမ်းချမ်းရေး၊ တရားမျှတရေးအတွက် ဦးတည်နေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဥပဒေသည် နိုင်ငံအတွင်းရှိ တိုင်းသူပြည်သားများအတွက်ဖြစ်ပြီး၊ ထိုဥပဒေကို ရေးဆွဲနိုင်သူများမှာ နိုင်ငံအတွင်းရှိ အချုပ်အခြာအာဏာသူပိုင်သူများကသာ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းဖြစ်သည်။ ထိုကြောင့် ဥပဒေကို ဖော်ပြရာတွင်လည်း ဥပဒေသည် နိုင်ငံနှင့် အချုပ်အခြာအာဏာတို့နှင့် တိုက်ရိုက်ပတ်သက်မှုရှိပြီး အကျွမ်းဝင်ရင်နှီးကြသော သူငယ်ချင်းများဟု ဆိုနိုင်သည်။

ဥပဒေ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ပညာရှင်များ အဓိပ္ပါယ်အမျိုးမျိုး သတ်မှတ်ကြရာတွင် ရက်စ်ကိုပေါင်း ကဆိုထားသည်မှာ "Here are four purposes of law. The first purpose of law is to maintain law and order within a given society and that has to be done at any cost.

The second purpose of law is to maintain the status quo in society. The third purpose of law is to enable individuals to have maximum of freedom to assert themselves. The fourth purpose of law is the minimum satisfaction of the needs of the people.” ဟုဆိုထားသည်ကို တွေ့ရမည်။

“ဂျပ်စတစ်ဟိုမ်းစ်”၏ ပြောကြားချက်အရ “The object of law is not the punishment of sins but to prevent certain eternal results.” ဟုဆိုထားသည်။

“ဆာဗစ်နီ”၏ အဆိုကိုတင်ပြရလျှင် “the object of law is justice and law is those principles which are applied by the state in the administration of Justice.” ဟုဖွင့်ဆိုထားသည်ကို တွေ့ရပါမည်။

ဥပဒေ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အထက်ပါအတိုင်းဖော်ပြရာတွင် ဥပဒေသည် နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သည့် အရာဖြစ်သည်။

နိုင်ငံဟုဆိုရာတွင် “အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် နိုင်ငံတစ်နိုင်ငံဖြစ်ရန် လိုအပ်ချက်များမှာ–

(၁) သင့်တင့်မျှသော လူဦးရေရှိရမည်၊ သင့်တင့်မျှတသော လူဦးရေမရှိပါက နိုင်ငံဟူ၍လည်း ဖြစ်လာနိုင်မည်မဟုတ်ချေ။

(၂) သတ်မှတ်ထားသော နယ်မြေဧရိယာရှိရမည်၊ လှည့်လည်သွားလာနေသော သူတို့သည် နိုင်ငံကိုတည်ထောင်နိုင် မည်မဟုတ်ချေ။ လူတို့သည် နယ်မြေဧရိယာ တစ်ခုတွင် အတည်တကျ အခြေကျမှသာ နိုင်ငံကိုတည်ထောင်နိုင်မည်ဖြစ်သည်။

(၃) နိုင်ငံကို အုပ်ချုပ်မည့်အစိုးရရှိရမည်ဖြစ်သည်။ နိုင်ငံ၏ အုပ်ချုပ်မှုယန္တယားတစ်ခုလုံးလည်ပတ်နိုင်အောင်စီစဉ်ဆောင်ရွက်နိုင်မည့် တိကျသည့် အဖွဲ့အစည်းရှိမှသာ နိုင်ငံဖြစ်ပေါ်မည့် ဖြစ်သည်။

(၄) အချုပ်အခြာအာဏာပိုင်ရမည်ဖြစ်သည်။ အချုပ်အခြာအာဏာဟု ဆိုရာတွင် အာဏာကြီး (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ ဖြစ်သည်။

ဥပဒေနှင့် နိုင်ငံ၏ဆက်ဆံမှုကို ကြည့်မည်ဆိုပါက နိုင်ငံရှိလျှင် ဥပဒေမရှိ၍ မဖြစ်သလို၊ ဥပဒေပေါ်ပေါက်လာရသည့် အကြောင်းရင်းမှာလည်း နိုင်ငံအတွင်းရှိ တိုင်းသူပြည်သားများအကြားတွင် တရားမျှတရေးကို ဖော်ဆောင်ပေးလိုခြင်းဖြစ်သည်။ သို့ရာတွင် ဥပဒေများ ပြဋ္ဌာန်းရာတွင်ဖြစ်စေ၊ တိုင်းသူပြည်သားများ ထိုဥပဒေကို လိုက်နာစေရန် လုပ်ဆောင်ရာတွင် ဖြစ်စေ၊ အချုပ်အခြာ အာဏာပိုင်ဆိုင်သူများကသာ လုပ်ဆောင်နိုင်ကြောင်းကို တွေ့ရသည်။ လူ့အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူအုပ်စုတစ်စုက အချုပ်အခြာအာဏာများကို ပိုင်ဆိုင်နိုင်အောင်လည်း နိုင်ငံကလုပ်ဆောင်ပေးခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။ ဥပဒေနှင့် နိုင်ငံတို့၏ ဆက်စပ်မှုရှိပုံ သဘောတရားကို နည်း (၃) နည်းဖြင့် တွေ့မြင်နိုင်သည်။

၎င်းတို့မှာ–

(၁) နိုင်ငံသည် ဥပဒေကို အမိန့်ပေးစေခိုင်းနိုင်သည့်အပြင် ဥပဒေကိုလည်း ဖန်တီးနိုင်သည်ဟု ဆိုထားသည်၊

(၂) ဒုတိယ သဘောထားတရားအရ ဥပဒေသည် နိုင်ငံထက်ပို၍ အရေးကြီးပြီး ၎င်းနိုင်ငံကို ဥပဒေက စည်းနှောင်ထားသည်။

(၃) နိုင်ငံနှင့် ဥပဒေသည် တစ်ခုတည်းသာဖြစ်သည်။ တူညီကြသည်။ ဥပဒေနှင့် နိုင်ငံသည် တရားရေးဆိုင်ရာ အမိန့်ကို ညွှန်ပြခြင်းသာဖြစ်သည် ဟုဆိုထားသည်။

"ဂျွန်အော်စတင်"၏ အလိုအရ "Law as a command of the sovereign. Only the soverign has the power to make law and he himself is not bound by it. The subject people can't have any rights against the sovereign. Rules which have not been made by State are not law. International law is not law. Tt's merely "positive morality." Law is more important than the State and the State is bound by it." ဟု ဖွင့် ဆိုထားကြောင်းကို တွေ့မြင်ရပါသည်။

အချုပ်အခြာအာဏာဟုဆိုရာတွင် အာဏာကြီး (၃) ရပ်ဖြစ်ကြသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး တို့သည် နိုင်ငံမရှိဘဲနှင့် ထိုအချုပ်အခြာအာဏာကြီး (၃) ရပ်မှာလည်း ရှိလာနိုင်မည်မဟုတ်ပေ။ နိုင်ငံရှိ၍သာ ထိုအာဏာကြီး (၃)ရပ်နှင့် ဥပဒေတို့ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

ဥပဒေကို ဖော်ပြရာတွင် ဥပဒေသည်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ နိုင်ငံရှိ၍သော ထို ဥပဒေပေါ်ပေါက်လာရခြင်းပင်ပြီး ထို ဥပဒေနှင့် နိုင်ငံတို့ စနစ်တကျဖြစ်ရန်နှင့် နိုင်ငံတစ်ခုလုံး၏ အုပ်ချုပ်မှု ယန္တယားတစ်ခုလုံး လည်ပတ်နိုင်အောင်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်သော အစိုးရကသာ အကောင်အထည်ဖော်ဆောင်နိုင်ကြောင်းကို တွေ့ရပေမည်။ ထို့ကြောင့် ဥပဒေအကြောင်းကိုပြောရာတွင်လည်း နိုင်ငံနှင့် အချုပ်အခြာအာဏာတို့ မပါမဖြစ်ပါနေကြောင်းကို တွေ့ရပါမည်။ တဖန် နိုင်ငံ အကြောင်းကို ဆွေးနွေးရာတွင် ဥပဒေနှင့် အချုပ်အခြာအာဏာတို့ စည်းစနစ်တကျ၊ စည်းကမ်းရှိရှိဖြစ်ရန် ဥပဒေက ထိန်းချုပ်ထားကြောင်းကို တွေ့ရပါမည်။

နိဂုံးချုပ်အားဖြင့် ဥပဒေ၊ နိုင်ငံနှင့် အချုပ်အခြာအာဏာတို့၏ ဆက်စပ်မှုသည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရအောင် အပြန်အလှန်လိုအပ်နေသည့်အပြင် အပြန်အလှန် အကျိုးပြုနေကြသည့် ညီရင်းအစ်ကိုဟု ခေါ်တွင်မည်ဆိုပါကလည်း မမှားနိုင်ကြောင်းကို တွေ့ရှိရပေလိမ့်မည်ဖြစ်သည်။

## စာစောင်မှာယူခြင်း

သို့
တာဝန်ခံ
ရုံးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
လက်မှတ် ________________
အမည် ________________
ရက်စွဲ ________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)
________________________

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊
________________________

မှာယူလိုသည့်စာအုပ်အရေအတွက် ( ___ )အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် ( ___ )၊ အုပ်ရေ ( ___ ) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ
________________________
________________________

ဤနေရာမှ ဖြတ်ပါ။

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက်
အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။